# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဘုရားဂုဏ်ကို အာရုံပြု၍**
**ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၁၄၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အကြိမ်(၅၀)မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အကြိမ်(၅၀)မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ဆေးသုတေသနဦးစီးဌာန အမှတ်(၅) ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ဗီဒီယိုကွန်ဖရင့်စနစ်(Virtual) ဖြင့် ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ အဖွင့်အမှာစကား ပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်အမှာစကားကို စာမျက်နှာ - ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လမ်းညွှန်မှာကြားထားသော

*စာမျက်နှာ ၄ ကော်လံ ၁* ❐






**အမှာစကား ပြောကြား**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြိမ်(၅၀) မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ Video Message ပေးပို့၍ အဖွင့်အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

မြန်မာ့အလင်း

# လူငယ်နှင့် အမျိုးသားယဉ်ကျေးမှု

ယဉ်ကျေးမှုဟူသည် လူမျိုးတို့၏ ဝိသေသလက္ခဏာများပင် ဖြစ်ပြီး နှစ်ပရိစ္ဆေဒ များစွာကပင် တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ထွန်းလာခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခုတွင် မိမိတို့ ရှင်သန်တည်ရှိရာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်နိုင်ရန် အစီအစဉ်တကျ လမ်းညွှန်မှုများလည်း ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခုက ဖန်တီးထုတ်လုပ်ထားသည့် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုများက ၎င်းတို့အဖွဲ့အစည်း၏ ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်နိုင်သည်။

မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာက ပြဋ္ဌာန်းထားသည့် အဆုံးအမ လမ်းညွှန်မှုများပေါ်တွင် အခြေခံသည်။ မြန်မာနိုင်ငံ ကိုလိုနီလက်အောက် မကျရောက်မီက မြန်မာ့ပညာရေးသည် ရဟန်းသံဃာတော်များက သင်ကြားပေးသည့် စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာများဖြစ်ပြီး ယဉ်ကျေးမှု၊ လူ့ကျင့်ဝတ်နှင့် စာရိတ္တ၊ ဝါရိတ္တ တို့ကို ငယ်စဉ်ကပင် သင်ယူကျင့်သုံးခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်သည့်အလျောက် ကိုယ်ကျင့်တရားလည်း မြင့်မားကြသည်။ ရတနာပုံခေတ်က မန္တလေးနေပြည်တော်သို့ ရောက်လာသည့် အိန္ဒိယမှ အထည်အလိပ်ကုန်သည်ကြီးတစ်ဦး ရှမ်းပြည်သို့ ကုန်ကူးခဲ့ရာ လမ်းခရီးတစ်နေရာ ဇရပ်တစ်ခုတွင် နားနေစဉ် စလွယ်သိုင်းအိတ်ကြီးဖြင့် ထည့်ထားသော ငွေများ ဇရပ်တိုင်တွင် ချိတ်လျက် မေ့ကျန်ခဲ့သည်။ လမ်းခရီးအတော်လွန်အောင် ဆက်သွားပြီးမှ သတိရခဲ့ရာ လမ်းပြဒေသခံတို့က ရှေ့သို့သာ ခရီးဆက်ရန်နှင့် ငွေအိတ်လည်း မပျောက်မရ ပြန်ရမည်သာ ဖြစ်ကြောင်း ပြော၍ စိတ်တထင့်ထင့်နှင့် ခရီးဆက်ခဲ့သည်။ အပြန်ခရီးတွင် ငွေအိတ်ကို ဇရပ်တိုင်တွင်ချိတ်လျက် လက်ရာခြေရာမပျက် ပြန်လည်ရရှိခဲ့သည်။ အဆိုပါဇရပ်တွင် အမှိုက်များလှည်းကျင်းသန့်ရှင်းပေးနေသူကို တွေ့သဖြင့် ငွေအိတ်ကို မမြင်ဘူးလားဟု မေးခဲ့ရာ ထိုသူက မြင်တွေ့ပါကြောင်း၊ မိမိပိုင်ပစ္စည်းမဟုတ်၍ မယူကြောင်း ပြန်ပြောသဖြင့် အံ့သြခဲ့ရကြောင်း စာပေမှတ်တမ်းဖြင့် ရေးသားခဲ့ဖူးသည်။

ယနေ့ မျက်မှောက်ကာလတွင် ယဉ်ကျေးမှုနယ်ပယ်ကို ဘက်ပေါင်းစုံမှ တိုက်ခိုက်မှုများ ပြင်းထန်လာသည်။ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ အဟောင်းအမြင်းအဆွေးအမြည့်ဖက်တွယ်မှုများ၊ ခေတ်မမီဘဲ အမြင်ကျဉ်းမြောင်းမှုများ၊ တိုးတက်ပွင့်လင်းခြင်းကို လက်မခံမှုများအဖြစ် တစ်ဖက်သတ် ပုံဖော်ပြီး ရိုးရာယဉ်ကျေးမှုကို ဖြိုဖျက်နေကြခြင်းဖြစ်သည်။ အထူးသဖြင့် လူငယ်ထုအတွင်း မိမိတို့ လူ့အဖွဲ့အစည်း၏ တန်ဖိုးများအပေါ် တလွဲရှုမြင်လာစေရန်၊ တန်ဖိုးမထားရန်၊ ဆန့်ကျင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အစီအစဉ်တကျ ပြုလုပ်နေသည့် ခြေရာလက်ရာများစွာတို့ကို တွေ့မြင်ရသည်။

စင်စစ်ယဉ်ကျေးမှုက လူ့အဖွဲ့အစည်းတိုင်းတွင်ရှိသည်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုတို့ ကိုယ်စီရှိကြသည်။ ယဉ်ကျေးမှုနှုန်းစံများနှင့် တန်ဖိုးထားမှုများ ခေတ်ကာလအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲတတ်သည့် သဘာဝရှိသော်လည်း ကိုယ်ပိုင်အမှတ်အသား သရုပ်လက္ခဏာများကို အပြီးတိုင် စွန့်ပယ်လိုက်၍မရ။ ခေတ်ကာလများ ပြောင်းလဲသည်နှင့်အမျှ အမျိုးသားယဉ်ကျေးမှုတို့လည်း မြင့်တက်လာရမည်သာဖြစ်သည်။ မိမိတို့၏ ကိုယ်ပိုင်ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုတို့ကို ပို၍ ပို၍ မြင့်မားအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းတို့သည် အခြားလူ့အဖွဲ့အစည်းတို့၏ ယဉ်ကျေးမှုကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ နှိမ်ချခြင်းမဟုတ်။

မြန်မာ့ယဉ်ကျေးမှု ရှင်သန်ထွန်းကားရေးသည် မြန်မာလူငယ်တို့၏ လက်ထဲတွင်သာ ရှိသည်။ အမျိုးသားယဉ်ကျေးမှုဟူသည် ပျောက်ကွယ်သွား၍မရ။ ယဉ်ကျေးမှုပျောက်ပါက အရိုင်းဘဝသို့ ရောက်သွားမည်သာ ဖြစ်သည်။ လူမျိုး၏ ဂုဏ်သိက္ခာ၊ အမျိုးသားစရိုက်လက္ခဏာအတွက် အမျိုးသားယဉ်ကျေးမှု ခိုင်မာစေရမည်။ မြန်မာ့ရေမြေတွင် ပေါ်ပေါက်ဖြစ်ထွန်းခဲ့ပြီးဖြစ်သော တိုင်းရင်းသားများအားလုံး၏ ပေါ်ကြွယ်ဝလှသည့် ရိုးရာဓလေ့ ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ရှင်သန်ထွန်းကားရေး မြှင့်တင်ပေးကြရန်မှာ မျိုးဆက်သစ်တို့၏ တာဝန်ပင် ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဟန်စိုး ကို ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

# နိုင်ဂျီးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မစ္စတာ အိုဗီကူရိုမာ အို ဂျေဘာ အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အိုဗီကူရိုမာ အို ဂျေဘာ သည် ကဇာတ်ပညာဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို နိုင်ဂျီးရီးယားနိုင်ငံ၊ ကာလာဘာတက္ကသိုလ်မှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဒီပလိုမေစီဘာသာရပ်ဖြင့် မဟာဘွဲ့ကို နိုင်ဂျီးရီးယားနိုင်ငံ၊ လေးဂို့စ်တက္ကသိုလ်မှ လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ စာနယ်ဇင်းပညာသာသာရပ်ဖြင့် မဟာဘွဲ့ကို ဆွီဒင်နိုင်ငံ၊ အော်ရီဘရိုတက္ကသိုလ်မှလည်းကောင်း အသီးသီး ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း နိုင်ဂျီးရီးယားနိုင်ငံ၏ အက်ကွာအီဘွန်ပြည်နယ် သတင်းစာကော်ပိုရေးရှင်း၌ လည်းကောင်း၊ ကလပ်စစ်မဂ္ဂဇင်း၌ သတင်းထောက်အဖြစ်လည်းကောင်း၊ နယူးစ်အန်န်တန်ပိုမဂ္ဂဇင်း၌ အကြီးတန်းသတင်းထောက်အဖြစ် လည်းကောင်း၊ ဂါဒီယန် သတင်းစာ၌ စီးပွားရေး၊ နိုင်ငံရေးနှင့် ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ သတင်းများရေးသားသည့် သတင်းထောက်အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လအထိ သစ်စ် ဒေး သတင်းစာ၌ သတင်းတည်းဖြတ်သူနှင့် တည်းဖြတ်သူများ ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်၊ ဩဂုတ်လတွင် နိုင်ဂျီးရီးယား ဖက်ဒရယ်သမ္မတနိုင်ငံ၊ ဒယ်လ်တာပြည်နယ် အစိုးရအဖွဲ့တွင် သတင်းအချက်အလက်ဆိုင်ရာ ဂုဏ်ထူးဆောင်ကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဒယ်လ်တာပြည်နယ် အုပ်ချုပ်ရေးမှူး၏ နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ အဆင့်မြင့် အကြံပေးအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် နယူးဒီပလိုမက်သတင်းစာ၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၎င်း သည် ၂၀၂၁ ခုနှစ်၊ ဇွန်လမှစတင်၍ ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ် ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အိုဗီကူရိုမာ အို ဂျေဘာ သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး၊ သားသမီး နှစ်ဦး ရှိသည်။

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလေ့ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အပြစ်မဲ့ပြည်သူများအား အသက်တစ်ချောင်းငွေငါးသောင်းဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သော ဖမ်းဆီးရမိ တရားခံများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း”** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“သထုံမြို့မဈေးအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲမှုကြောင့် ဈေးရောင်း/ဈေးဝယ် ပြုလုပ်နေကြသည့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဈေးဆိုင်ခန်းအများအပြား ပျက်စီးဆုံးရှုံးခဲ့မှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင် ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ မနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းတို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၁-၂-၂၀၂၂) ညနေ ၆ နာရီအထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti thrombosis | | | | |
| 1 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 2 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 3 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 4 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 5 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |

| | | | | |
|---|---|---|---|---|
| Supportive | | | | |
| 6 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 7 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 8 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 9 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 10 | Injection Pantocid | 1g/Vial | 1500 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “အကြိမ် (၅၀)မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ” ဖွင့်ပွဲအခမ်းအနားသို့ ပေးပို့ပြောကြားသည့် အမှာစကား

**အားလုံးမင်္ဂလာပါ–**

ဒီနေ့ကျင်းပပြုလုပ်တဲ့ “အကြိမ်(၅၀)မြောက် ရွှေရတု အထိမ်းအမှတ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို နှစ်စဉ်ကျင်းပလာခဲ့တာ ယခုအခါ ရွှေရတုအဖြစ် အကြိမ်(၅၀)တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ၁၉၆၅ ခုနှစ်မှာ ပထမအကြိမ် ညီလာခံကို စတင်ကျင်းပနိုင်ခဲ့ပြီး အချို့သောနှစ်တွေမှာ ကျင်းပမှုမပြုနိုင်ခဲ့တဲ့အတွက် ယခုနှစ်မှာ အကြိမ်(၅၀)မြောက် ရွှေရတုအဖြစ် ကျင်းပနိုင်တာဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။

ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေချိန်မှာ ယခုညီလာခံကို ကျင်းပပြုလုပ်ရတာဖြစ်တဲ့အတွက် Virtual Conference ပုံစံနဲ့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးအနေနဲ့ လုပ်ငန်းတာဝန်များ ခွဲခြားသတ်မှတ်ပြီး လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီများ ဖွဲ့စည်းကာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတာလို့ သိရှိရပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနတွေကနေ ပေါ်ထွက်လာတဲ့ ခိုင်မာတိကျတဲ့ ရလဒ်အခြေပြု သုတေသနတွေ့ရှိချက် (Evidence–based research finding) များဟာ မိမိတို့နိုင်ငံရဲ့ ခေတ်စနစ်နဲ့ ကိုက်ညီသင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ်ရာမှာ လည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက် အကျိုးရှိစေရေးအတွက် လည်းကောင်း၊ မိမိတို့နိုင်ငံမှာ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ရရှိစေရေး လုပ်ငန်းစဉ်ဖော်ဆောင်ရာမှာလည်းကောင်း များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

မိမိတို့နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းက (၆၇.၄၂) နှစ်ခန့်သာ ရှိနေတာမို့ ဒေသတွင်းနိုင်ငံများနဲ့ နှိုင်းယှဉ်ရင် နိမ့်ကျလျက်ရှိပါတယ်။ ဒီအခြေအနေနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းများကို သုတေသနလုပ်ငန်းတွေနဲ့ ရှာဖွေဖော်ထုတ်ပြီး မိမိတို့နိုင်ငံအတွက် အရေးတကြီး လိုအပ်တဲ့၊ ခေတ်စနစ်နဲ့ကိုက်ညီတဲ့ နိုင်ငံတော်အဆင့် ကျန်းမာရေးဆိုင်ရာမူဝါဒများ ပေါ်ထွက်လာအောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေရဲ့ အားနည်းချက်၊ အားသာချက်များကို အချိန်နဲ့တစ်ပြေးညီ ရှာဖွေဖော်ထုတ်ပြီး ဝန်ကြီးဌာနနဲ့ နိုင်ငံတော်ကို အထောက်အကူပြုနိုင်အောင် ဆောင်ရွက်ခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစနစ် ပေါ်ထွန်းအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယခုကဲ့သို့ ကျန်းမာရေးသုတေသနညီလာခံများ ကျင်းပပြုလုပ်ခြင်း၊ သုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲများ ပြုလုပ်ခြင်းနဲ့ သုတေသနတွေ့ရှိမှုတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ပြည်သူများသိရှိစေဖို့ ပုံမှန်ထုတ်ပြန်ပေးခြင်းလုပ်ငန်းတွေကိုလည်း ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။



ထို့အတူ ကိုဗစ်–၁၉ ရောဂါကဲ့သို့ ကူးစက်တတ်တဲ့ ရောဂါတွေ၊ ဆီးချို၊ သွေးတိုး၊ ကင်ဆာစတဲ့ မကူးစက်တတ်တဲ့ နာတာရှည်ရောဂါတွေနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကိုလည်း နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အထူးသဖြင့် မိမိတို့ပြည်သူများ အခြေခံကျန်းမာရေး ကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ဖို့အတွက် လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနများစွာ တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူများသိရှိစေရေး နည်းလမ်းပေါင်းစုံအသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရမှာဖြစ်ပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကျန်းမာရေးဝန်ကြီးဌာနရှိ ဆေးနဲ့ဆေးနှီးနွှယ်တက္ကသိုလ်များ၊ ဆေးရုံများ၊ ရောဂါတိုက်ဖျက်ရေး စီမံချက်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနဲ့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့လည်း လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဆေးနဲ့ဆေးနှီးနွှယ်တက္ကသိုလ်များရဲ့ သုတေသန ဆောင်ရွက်နိုင်မှုစွမ်းရည်ကို ပိုမိုမြှင့်တင်နိုင်ရေး အလေးထားပူးပေါင်း ဆောင်ရွက်ပေးဖို့ မှာကြားလိုပါတယ်။

တိုင်းရင်းဆေးပညာနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချသုတေသနတွေကတစ်ဆင့် ပြည်သူများလက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်များ နိုင်ငံတကာအထိ ထိုးဖောက်နိုင်ရေးအတွက် တိကျခိုင်မာတဲ့၊ သုတေသနပြုထားတဲ့ အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးကို အသုံးပြုပြီး ကိုဗစ်–၁၉ ရောဂါကို ကာကွယ်ကုသနိုင်ဖို့အတွက် သုတေသနဆောင်ရွက်လျက်ရှိတဲ့နေရာမှာ တိုးတက်မှုတွေ ရရှိနေကြောင်း သိရှိရပါတယ်။ ဒီလိုသုတေသနပြုလုပ်ပြီး တိကျခိုင်မာတဲ့ အချက်အလက်တွေပေါ်ထွက်လာခဲ့ရင် တိုင်းရင်းဆေးကို အသုံးပြုပြီး ကိုဗစ်–၁၉ ရောဂါကို ကာကွယ်ကုသနိုင်မှာဖြစ်ပြီး မိမိတို့ပြည်သူများအတွက် များစွာအကျိုးရှိမှာ ဖြစ်ပါတယ်။

တိကျမှန်ကန်တဲ့ သုတေသနရလဒ်များအပေါ်မူတည်ပြီး ရလဒ်အခြေပြုမူဝါဒများ ရေးဆွဲခြင်း (Evidence–based Policy Making)၊ ကျန်းမာရေးစီမံချက်များ ရေးဆွဲခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ရတဲ့အတွက် သုတေသနလုပ်ငန်းတွေ ဆောင်ရွက်နေကြတဲ့ သုတေသီများ ကိုယ်တိုင်ကလည်း မိမိတို့သုတေသနရလဒ်များရဲ့ အရေးပါပုံကို သေချာစွာ သိရှိနားလည်ပြီး သုတေသနကျင့်ဝတ်များကို တိကျစွာ လိုက်နာဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာလည်း အမြဲမပြတ် သတိပြုရမှာဖြစ်ပါတယ်။ ဒါကြောင့် သုတေသနကျင့်ဝတ်များနဲ့ ပတ်သက်လို့လည်း စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြဖို့ ပြောကြားလိုပါတယ်။ မိမိတို့နိုင်ငံမှာ အရာရာကို လေ့လာစူးစမ်း သုတေသနပြုလုပ်ပြီး ရရှိလာတဲ့ သုတေသနရလဒ်များအပေါ်မှာ အခြေခံထားတဲ့ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ၊ ပညာရှင်တွေများစွာ ပေါ်ထွက်လာအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်၊ မတ်လ(၂၃)ရက်နေ့မှာ ကိုဗစ်–၁၉ ရောဂါပိုး မြန်မာနိုင်ငံကို စတင်ရောက်ရှိချိန်မှစပြီး ဆေးသုတေသနဦးစီးဌာနအနေနဲ့ ကိုဗစ်–၁၉ ရောဂါ ဗိုင်းရပ်စ်ပိုးရဲ့ မျိုးရိုးဗီဇ အစီအစဉ်တစ်ခုလုံးကို လေ့လာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ယခုအခါ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ကိုဗစ်–၁၉ ရောဂါပိုးရဲ့ မျိုးရိုးဗီဇပြောင်းလဲမှုအဆင့်ဆင့်ကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးမှတ်တမ်းတင်ထားနိုင်ခဲ့ကြောင်း သိရပါတယ်။ အခုနောက်ဆုံးပေါ်ပေါက်လာတဲ့ ကိုဗစ်–၁၉ မျိုးဗီဇပြောင်း မျိုးကွဲ အိုမီခရွန်နဲ့ ပတ်သက်လို့လည်း ပိုမိုသိရှိနိုင်ဖို့အတွက် သုတေသနပညာရှင်များအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

နှစ် (၅၀) ရွှေရတုခရီးလမ်းမှာ အောင်မြင်မှုများအနေနဲ့ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနမှတ်ပုံတင်ခြင်း (Myanmar Health Research Registry) online website ကို ထူထောင်နိုင်ပြီး ကျန်းမာရေးဆိုင်ရာ သုတေသနပေါင်း တစ်သောင်းကျော်ကို မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရပါတယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီများရဲ့ ကြိုးပမ်းမှုရလဒ်အဖြစ် ဆေးသုတေသနဦးစီးဌာနကို ငှက်ဖျားရောဂါတိုက်ဖျက်ရေးမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အသိအမှတ်ပြုစင်တာ (WHO Collaborating Centre)အဖြစ် (၂၀၀၃) ခုနှစ်မှာ အသိအမှတ်ပြုခံခဲ့ရပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ဒါ့အပြင် ဆေးသုတေသနဦးစီးဌာနအနေနဲ့ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့ ကိုရီးယားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး စက်မှုဝန်ကြီးဌာနကို နည်းပညာလွှဲပြောင်းပေးခဲ့ရာကနေ အဲဒီအချိန်ကစပြီး စက်မှုဝန်ကြီးဌာနအနေနဲ့ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးကို (၁၉၉၆) ခုနှစ်မှာ စတင်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ အရည်အသွေးပြည့်ဝကောင်းမွန်တဲ့ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနတွေကိုလည်း

*စာမျက်နှာ ၄ သို့*

> “ သုတေသနပြုလုပ်ခြင်းဟာ ရလဒ်ကောင်းများရရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်လို့ တွေ့ရှိချက်များအပေါ်မှာ အခြေခံပြီး မြန်မာနိုင်ငံရဲ့ အမျိုးသားကျန်းမာရေးကဏ္ဍမြင့်မားရေးမှာ ကျန်းမာရေးနဲ့ နီးနွှယ်တဲ့ ပုဂ္ဂိုလ်များအားလုံးက ကိုယ့်တိုင်းပြည်အတွက် ပြုလုပ်ခြင်းဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ ပူးပေါင်းလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ် ”

*စာမျက်နှာ ၃ မှ*

နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဆက်လက်ဆောင်ရွက်နေကြောင်းလည်း သိရှိရပါတယ်။

ယခု အကြိမ်(၅၀)မြောက် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ ဆောင်ပုဒ် (Congress Theme)က **"မျှဝေခံစားအသိတိုးပွား – ကိုဗစ် တတိယလှိုင်း အတွေ့အကြုံများ"** (Response to COVID–19 in Myanmar : Reflections after the Third Wave) ဖြစ်တယ်လို့ သိရှိရပါတယ်။ ဒါကလည်း ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း နိုင်ငံတော်နဲ့ ပြည်သူများ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့လို့ အောင်မြင်မှုရလဒ်များရရှိခဲ့တဲ့ အတွေ့အကြုံအရ ပြည်သူတစ်ဦးချင်းစီအနေနဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ရေး အရေးကြီးပုံကို မီးမောင်းထိုးပြနိုင်ဖို့အတွက် ရည်ရွယ်ပြီး ညီလာခံဆောင်ပုဒ်ကို ရွေးချယ်ခဲ့တာလို့ သိရပါတယ်။

**နိဂုံးချုပ်အနေနဲ့–**

ယခုလို သုတေသနညီလာခံတွေ ကျင်းပခြင်းဖြင့် လူငယ်တွေမှာ စူးစမ်းလေ့လာသုတေသနပြုလိုတဲ့ Research culture ကို ပြုစုပျိုးထောင်ပေးသွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အကျိုးရှိစေမယ့် ကျန်းမာရေးသုတေသနလုပ်ငန်းတွေကို ရေတို၊ ရေရှည်ပန်းတိုင်များ ချမှတ်ဆောင်ရွက်သွားကြဖို့ မှာကြားလိုပါတယ်။ နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပြီးရရှိလာတဲ့ သုတေသနရလဒ်တွေကို စနစ်တကျ မှတ်တမ်းတင်ထားရှိပြီးတော့ နိုင်ငံတကာအသိအမှတ်ပြု ဂျာနယ်များ၊ စာစောင်များထုတ်ဝေပြီး နိုင်ငံတော်ရဲ့ ကျန်းမာရေးသုတေသန အဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်ပေးကြပါ။

အလားတူ ပြည်သူများ ဆေးကုသမှုခံယူတဲ့အခါမှာ စိတ်အေးချမ်းသာစွာနဲ့ ဘေးကင်းလုံခြုံစိတ်ချရပြီး အရည်အသွေးပြည့်ဝတဲ့ ကုသစောင့်ရှောက်မှုများ ရရှိနိုင်ရေးအတွက် ကုသရေးဆိုင်ရာနဲ့ ဆေးရုံစီမံ/အုပ်ချုပ်မှုဆိုင်ရာ လက်တွေ့အသုံးချသုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးသွားဖို့လည်း မှာကြားလိုပါတယ်။

**သုတေသနပြုလုပ်ခြင်းဟာ ရလဒ်ကောင်းများရရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်လို့ တွေ့ရှိချက်များအပေါ်မှာ အခြေခံပြီး မြန်မာနိုင်ငံရဲ့ အမျိုးသားကျန်းမာရေးကဏ္ဍမြင့်မားရေးမှာ ကျန်းမာရေးနဲ့ နီးနွယ်တဲ့ ပုဂ္ဂိုလ်များအားလုံးက ကိုယ့်တိုင်းပြည်အတွက် ပြုလုပ်ခြင်းဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ ပူးပေါင်းလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။**

သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ (Research and Development)ဟာ ဆက်စပ်နေတာဖြစ်တဲ့အတွက်ကြောင့် မိမိတို့ အစိုးရအနေနဲ့ သုတေသနလုပ်ငန်းများကို အထူးအားပေးသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးသုတေသန လုပ်ငန်းတွေကတစ်ဆင့် မိမိတို့နိုင်ငံရဲ့ မျှော်မှန်းသက်တမ်း ယခုထက် ပိုမိုမြင့်မားလာစေရေးနဲ့ လူတိုင်းလက်လှမ်းမီပြီး အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို အားလုံးကိုယ်စီရရှိပြီးတော့ မိမိတို့နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ပိုမိုမြင့်မားလာစေဖို့ ယခုကျင်းပတဲ့ ညီလာခံကနေ အခြေခံအုတ်မြစ်ကောင်းများ ပေါ်ထွန်းလာစေဖို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

---

❒ *ရှေ့ဖုံးမှ*

ကျန်းမာရေးဝန်ထမ်းများအကြားတွင် သုတေသနယဉ်ကျေးမှု ပိုမိုပျံ့နှံ့ပွားများလာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် သုတေသီတို့သည် သုတေသနများလုပ်ဆောင်ရာတွင် သုတေသနကျင့်ဝတ်များနှင့်အညီ အလေးထား လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုတေသနညီလာခံများကို အစဉ်အလာမပျက် ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားလာစေရန်နှင့် သုတေသန တွေ့ရှိချက်များကို လက်တွေ့အသုံးချမည့် ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန် စသည့် ရည်ရွယ်ချက်ကောင်းများချမှတ်ကာ ကျင်းပခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကဏ္ဍကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ရွှေရတုအထိမ်းအမှတ်အဖြစ် ဆေးသုတေသနဦးစီးဌာန၏ လက်ဦးတည်ထောင်သူ ပါမောက္ခဒေါက်တာ မြတူနှင့် ပါမောက္ခဒေါက်တာအောင်သန်းဘတူတို့၏ ရုပ်တုကို ဖွင့်လှစ်ပေးစဉ်။**

### အလွန်အကျိုးရှိစေမည်

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ရောဂါတတိယလှိုင်းအား တိုက်ဖျက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ အလေးထားဆောင်ရွက်ခဲ့မှု၊ ပုဂ္ဂလိကကဏ္ဍများ၏ ပံ့ပိုးကူညီဆောင်ရွက်ခဲ့မှု၊ ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ ပိုမိုနားလည်သဘောပေါက်မှုများဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြမှုများကြောင့် ကျော်လွှားခဲ့နိုင်ခြင်းကို မီးမောင်းထိုးပြသနိုင်ရန်ရည်ရွယ်ကာ ယခုနှစ်သုတေသနညီလာခံ၏ အဓိကသုတေသန ဦးတည်ချက်ခေါင်းစဉ် (Theme) အဖြစ် "မျှဝေခံစား၊ အသိတိုးပွား၊ ကိုဗစ်တတိယလှိုင်းအတွေ့အကြုံများ (Response to COVID–19 in Myanmar: Reflection after the Third Wave)" ဟု သတ်မှတ်ထားခြင်းဖြစ်ပါကြောင်း၊ နှီးနှောဖလှယ်ပွဲတို့ကို သုတေသီများ၊ ကျွမ်းကျင်ပညာရှင်များပါဝင်လျက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြမည်ဖြစ်၍ ပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက်နှင့် ဆေးပညာလောကအတွက် အလွန်အကျိုးရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဆေးသုတေသနဦးစီးဌာနကို ပြုစုပျိုးထောင်ပေးခဲ့ကြသည့် အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၏ ရွှေရတုအထိမ်းအမှတ်ဂုဏ်ပြုစကား Video Clip များကို ပြသပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ရွှေရတုအထိမ်းအမှတ်အဖြစ် ဆေးသုတေသနဦးစီးဌာန၏ လက်ဦးတည်ထောင်သူ ပါမောက္ခဒေါက်တာမြတူနှင့် ပါမောက္ခဒေါက်တာ အောင်သန်းဘတူတို့၏ ရုပ်တုဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးသုတေသနပညာရှင်များ၊ စာတမ်းဖတ်ကြားမည့် အဓိကသုတေသီများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ ဗီဒီယိုကွန်ဖရင့်စနစ် (Virtual)ဖြင့် တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် အကြိမ်(၅၀) မြောက် ရွှေရတုအထိမ်းအမှတ် ကျန်းမာရေးသုတေသနညီလာခံအား ဆက်လက်ကျင်းပရာ "ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းအတွေ့အကြုံများ နှီးနှောဖလှယ်ပွဲ (Symposium on: Experiences encountered during the Third Wave of COVID–19 in Myanmar)" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး အဆိုပါပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ပါမောက္ခ ဒေါက်တာ စိုးလွင်ငြိမ်းတို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းတွင် ဆောင်ရွက်ခဲ့မှုများနှင့် အတွေ့အကြုံစာတမ်းများကို ကူးစက်ရောဂါဆိုင်ရာရှုထောင့်၊ ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာရှုထောင့်၊ ကုသရေးဆိုင်ရာရှုထောင့်နှင့် ဆေးရုံစီမံခန့်ခွဲမှုဆိုင်ရာ ရှုထောင့်အသီးသီးမှ တာဝန်ရှိသူများက တင်ပြခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

### ပေးအပ်ချီးမြှင့်

ညီလာခံကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကိုရီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ပညာရှင်များအပါအဝင် ပြည်တွင်း/ပြည်ပမှ သုတေသနပညာရှင်များ တက်ရောက်လျက်ရှိပြီး သုတေသနစာတမ်း ၆၉ စောင်၊ သုတေသနပိုစတာ ၂၇ စောင်တို့ကို တင်သွင်းဖတ်ကြားပြသမည်ဖြစ်သည်။ တင်သွင်းလာသည့် စာတမ်းများအနက်မှ အကောင်းဆုံးအခြေခံသုတေသန (Basic Research) စာတမ်းတစ်စောင်၊ အကောင်းဆုံးလက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းတစ်စောင်၊ အကောင်းဆုံး ကျန်းမာရေးစနစ်သုတေသန (Health Systems Research) စာတမ်းတစ်စောင်နှင့် ပိုစတာများမှ အကောင်းဆုံးပိုစတာတစ်စောင်စုစုပေါင်းလေးစောင်နှင့် လူငယ်သုတေသီဆုများလည်း ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ကျိုင်းတုံတပ်နယ်နှင့် မိုင်းဆတ်တပ်နယ်တို့၌ အောက်ဆီဂျင်စက်ရုံများနှင့် ကုသရေးစင်တာများ ပြင်ဆင်ထားရှိမှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့တွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ကျိုင်းတုံတပ်နယ်နှင့် မိုင်းဆတ်တပ်နယ်တို့၌ အောက်ဆီဂျင်စက်ရုံများ ပြင်ဆင်ထားရှိမှု၊ တပ်မတော်ဆေးရုံများနှင့် နယ်မြေခံ တပ်ရင်းများ၌ ကိုဗစ်–၁၉ ရောဂါပိုးတွေ့ အတည်ပြုလူနာများ ထားရှိရန် ကုသဆောင်များ ပြင်ဆင်ဆောင်ရွက် ထားရှိမှု အခြေအနေများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက အသီးသီး သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရသေ့တောင်မြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်း

**ရသေ့တောင် ဖေဖော်ဝါရီ ၂၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ရေး သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဦးစီးအရာရှိ ဦးပုချေက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူဖြစ်စေရေး ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းမှရရှိခဲ့သည့် အတွေ့အကြုံများကို အသက်မွေးဝမ်းကျောင်းအဖြစ် လက်တွေ့အသုံးချဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်မှ ၂၀ ရက်ထိ သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**အောင်စံထွန်း(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးမောင်းဟာ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးမောင်းဟာတို့သည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံအုပ်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများနှင့် အခက်အခဲများကြားမှ နိုင်ငံတော်တာဝန်အား ကျေပွန်စွာ ထမ်းဆောင်လိုစိတ်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်းနှင့် အခက်အခဲရှိပါက တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟားခါးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်ဝင်းက ဆေးရုံအတွက် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများ၊ အခြားအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မြင့်ဦးတို့က ဖြည့်စွက်တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့ဝင်များက ဆေးရုံဝန်ထမ်းနှင့် လူနာများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးမောင်းဟာ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တည်ဆောက်ဆဲ အောက်ဆီဂျင်စက်ရုံနှင့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးများဖြင့် အောက်ဆီဂျင်သိုလှောင်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးမောင်းဟာနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ရောက်ရှိပြီး ပြည်နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထိုမှတစ်ဆင့် ဟားခါးမြို့ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တ ဒေါက်တာ အရှင်တေဇောသာရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ရှိ နယ်မြေခံတပ်သို့ သွားရောက်ပြီး အရာရှိ၊ စစ်သည်၊ ရဲမေများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြား၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးမောင်းဟာတို့ ဟားခါးမြို့ တောင်တန်းသာသနာပြု ဆရာတော် ဘဒ္ဒန္တ ဒေါက်တာအရှင်တေဇောသာရအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဟားခါးမြို့ ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးမောင်းဟာတို့ အောက်ဆီဂျင်သိုလှောင်ထားမှုအခြေအနေကို ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆေးရုံဝန်ထမ်းနှင့် လူနာများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရဲတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးမောင်းဟာ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ





**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးမောင်းဟာ တို့သည် ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းတွင် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**အသိအမှတ်ပြု**

တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်တာဝန်များကို လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ရသည်မှာ တစ်နှစ်ကျော်ကာလသို့ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းအသိစိတ်ဓာတ်ဖြင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို တွေ့ရှိရသဖြင့် အသိအမှတ်ပြု အားပေးပါကြောင်း၊ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းအချင်းချင်း စည်းလုံး ညီညွတ်စွာ အကောင်းဆုံး ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်းဟာက အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**

**ရှင်းလင်းတင်ပြ**

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းနှင့် တာဝန်ရှိသူများက ချင်းပြည်နယ်၏ ဒေသဆိုင်ရာ အချက်အလက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လမ်းတံတားများ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်ဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ကြိုးပမ်းဆောင်ရွက်**

ရှင်းလင်း တင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားပါကြောင်း၊ စိုက်ကေများ တိုးချဲ့ဖော်ထုတ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေးနှင့် ရေရရှိရေး၊ နည်းစနစ်ကောင်းများဖြင့် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရန်လိုကြောင်း၊ ဒေသဝင်ငွေတိုးတက်ရရှိနိုင်ရေးအတွက် ဒေသအလိုက် ဝဥ၊ ထောပတ်၊ လိမ္မော်နှင့် ကော်ဖီများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ နွားနောက်မွေးမြူရာတွင် လွှတ်ကျောင်းစနစ်အစား ခြံလှောင်စနစ်ဖြင့် မွေးမြူနိုင်ရေးနှင့် ဒေသဝမ်းစာဖူလုံရေးအတွက် နွား၊ ဝက်၊ ကြက်၊ ငါးမွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုမွေးမြူထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုအဆင့်အတန်း မြှင့်တင်ရေး၊ ဒေသအသီးသီးရှိ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးနှင့် မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက် ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

**လိုက်လံနှုတ်ဆက်**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့က ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ပထမနေ့ပွဲစဉ် ပြိုင်ပွဲများဖြစ်သည့် ငါးဦးတွဲ အေရိုးဗစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

**အခမဲ့လာရောက်ကြည့်ရှုနိုင်**

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ငါးဦးတွဲ အေရိုးဗစ်ပြိုင်ပွဲ၊ သုံးဦးတွဲ အေရိုးဗစ်ပြိုင်ပွဲနှင့် တစ်ဦးချင်း အေရိုးဗစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဖေဖော်ဝါရီ ၂၂ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်း၊ အားကစားသမား ၁၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ရာ အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**





## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပွဲကို ယနေ့တွင် နေပြည်တော် ရုံးအမှတ် (၃၅) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး (သာသနာရေး)၊ ဝန်ကြီးရုံး (ယဉ်ကျေးမှု)၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ အနုပညာဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတို့မှ ထမနဲအသင်း ခုနစ်သင်းတို့က တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပြီး အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အိုးစည်၊ ဒိုးပတ်အကအလှများဖြင့် သီဆိုဖျော်ဖြေကြသည်။

နှစ်စဉ်ထမနဲထိုးပွဲများ ကျင်းပပေးခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများကို မြတ်နိုးတန်ဖိုးထားခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage) များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အချင်းချင်း ပေါင်းစည်းညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

တင်သွင်းခဲ့သည့် ကနဦးကန့်ကွက်ချက်များနှင့်ပတ်သက်၍ တရားရုံးသို့ တင်ပြလျှောက်လဲခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ် နှုတ်ဖြင့် လျှောက်လဲမှုကို ဖေဖော်ဝါရီ ၂၅ ရက် တွင်လည်းကောင်း၊ ဂမ်ဘီယာနိုင်ငံ၏ ပထမအကြိမ် နှုတ်ဖြင့် လျှောက်လဲမှုကို ဖေဖော်ဝါရီ ၂၃ ရက် တွင်လည်းကောင်း၊ ဒုတိယအကြိမ် နှုတ်ဖြင့် လျှောက်လဲမှုကို ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်းကောင်း ပြုလုပ်သွားကြမည်ဖြစ်သည်။

ကနဦးကန့်ကွက်လွှာ ကြားနာပွဲသို့ မြန်မာနိုင်ငံကိုယ်စားလှယ် (Agent) နှင့်အတူ ပူးတွဲကိုယ်စားလှယ် (Alternate Agent) ဖြစ်သူ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပါဝင်တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် (လယ်ဝေးမြို့နယ်) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် အမှတ်စဉ် (၅) ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရေးအတွက် လယ်ဝေးမြို့နယ်၏ အခြေခံမဲဆန္ဒရှင်စာရင်းများအား မြေပြင် လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်း စီမံချက် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဌာနဦးစီးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဌာနဦးစီးမှူး၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက်/ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းအဖွဲ့များ၏ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် အဖွဲ့များခွဲ၍ စစ်ဆေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** အဆိုပါ လုပ်ငန်းအဖွဲ့များ အနေဖြင့် လယ်ဝေးမြို့နယ်ရှိ ရပ်ကွက် ၇ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၀ ရှိ လူဦးရေ ၁၂၉၄၀၃ ဦး၏ အခြေခံ မဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းကို ကွန်ပျူတာနည်းပညာကို အသုံးပြု၍ အပြန်အလှန်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ တွန်းဖံမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့၊ နောင်ချိုမြို့၊ မိုင်းယန်းမြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၆၄ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၂၃ လက်မ၊ ပလက်ဝမြို့နှင့် လှိုင်းဘွဲမြို့တို့တွင် ၀ ဒသမ ၂၀ လက်မစီ၊ ခန္တီးမြို့တွင် ၀ ဒသမ ၁၆ လက်မ၊ မတူပီမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် မောင်တောမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

## တပ်မတော် (ရေ) မှ စစ်ရေယာဉ် (ဆင်ဖြူရှင်) အိန္ဒိယနိုင်ငံ Visakhapatnam မြို့တွင် ကျင်းပမည့် ဒေသတွင်းရေတပ်များတွေ့ဆုံပွဲ (MILAN-2022) သို့ တက်ရောက်ရန်ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တပ်မတော် (ရေ) မှ ဧည့်ဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထူး ဦးဆောင်သော စစ်ရေယာဉ် (ဆင်ဖြူရှင်) သည် အိန္ဒိယနိုင်ငံ Visakhapatnam မြို့၌ ကျင်းပမည့် ဒေသတွင်း ရေတပ်များတွေ့ဆုံပွဲ (MILAN–2022) သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အမှတ် (၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ) မှ ထွက်ခွာရာ အလယ်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒေသတွင်းရေတပ်များတွေ့ဆုံပွဲ (MILAN–2022) ကို အိန္ဒိယနိုင်ငံ Visakhapatnam မြို့တွင် ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အမေရိကန်၊ ဗြိတိန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ပြင်သစ်နှင့် ဆေးရှဲလ် စုစုပေါင်း ၁၆ နိုင်ငံမှ စစ်ရေယာဉ် ၂၄ စင်း တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဧရာဝတီမြစ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မတ္တရာမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးမင်းသန့်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်က ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်နိုင်ရေး အတွက် စိန်ပန်းကုန်းကျေးရွာသို့ သွားရောက်၍ မြစိမ်းရောင် (ငါးကဏ္ဍ)ကော်မတီဝင်များနှင့် တွေ့ဆုံပြီး လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းအခက်အခဲများနှင့်ပတ်သက်၍ ဆွေးနွေးသည်။ ထို့နောက် ဧရာဝတီမြစ်အတွင်း တရားမဝင်ငါးဖမ်းဆီးမှုများမရှိစေရေး ကွင်းဆင်းစစ်ဆေးပြီး မြစ်တိမ်အင်းတွင် ရေလုပ်သားများအား ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်း သင်ခန်းစာများ (၄)

## အကြမ်းဖက်ကို တိုက်ထုတ်ပြီးမှ အကြမ်းဖက်ထံသာ အာဏာပြန်အပ်ခဲ့ရတဲ့ အမေရိကန်တို့ရဲ့ သင်ခန်းစာ

**အပြောင်းအလဲတစ်ခု ဖော်ဆောင်တော့မယ်ဆိုရင် အတိတ်ရဲ့အကျဉ်းထောင်ထဲမှာ ပိတ်မိမနေဖို့ လိုပါတယ်။ အတိတ်ဆိုတာ သင်ခန်းစာယူရမှာဖြစ်ပြီး မကောင်းမှန်းသိနေတဲ့ ဖြစ်ရပ်တွေကို အနာဂတ်ဘဝသစ်ဆီ သယ်ယူမသွားဖို့ လိုပါတယ်။**

မြင့်မြတ်

အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေကို မှန်မှန်ကန်ကန်ချမှတ်နိုင်ဖို့ တစ်ခါတစ်ရံ အခက်အခဲဖြစ်ရခြင်းဟာ အတိတ်ကသမိုင်းသင်ခန်းစာကို မယူတတ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ကိုယ်တိုင်ပြုလုပ်လိုက်တဲ့ အမှားတစ်ခုကနေ သင်ခန်းစာယူတတ်ဖို့လိုသလို သူတစ်ပါးအမှားကနေလည်း သင်ခန်းစာဖော်ထုတ်တတ်ခြင်းဟာ မိမိအတွက် အခွင့်အရေးကောင်းတစ်ခု ဖြစ်နိုင်ပါတယ်။ အတိတ်ကသမိုင်းကို သင်ခန်းစာအဖြစ် မယူတတ်ရင် မကောင်းတဲ့သမိုင်းဟာ သံသရာလည်တတ်ပါတယ်။

### အာဖဂန်မှာ ဘာ့ကြောင့် ဒီမိုကရေစီအုတ်မြစ် ပြိုလဲခဲ့ရပါသလဲ

အာဖဂန်နစ္စတန်ကို အနှစ် ၂၀ ကြာ ဝင်ရောက်ကျူးကျော်သိမ်းပိုက်ထားတဲ့ အမေရိကန်တို့ဟာ လွန်ခဲ့တဲ့ ခြောက်လကစပြီး အာဖဂန်က အပြီးအပိုင် ဆုတ်ခွာသွားခဲ့ရတာ အားလုံးသိပြီးဖြစ်ပါတယ်။ ထူးခြားတာက အကြမ်းဖက်ခေါင်းစဉ်နဲ့ အကြမ်းဖက်တို့ထံက အာဏာရယူခဲ့တဲ့ အမေရိကန်တွေဟာ သူတို့ထူထောင်ချင်တဲ့ ဒီမိုကရေစီစနစ်ကို အာဖဂန်မှာ ခိုင်ခိုင်မာမာ မချနိုင်ခဲ့ဘဲ ဆုံးရှုံးမှုကြီးမားစွာနဲ့ အာဏာကို အကြမ်းဖက်သမား တာလီဘန်တွေထံမှာပဲ ပြန်အပ်ခဲ့ရလို့ပါပဲ။ ဒီမိုကရေစီရင့်သန် အားကောင်းပါတယ်ဆိုတဲ့ အမေရိကန်အနေနဲ့ အာဖဂန်မှာ နှစ်ပေါင်း ၂၀ အချိန်ရတာတောင် ဘာ့ကြောင့် ဒီမိုကရေစီအုတ်မြစ်ကို အောင်အောင်မြင်မြင် မချနိုင်ခဲ့ရပါသလဲ၊ သင်ခန်းစာယူစရာတွေရှိနိုင်ပါတယ်။

### ပြည်ပအားကိုးချင်သူများအတွက် သင်ခန်းစာတစ်ရပ်

လူ့အခွင့်အရေး၊ အကြမ်းဖက်အကြောင်းပြချက်တွေနဲ့အတူ အာဖဂန်အရေးမှာ ဝင်ရောက်စွက်ဖက်ခဲ့ပြီး အယ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်ကို ဖမ်းဆီးနိုင်ဖို့နဲ့ တာလီဘန်တို့ကို အပြစ်ပေးဖို့ဆိုပြီး အမေရိကန်ဟာ အာဖဂန်နစ္စတန်နိုင်ငံကို ၂၀၀၁ ခုနှစ် အောက်တိုဘာလမှာ ဝင်ရောက်သိမ်းပိုက်ခဲ့ပါတယ်။ ဝင်ရောက်သိမ်းပိုက်ပြီး ဘင်လာဒင်ကို အမေရိကန်တပ်ဖွဲ့က ပါကစ္စတန်မှာ အသေဖမ်းဆီးရခဲ့ပေမယ့် အမေရိကန်ဟာ အာဖဂန်က ပြန်လည်မဆုတ်ခွာဘဲ ဆက်လက်သိမ်းပိုက်ထားခဲ့ပါတယ်။ ကာလတစ်ခုရောက်လို့ အာဖဂန်နိုင်ငံဟာ အမေရိကန်တို့အတွက် အရေးမကြီးတော့တဲ့ အခြေအနေတစ်ရပ်မှာတော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ဂရုမစိုက်နိုင်ဘဲ ဘေးချိတ်ခဲ့ရပါတယ်။



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်လေဆိပ်၌ ၂၀၂၁ ခုနှစ် ဩဂုတ် ၂၆ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် မီးလောင်ပေါက်ကွဲမှုများ ဖြစ်ပွားစဉ်။

- ❊ **အမေရိကန်အစိုးရအနေနဲ့ အာဖဂန်အစိုးရနဲ့ တာလီဘန်တို့ကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အောင်မြင်စွာ မလုပ်နိုင်ခဲ့တဲ့အပြင် သူ့ကိုထောက်ခံခဲ့တဲ့ အာဖဂန်ပြည်သူလူထုအပေါ်မှာ တစ်စက်ကလေးမှ ငဲ့ညှာထောက်ထားခြင်းမရှိဘဲ အကြမ်းဖက်တာလီဘန်တို့ လက်ထဲမှာ အလွယ်တကူ ထားရစ်ခဲ့ကြတာဟာ ကျွန်တော်တို့အားလုံး အထူးသဖြင့် ပြည်တွင်းအားထက် ပြည်ပအားကိုးသာ မှီခိုချင်သူတွေအတွက် သင်ခန်းစာယူစရာဖြစ်**
- ❊ **အင်အားကြီးဒီမိုကရေစီနိုင်ငံတွေက နိုင်ငံငယ်တွေရဲ့ ပြည်တွင်းရေးကိစ္စတွေ၊ ပဋိပက္ခတွေမှာ ဝင်ရောက်စွက်ဖက်တိုင်း အဲဒီနိုင်ငံမှာ ဒီမိုကရေစီရပြီး ငြိမ်းချမ်းသွားတယ်၊ တိုးတက်သွားတယ်ဆိုတဲ့ ရလဒ်ထက် ထိုနိုင်ငံနဲ့ပြည်သူတွေမှာ ဒုက္ခမျိုးစုံနဲ့ အကျိုးယုတ်ပျက်စီးသွားတယ်ဆိုတဲ့ ဆိုးကျိုးတွေ တသီတတန်းကြီးသာ ရလိုက်တယ်ဆိုတဲ့ သင်ခန်းစာများကို ဖော်ထုတ်နိုင်ရမှာဖြစ်**

အမေရိကန်အစိုးရအနေနဲ့ အာဖဂန်အစိုးရနဲ့ တာလီဘန်တို့ကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အောင်မြင်စွာ မလုပ်နိုင်ခဲ့တဲ့အပြင် သူ့ကိုထောက်ခံခဲ့တဲ့ အာဖဂန်ပြည်သူလူထုအပေါ်မှာ တစ်စက်ကလေးမှ ငဲ့ညှာထောက်ထားခြင်းမရှိဘဲ အကြမ်းဖက်တာလီဘန်တို့ လက်ထဲမှာ အလွယ်တကူထားရစ်ခဲ့ကြတာဟာ ကျွန်တော်တို့အားလုံး အထူးသဖြင့် ပြည်တွင်းအားထက် ပြည်ပအားကိုးသာ မှီခိုချင်သူတွေအတွက် သင်ခန်းစာယူစရာဖြစ်ပါတယ်။ ဒီအခြေအနေကနေ ကျွန်တော်တို့အားလုံး သင်ခန်းစာယူကြရအောင်ပါ။ အမေရိကန် မူဝါဒချမှတ်သူတွေရော Congress အနေနဲ့ပါ သင်ခန်းစာတွေ ဖော်ထုတ်နေကြမှာပါပဲ။ ကျွန်တော်တို့အနေနဲ့တော့ အင်အားကြီး ဒီမိုကရေစီနိုင်ငံတွေက နိုင်ငံငယ်တွေရဲ့ ပြည်တွင်းရေး ကိစ္စတွေ၊ ပဋိပက္ခတွေမှာ ဝင်ရောက်စွက်ဖက်တိုင်း အဲဒီနိုင်ငံမှာ ဒီမိုကရေစီရပြီး ငြိမ်းချမ်းသွားတယ်၊ တိုးတက်သွားတယ်ဆိုတဲ့ ရလဒ်ထက် ထိုနိုင်ငံနဲ့ ပြည်သူတွေမှာ ဒုက္ခမျိုးစုံနဲ့ အကျိုးယုတ်ပျက်စီးသွားတယ်ဆိုတဲ့ ဆိုးကျိုးတွေ တသီတတန်းကြီးသာ ရလိုက်တယ်ဆိုတဲ့ သင်ခန်းစာများကို ဖော်ထုတ်နိုင်ရမှာဖြစ်ပါတယ်။

အာဖဂန်နစ္စတန်မှာ ဖြစ်ပျက်နေတဲ့ အဆိုးအကောင်းအကျိုးအပြစ် မှန်သမျှ သိမ်းပိုက်သူ အမေရိကန်မှာသာ တာဝန်ရှိတယ်လို့ ယူဆပါတယ်။ အမေရိကန် တာဝန်ရှိသူတွေအနေနဲ့ အနှစ် ၂၀ ကြာတဲ့ စစ်ပွဲတစ်ခုကနေ ဒေတာအမှန်တွေ၊ သတင်းအချက်အလက်အမှန်တွေ ရယူဖို့ ဘာကြောင့် ပျက်ကွက်ခဲ့ကြပါသလဲ။ ထောက်ပြဝေဖန်သူတွေရဲ့ သုံးသပ်ချက်အရ ဒီမိုကရေစီအစိုးရတစ်ရပ်ဖြစ်ခဲ့တဲ့ အာဖဂန်အုပ်ချုပ်သူတွေရဲ့ ပျက်စီးယိုယွင်းနေတဲ့ စီမံအုပ်ချုပ်မှုစွမ်းရည်နဲ့ အကျင့်ပျက်ခြစားမှု အတိုင်းအတာပမာဏကို ပြန်လည်ပြုပြင်ဖို့ ဘာကြောင့် လျစ်လျူရှုခဲ့ကြပါသလဲဆိုတာ မေးခွန်းထုတ်စရာဖြစ်ပါတယ်။ အမှန်တကယ် အမေရိကန်ကိုယ်တိုင်ရော ရိုးသားပါရဲ့လား။ သိသိကြီးနဲ့ ဂရုမစိုက်နေခဲ့တာလား စသဖြင့်.. မေးခွန်းများကို ကာယကံရှင်တွေ ကိုယ်တိုင်ပဲ ဖြေနိုင်ပါလိမ့်မယ်။

### ဘယ်ဘက်ကကြည့်ကြည့် ကောင်းကျိုးမရှိတဲ့ ကျူးကျော်ပြည်တွင်းစစ်

ပြည်တွင်းစစ်တစ်ခုရဲ့ ထုံးစံအတိုင်းပါပဲ။ ကြားထဲက လက်နက်မဲ့ ပြည်သူတွေသာလျှင် ခံဘက်ကချည်းဖြစ်ခဲ့တာ တွေ့ရပါတယ်။ နှစ်ဖက်တပ်ဖွဲ့တွေ အပြန်အလှန် ပစ်ခတ်မှုတွေကြား၊ ဖြစ်ကတတ်ဆန်းလုပ်ထားတဲ့ ပေါက်ကွဲစေတတ်တဲ့ဗုံးတွေကြောင့် သော်လည်းကောင်း၊ လုပ်ကြံသတ်ဖြတ်မှုတွေ၊ ဗုံးပေါက်ကွဲမှုတွေ၊ မြေမြှုပ်မိုင်းတွေ၊ မသင်္ကာတဲ့ သောင်းကျန်းသူနေအိမ်တွေကို အမေရိကန် ဦးဆောင်တဲ့ အစိုးရတပ်ဖွဲ့တွေ ဝင်ရောက်စီးနင်းမှုတွေကြောင့်လည်းကောင်း ထိခိုက်သေဆုံး မြေစာပင်ဖြစ်ခဲ့ရတဲ့ အရပ်သားမြောက်မြားစွာ ရှိခဲ့ပါတယ်။ အိုဘားမားရော၊ ထရန့်ရော အုပ်ချုပ်တဲ့ သက်တမ်းကာလတွေအတွင်းမှာ အမေရိကန် လေတပ်ရဲ့ ဗုံးကြဲတိုက်ခိုက်မှုတွေကြောင့် အရပ်သား သေဆုံးမှုဟာ ၃၃၀ ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့တယ်လို့ သိရပါတယ်။

တကယ်တော့ အာဖဂန်နိုင်ငံဟာ နိုင်ငံတကာ အစ္စလာမ္မစ် အကြမ်းဖက်များစွာ ခိုအောင်းရာ၊ ခြေရှုပ်ရာ ဗဟိုချက်မတစ်ခုလည်း ဖြစ်ပါတယ်။ အာဖဂန်အစွန်းရောက် အစ္စလာမ္မစ် စစ်သွေးကြွတွေကို တိုက်ခိုက်ဖို့ဆိုပြီး အမေရိကန်ကို ထောက်ခံတဲ့ အာဖဂန် စစ်သွေးကြွတွေဟာ CIA က တပ်ဆင်ပေးတဲ့လက်နက်တွေနဲ့ အရပ်သားတွေအပေါ် ဥပဒေပ သတ်ဖြတ်မှုတွေ၊ ဆိုးဆိုးရွားရွားလူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျူးလွန်ခဲ့ကြတဲ့သတင်းများလည်း ရှိခဲ့ပါတယ်။

ပြည်တွင်းစစ်ဒဏ်ရာဒဏ်ချက်ဟာ လူတွေရဲ့ ရုပ်ပိုင်းတစ်ခုတည်းသာမက၊ စိတ်ပိုင်းဆိုင်ရာအပေါ်မှာလည်း အကြီးအကျယ်သက်ရောက်မှုပေးပါတယ်။ အာဖဂန်ပြည်သူ သုံးပုံနှစ်ပုံခန့်ဟာ စိတ်ဖိစီးခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ကြောက်ရွံ့ခြင်း စတဲ့ မမြင်နိုင်တဲ့ စိတ်ဒဏ်ရာတွေကို သနားစဖွယ် ခံစားခဲ့ကြရပါတယ်။ ဒါတင်မက ပြည်သူ့ကျန်းမာရေး ပြဿနာတွေကိုလည်း တစ်ပုံတစ်ပင် ရင်ဆိုင်ခဲ့ရပါတယ်။ သက်တမ်းမစေ့ဘဲ သေဆုံးကြရတာတွေ၊ ဆင်းရဲလို့ အာဟာရမပြည့်ဝ ချို့ချို့တဲ့တဲ့ နေထိုင်စားသောက်ရတာတွေ၊ သောက်ရေသုံးရေမသန့်လို့ ကူးစက်ရောဂါခံစားရတာတွေ၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာပြဿနာတွေ၊ ကျန်းမာရေးဌာနတွေထံ လက်လှမ်းမမီလို့ မသေဆုံးသင့်ဘဲ သေဆုံးကြရတာတွေ များစွာကြုံတွေ့ခဲ့ကြရပါတယ်။ အထူးသဖြင့် ထိခိုက်လွယ်တဲ့ အုပ်စုတွေဖြစ်တဲ့ အမျိုးသမီးနဲ့ ကလေးသူငယ်တွေ၊ မသန်စွမ်းဒုက္ခိတနဲ့ အသက်ကြီးသူတွေမှာ ပြဿနာပိုကြီးပြီး ပိုခံစားကြရပါတယ်။

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

စစ်ပွဲကာလ နှစ်၂၀ အတွင်းမှာ လူပေါင်း ၂၄၁၀၀၀ ခန့်သေဆုံးခဲ့ကြရပြီး အရပ်သားသေဆုံးမှုဟာ ၇၁၀၀၀ ခန့်အထိရှိခဲ့ပါတယ်။ စစ်လက်နက်ပစ္စည်း ထောက်ပံ့ဖို့နဲ့ နိုင်ငံဖွံ့ဖြိုးဖို့ဆိုပြီး အမေရိကန်ဒေါ်လာ ၂ ဘီလီယံလောက်သုံးစွဲခဲ့ပေမယ့် စစ်ပွဲများမှာ အမေရိကန် စစ်သည်ပေါင်း ၂၅၀၀ လောက်အထိ သေဆုံးခဲ့ကြတာကိုကြည့်ရင် ရင်းနှီးမြှုပ်နှံမှုနဲ့ရလာတဲ့ ရလဒ်အတိုင်းအတာဟာ မမျှတဘူးလို့ ဆိုရပါလိမ့်မယ်။

**ကျူးကျော်စစ်မှန်သမျှ အရှုံးနဲ့သာ တွေ့စေတဲ့ ထူးခြားတဲ့ ပထဝီအနေအထား**

စစ်ပွဲတစ်ခုမှာ ပထဝီ အနေအထားအားသာချက်က အရှုံးအနိုင်ကို ဖန်တီးပေးပါတယ်။ တောင်အာရှနဲ့ ဗဟိုအာရှအကြားတည်ရှိတဲ့ အာဖဂန်နစ္စတန်ရဲ့ ပထဝီအနေအထားက လုံးဝကုန်းတွင်းပိတ်ပါ။ အာဖဂန်နိုင်ငံကို အလွယ်တကူဝင်တဲ့လမ်းကြောင်းက လေကြောင်းတစ်ခုပဲရှိပါတယ်။ ဟင်ဒူကပ်ရှ်တောင်တန်းတွေဟာ အာဖဂန်မှာ အင်မတန် ထူထပ်ပြီး မြေရိယာအားလုံးရဲ့ ၇၅ ရာခိုင်နှုန်းကို လွှမ်းမိုးထားတဲ့အတွက် ပြည်ပကျူးကျော်စစ်ကို ဟန့်တားနိုင်တဲ့ နိုင်ငံရဲ့ ပထဝီအနေအထား အားသာချက်တစ်ခု ဖြစ်နေပါတယ်။

အမေရိကန်ကျူးကျော်မှုမတိုင်ခင် ယခင်ဆိုဗီယက်နိုင်ငံကလည်း ၁၉၇၉ ကနေ ၁၉၈၉ ခုနှစ်အထိ သိမ်းပိုက်ခဲ့ဖူးသလို ဗြိတိသျှတို့ကလည်း ၁၈၃၉ ကနေ ၁၉၁၉ ခုနှစ်အထိ စစ်ပွဲသုံးကြိမ်တိုင်ဆင်နွှဲပြီး တိုက်ခိုက်သိမ်းပိုက်ဖူးပါတယ်။ ထိုနိုင်ငံကြီးတွေအားလုံး အရှုံးရလဒ်နဲ့သာ ဆုတ်ခွာခဲ့ရသည်ချည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အာဖဂန်နိုင်ငံကို အင်ပါယာတို့၏ သင်္ချိုင်းအဖြစ် တင်စားခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ပထဝီအနေအထားအရရော ကွဲပြားခြားနားလွန်းတဲ့ လူမျိုးကွဲအစွဲကြီးတဲ့ လူမျိုးစုတွေရဲ့ ယဉ်ကျေးမှုအရ၊ ဘာသာရေးအရ သမိုင်းအစဉ်အဆက် ပဋိပက္ခအလွန်ထူပြောတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ဒါကလည်း နိုင်ငံကိုအုပ်စိုးခဲ့ဖူးတဲ့ နယ်ချဲ့ဗြိတိသျှတို့ရဲ့ စိတ်ကူးပေါက်ရာရေးဆွဲပြီး နယ်ပယ်တွေကို လိုအပ်သည်ထက်ချဲ့ထွင်ထားခဲ့တဲ့ မြေပုံအရ အစဉ်အဆက်ဖြစ်တည်လာခဲ့တဲ့ ပထဝီအနေအထားတွေကြောင့် ဖြစ်ပါတယ်။

**ဒီမိုကရေစီစနစ်ထူထောင်ရန် ခက်ခဲလှတဲ့ အာဖဂန်**

ရှေးရိုးစွဲအာဖဂန်တွေ လူမျိုးစုတွေဟာ သူ့နယ်ပယ်နဲ့သူ တောင်တန်းဒေသအလိုက် သူ့ခေါင်းဆောင်နဲ့သူ၊ သူ့ဝါဒနဲ့သူ၊ နယ်စားပယ်စား စစ်ဘုရင်ပုံစံနဲ့ ရှေးအစဉ်အဆက် အုပ်ချုပ်လာခဲ့ကြတဲ့ပုံစံကြောင့် ဗဟိုအစိုးရရဲ့အာဏာစက်ဟာ ကဘူးလ်အပြင်ဘက်ရှိ ဝေးလံတဲ့ တောင်တန်းဒေသတွေထိတိုင်အောင် မရောက်နိုင်ပါဘူး။ ဆိုလိုတာက အမေရိကန်ပုံစံ ဒီမိုကရက်တစ်အာဖဂန်အစိုးရရဲ့ ဒီမိုကရေစီအုပ်ချုပ်ပုံစံ စံနှုန်းအကျင့်တွေကို အဝေးက စစ်ဘုရင်တွေထံ ရောက်ရှိပျံ့နှံ့ဖို့ဆိုတာ အာဖဂန်လူမျိုးတွေအတွက် စိတ်ကူးအိပ်မက်တစ်ခုသာလျှင်ဖြစ်နေတယ်ဆိုတာ တွက်ဆလို့ရပါတယ်။

ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေကို ပြည်မမှာတောင် ခက်ခက်ခဲခဲထူထောင်နေရတဲ့အခြေအနေမှာ တောင်တန်းဒေသလူမျိုးစုတွေအထိရောက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ခဲ့ပါဘူး။ (ဥပမာ- ရွေးကောက်ပွဲမှာ မဲပေးဖို့ အာဖဂန်လူမျိုးတွေဟာ အသက်စွန့်ပြီး အန္တရာယ်အသွယ်သွယ်ကြားမှာ စွန့်စားမဲပေးရတာမျိုး။) ရွေးကောက်ပွဲအားလုံးလိုလိုဟာလည်း လွတ်လပ်တရားမျှတမှုနဲ့ ကင်းကွာပြီး မဲမသမာမှု မဲဖောင်းပွမှုများစွာနဲ့ ဆူပူဆန္ဒပြမှုတွေကြောင့် အမတ်တွေအပါအဝင် သေဆုံးဒဏ်ရာရမှုတွေရှိတယ်လို့ အာဖဂန်လူမျိုးတွေကိုယ်တိုင်နဲ့ စောင့်ကြည့်သူတွေကိုယ်တိုင်က မှတ်ချက်ပြုကြပါတယ်။ မဲပေးခွင့်၊ အရွေးခံခွင့်၊ လွတ်လပ်စွာဖော်ထုတ်ခွင့်၊ ပါတီတွေမှာပါဝင်ခွင့်စတဲ့ ဒီမိုကရေစီရဲ့ အငွေ့အသက်ခံစားခွင့်နည်းပါးလွန်းတဲ့နိုင်ငံမှာ ဒီမိုကရေစီစနစ်ခိုင်မာဖို့ခက်ခဲမှာ သေချာပါတယ်။



ကဘူးလ်လေဆိပ်၌ အသေခံဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများကို ၂၀၂၁ ခုနှစ် ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။

**ဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်ခြင်းသင်ခန်းစာတစ်ခု**

အာဖဂန်လူမျိုးတွေ ကိုယ်တိုင်လည်း ဒီမိုကရေစီအရေးမှာ လေးလံထိုင်းမှိုင်းပြီး တက်တက်ကြွကြွ မရှိခဲ့ကြပါဘူး။ အစိုးရရဲ့ အားနည်းမှုတွေလည်းပါတာပေ့ါ။ ဒီမိုကရေစီစနစ် တည်ဆောက်နိုင်ဖို့ အစိုးရတစ်ရပ်ဟာ တည်ငြိမ်ဖို့လိုပါတယ်။ အကျင့်ပျက်ခြစားလာဘ်စားမှုများနေတဲ့ အစိုးရတစ်ရပ်အနေနဲ့ အပြစ်အနာအဆာတွေနဲ့ ပြည့်နေတဲ့ ဒီမိုကရေစီကိုသာ ပိုင်ဆိုင်ခွင့်ရတာ မဆန်းလှပါဘူး။ အာဖဂန်ဒီမိုကရေစီဟာ ညံ့ဖျင်းလွန်းတဲ့ စီမံခန့်ခွဲမှုအောက်မှာ အတုအပတွေ၊ ဟန်ဆောင်မှုတွေနဲ့ပြည့်နေတဲ့ ဒီမိုကရေစီလို့ သမုတ်ကြပါတယ်။

အာဖဂန်နစ္စတန်ကို သိမ်းပိုက်ခဲ့တဲ့ အမေရိကန်အစိုးရအဆက်ဆက်အနေနဲ့လည်း အာဖဂန်ပြန်လည်ထူထောင်ရေးကို အားထည့်ခဲ့ပုံရှိမရှိ မသိရပေမယ့် ထိရောက်မှုမရှိတာကတော့ သေချာပါတယ်။ ပြန်လည်တည်ဆောက်ရေးစီမံကိန်းတွေ တစ်ပုံတစ်ပင်နဲ့ ဘာအကဲဖြတ်မှုမှမရှိ၊ ဘယ်လိုဆန်းစစ်မှုမှလည်းမရှိ၊ သုံးသပ်မှုနတ္ထိနဲ့ ရလာတဲ့ရလဒ်ဟာ ဆုံးရှုံးမှုနဲ့သာ ထိုက်တန်တယ်လို့ ဆိုရပါမယ်။

အမေရိကန်တွေ သိမ်းပိုက်မှုအောက်မှာ နေ့စဉ်အကြမ်းဖက်သတ်ဖြတ်မှုတွေ၊ ဆင်းရဲချမ်းသာကွာဟမှု၊ ၇၅ ရာခိုင်နှုန်းသော ပြည်သူတွေရဲ့ ဆိုးဆိုးရွားရွားဆင်းရဲမွဲတေမှုနဲ့ အကျင့်ပျက်ခြစားမှု၊ ၃၈ ရာခိုင်နှုန်းသော အလုပ်လက်မဲ့ အခြေအနေတွေ၊ ၃ ဒသမ ၅ ရာခိုင်နှုန်းသော ပညာသင်ကြားခွင့်မရတဲ့ ကလေးတွေရဲ့အခြေအနေတွေ စတဲ့အချက်တွေဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာ နှောင့်နှေးစေပြီး ဒီမိုကရေစီနဲ့လည်း အလှမ်းဝေးသွားတယ်ဆိုတာ သတိပြုမိပါတယ်။ အမေရိကန်တို့ သိမ်းပိုက်ထားတဲ့ကာလတစ်လျှောက် အာဖဂန်အစိုးရအဆက်ဆက်ဟာ နိုင်ငံရဲ့ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးစတဲ့ ဘယ်လိုကဏ္ဍကိုမှ တည်ငြိမ်တိုးတက်အောင် မစွမ်းဆောင်နိုင်ခဲ့ကြပါဘူး။ ချမ်းသာတဲ့ အမေရိကန်လက်အောက်မှာ နေထိုင်ရင်းနဲ့ပဲ ကမ္ဘာ့အဆင်းရဲဆုံး အာဖဂန်ပြည်သူအများစုဟာ ပိုပြီးကောင်းတဲ့အပြောင်းအလဲကို ဆာလောင်မွတ်သိပ်နေကြတယ်ဆိုရင် ထူးခြားနေမလားပဲ။ တကယ်ပဲ ပြည်သူတွေဟာ ကိုယ်ကျိုးကြည့်အတ္တများတဲ့ သူတို့ရဲ့ ခေါင်းဆောင်တွေအပေါ်မှာ သည်းမခံနိုင်ကြတော့တာ၊ မယုံကြည်ကြတော့တာကို သိလာရပါတယ်။ အဆုံးမှာ သူတို့လိုချင်တာက ဒီမိုကရေစီအရေးဆိုတာထက် သူတို့ရဲ့ဘဝ လုံခြုံမှုနဲ့တည်ငြိမ်မှုသာလျှင် ဖြစ်ပါတော့တယ်။

တကယ်တော့ပြန်ကြည့်ရင် အာဖဂန်မှာ အမေရိကန်ကျရှုံးရတာဟာ သူ့စေတနာနဲ့သူ အကျိုးပေးတာပဲ ဖြစ်ပါတယ်။ အနောက်ကမ္ဘာ လုံခြုံရေးနဲ့ ဒီမိုကရေစီရေးအတွက် အာဖဂန်ကို ဝင်တိုက်ခဲ့ပေမယ့်လည်း ထိုနိုင်ငံမှာ ဒီမိုကရေစီမရခဲ့ပါဘူး။ လူ့အခွင့်အရေးအကြောင်းပြခဲ့ပေမယ့်လည်း အာဖဂန်ပြည်သူတွေ လူ့အခွင့်အရေး အပြည့်အဝမရခဲ့ပါဘူး။ ဖိနှိပ်ခံရတဲ့သူတွေအတွက်ဆိုပေမယ့် ဖိနှိပ်ခံရတဲ့ အာဖဂန်ပြည်သူတွေပဲ အသက်တွေဆုံးရှုံးခဲ့ကြရပါတယ်။ အကြမ်းဖက်နှိမ်နင်းရေး ယိုးမယ်ဖွဲ့ခဲ့ပေမယ့်လည်း အဆုံးမှာ အကြမ်းဖက်တာလီဘန်တွေကိုပဲ အာဏာပြန်ပေးခဲ့ရတာပါပဲ။ သင်ခန်းစာယူသင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် အမေရိကန်တွေဟာ သူ့အကျိုးစီးပွားအတွက်ပဲ သူလုပ်သွားခဲ့လို့ ဖြစ်ပါတယ်။ ဘာဒီမိုကရေစီရေး၊ ဘာလူ့အခွင့်အရေးအတွက်မှမဟုတ်ပါဘူး။ အဖိနှိပ်ခံတွေအတွက် တကယ်စေတနာပါပါနဲ့ တကယ်လုပ်ခဲ့ရင် တာလီဘန်တွေ ပြန်အာဏာရစရာ ဘာအကြောင်းမှ မရှိပါဘူး။ ဒီမိုကရေစီအတွက် သူတို့တကယ်မလုပ်ခဲ့လို့သာ အာဖဂန်မှာ ဒီမိုကရေစီကျဆုံးရခြင်း ဖြစ်ပါတယ်။ ရှေးရိုးစွဲနိုင်ငံ တစ်နိုင်ငံ၊ ဒီမိုကရေစီကို လက်မခံ ဒီမိုကရေစီနဲ့ မထိုက်တန်တဲ့ နိုင်ငံတစ်ခုမှာ လစ်ဘရယ်ဒီမိုကရေစီမျိုးကို အတင်းအဓမ္မသွတ်သွင်းလို့ မရဘူးဆိုတာ သင်ခန်းစာရလောက်ပါတယ်။

ဒီမိုကရေစီဆိုတာ သူ့တန်ဖိုးနဲ့သူ သူ့ဇာတ်နဲ့သူသာ အသုံးတည့်တယ်ဆိုတာ အာဖဂန်ဖြစ်စဉ်က ပြသခဲ့ပါပြီ။ အဖိနှိပ်ခံအာဖဂန်ပြည်သူတွေရဲ့အကျိုးကိုမကြည့်ဘဲ အမှန်တကယ် တန်ဖိုးမထားခဲ့ကြလို့သာ ဒီမိုကရေစီ ကျရှုံးရခြင်းဖြစ်ပါကြောင်း။ ။

○ ပြည်တွင်းစစ်ဒဏ်ရာဒဏ်ချက်ဟာ လူတွေရဲ့ရုပ်ပိုင်းတစ်ခုတည်းသာမက စိတ်ပိုင်းဆိုင်ရာအပေါ်မှာလည်း အကြီးအကျယ် သက်ရောက်မှုပေးပါတယ်။ အာဖဂန်ပြည်သူ သုံးပုံနှစ်ပုံခန့်ဟာ စိတ်ဖိစီးခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ကြောက်ရွံ့ခြင်းစတဲ့ မမြင်နိုင်တဲ့ စိတ်ဒဏ်ရာတွေကို သနားစဖွယ်ခံစားခဲ့ကြရ

○ စစ်ပွဲကာလ နှစ်၂၀ အတွင်းမှာ လူပေါင်း ၂၄၁၀၀၀ ခန့် သေဆုံးခဲ့ကြရပြီး အရပ်သား သေဆုံးမှုဟာ ၇၁၀၀၀ ခန့်အထိရှိခဲ့

# ပူးပေါင်းဆောင်ရွက်မှုမှသည် အောင်မြင်ခြင်းဆီ

ဒေါက်တာခိုင်ခိုင်ဝင်း

**"တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏" ဆိုသောစကားသည် ပူးပေါင်းဆောင်ရွက်ခြင်း၏ အဓိကကျပုံကို မီးမောင်းထိုးပြခြင်း ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ရမည့်ကိစ္စရပ်များတွင် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ရန်ဖြစ်သော်လည်း အများနှင့် သို့မဟုတ် အဖွဲ့အစည်းများအချင်းချင်း၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များအတွက် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်အောင်ဆောင်ရွက် ရမည်လည်း ဖြစ်ပါသည်။**

ဥပမာတစ်ခုပြဆိုရသော် ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ၁၅ နှစ်တာကာလအတွင်း ကမ္ဘာ့နိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်းတိုင် ၁၇ ခု ပါဝင်သည့် 2030 Agenda for Sustainable Development ကို ပြရမည်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး၏ အစိုးရများ ပူးပေါင်းပါဝင်မှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ ကုလသမဂ္ဂကြီး၏စီစဉ်မှုဖြင့် အင်တာနက်ဝက်ဘ်ဆိုက်များတွင် တင်ပြပြီး ကမ္ဘာ့ နိုင်ငံများရှိပြည်သူများ၏ ထင်မြင်ယူဆချက်များ ရရှိနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများရှိလူအများ ပူးပေါင်းပါဝင်လာစေမှုစသည့် ပူးပေါင်းပါဝင်မှု ပုံစံမျိုးစုံ၊ ထင်မြင်ချက်အစုံ၊ အတွေးအမြင်အစုံတို့ဖြင့် လိုချင်သည့်၊ အလိုရှိသည့် အနာဂတ်ကမ္ဘာလောကကြီးကို ရည်မှန်းချက်ပန်းတိုင်များဖြင့် ပုံဖော်ခဲ့ကြပါသည်။ နိုင်ငံတစ်နိုင်ငံတည်း၏ ကြိုးစားအားထုတ်မှုမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအားလုံး၏ ပူးပေါင်းပါဝင်မှု အားထုတ်ကြိုးပမ်းမှု၊ ကမ္ဘာ့နိုင်ငံများရှိ ပြည်သူများ၏ အသံနားထောင်၍ ပုံဖော်ခဲ့ကြသည့် အောင်မြင်မှုဖြစ်ပါသည်။ 2030 Agenda သည် ကမ္ဘာပေါ်ရှိ ပြည်သူအားလုံးအတွက် ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ဆုံးဖြတ်ချက်များအတွက် ကမ္ဘာပေါ်ရှိ ပြည်သူအများ ပူးပေါင်းပါဝင်ခွင့်ရရှိခဲ့သည့် အကောင်းဆုံးသာဓကဟု ဆိုချင်ပါသည်။

## ပူးပေါင်းဆောင်ရွက်မှု လိုအပ်

2030 Agenda for Sustainable Development ကို ပြည်သူ(People)၊ ကမ္ဘာမြေ(Planet)၊ သာယာဝပြောမှု (Prosperity)၊ ငြိမ်းချမ်းမှု(Peace)၊ မိတ်ဖက် (Partnership) ဆိုသည့် 5Ps ဖြင့် လွှမ်းခြုံထားပြီး မိတ်ဖက်ကို ထည့်သွင်းထားသည်ကို ကြည့်ခြင်းအားဖြင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် မိတ်ဖက်များ၏ကဏ္ဍသည် အရေးကြီးသည့်နေရာတွင် တည်ရှိနေကြောင်းကို ဆိုလိုသည်ဖြစ်၍ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း လိုအပ်ပါသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

အမှန်စင်စစ်လည်း ကမ္ဘာ့နိုင်ငံများက ၂၀၃၀ ပြည့်နှစ်အမီ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ရာ၊ အောင်မြင်ဖို့ရာ နိုင်ငံတစ်နိုင်ငံချင်းဆီ၏ အားတစ်ခုတည်းဖြင့် ရရှိနိုင်မည်မဟုတ်ဘဲ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ကဏ္ဍစုံမှ မိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပိုမိုလိုအပ်သည်လည်း ဖြစ်ပါသည်။ အလားတူ နိုင်ငံအတွင်းတွင် မိမိတို့နိုင်ငံအလိုက် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်နိုင်ရန်အတွက် မူဝါဒများ၊ မဟာဗျူဟာများ၊ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံအတွင်းရှိ အစိုးရဌာနအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းဖြင့် ဆောင်ရွက်ရမည်လည်းဖြစ်ပါသည်။

Partnership Platform သည် ရေရှည်စဉ်ဆက်မပြတ်ပန်းတိုင်များ အကောင်အထည်ဖော်ဖို့ရာ အမှန်လိုအပ်သည်လည်းဖြစ်ရာ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် United Nations Department of Economic and Social Affairs (UNDESA) ၏ ဦးဆောင်မှုဖြင့် 2030 Agenda Partnership Accelerator အဖွဲ့အစည်းသည်လည်း ၂၀၁၉ ခုနှစ်ကပင် ပေါ်ပေါက်လာနေပြီး အဓိကအားဖြင့် မိတ်ဖက်အားကိုရယူရေး အရှိန်မြှင့်တင်ရန်နှင့် Effective Multisector Collaboration ဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ရန်ဖြစ်ပါသည်။

> ❍ **နိုင်ငံများအနေဖြင့် နိုင်ငံအတွင်း ရေရှည် စဉ်ဆက်မပြတ်ပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မည်မျှပင်စီမံကိန်းများ ချမှတ်ဆောင်ရွက်နေစေကာမူ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း၊ အားနည်းခြင်း၊ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှုများမရှိပါက ပန်းတိုင်များကို အကောင်အထည်ဖော်ဖို့ရာ အခက်အခဲရှိမည် ဖြစ်ပါသည်။ ရေရှည်စဉ်ဆက်မပြတ် ပန်းတိုင်များ အကောင်အထည်ဖော်နိုင်ရေးအတွက် (Collaborative approach) သည် အရေးကြီးသည့်နေရာမှာ ရှိနေသည်ကို သတိပြုရမည်ဖြစ်ပါသည်။ "စည်းလုံးခြင်းသည်အင်အား"၊ "စည်းလုံးညီညာ အောင်ကြောင်းဖြာ" ဆိုသည့် စကားရပ်များအတိုင်း ပူးပေါင်းဆောင်ရွက်ရာတွင်လည်း စည်းစည်းလုံးလုံးဖြင့် ဘုံအကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ရန်ဖြစ်**

## အခက်အခဲအဟန့်အတားများ ဖြစ်ပေါ်

ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) ကို အကောင်အထည်ဖော်ရမည့်ကာလမှာ ၂၀၁၆ ခုနှစ်မှ ၂၀၃၀ အထိ ၁၅ နှစ်တာဖြစ်ရာ ယနေ့ဆိုလျှင် အကောင်အထည်ဖော်ရန်ကာလ ခြောက်နှစ်ကျော် ခုနစ်နှစ်ကျော်ထဲ ရောက်လာပြီဖြစ်သည်။ အဆိုပါခြောက်နှစ်ကျော် ခုနစ်နှစ်တာကာလအတွင်း ကမ္ဘာ့ကပ်ရောဂါပြဿနာ၊ ရာသီဥတုပြောင်းလဲလာခြင်းပြဿနာ၊ ကမ္ဘာ့စီးပွားပျက် ကပ်ဆိုက်ခြင်း အခြေအနေ၊ နည်းပညာများ လျင်မြန်စွာ ပြောင်းလဲတိုးတက်နေခြင်းများ၊ ကမ္ဘာ့ငွေကြေးဈေးကွက် ကမောက်ကမဖြစ်ခြင်း အခြေအနေများ၊ အလုပ်လက်မဲ့ပြဿနာများ၊ ပြောင်းရွှေ့လုပ်သားများ ပြဿနာ၊ မငြိမ်းချမ်းခြင်းပြဿနာများ စသည့် ပြဿနာအထွေထွေသည် ကမ္ဘာကြီး၏ နေရာအစုံတွင် ပုံစံမျိုးစုံဖြင့် ရှိနေလျက်ရှိရာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အခက်အခဲအဟန့်အတားများ ဖြစ်ပေါ်နေသည်လည်း ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ကမ္ဘာကြီးအတွက် နိုင်ငံများမှ တညီတညွတ်တည်း ချမှတ်ခဲ့သည့် ပန်းတိုင်များကိုမူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကမ္ဘာ့နိုင်ငံများမှ အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပြီး တွေ့ကြုံနေရသည့် အခက်အခဲ၊ အဟန့်အတားများကြောင့်လည်း မိတ်ဖက်၏ အားများ၊ ပူးပေါင်းဆောင်ရွက်မှုများသည်လည်း အမှန်တကယ် ပိုမိုလိုအပ်လာနေသည်လည်း ဖြစ်ပါသည်။ နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်မှု၊ လက်တွဲခေါ်ကူညီ ထောက်ပံ့မှုများရှိမှသာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

## ဘုံအကျိုးစီးပွားကိုရည်မှန်း

နိုင်ငံများအနေဖြင့် နိုင်ငံအတွင်း ရေရှည်စဉ်ဆက်မပြတ်ပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မည်မျှပင်စီမံကိန်းများ ချမှတ်ဆောင်ရွက်နေစေကာမူ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း၊ အားနည်းခြင်း၊ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှုများမရှိပါက ပန်းတိုင်များကို အကောင်အထည်ဖော်ဖို့ရာ အခက်အခဲရှိမည် ဖြစ်ပါသည်။ ရေရှည်စဉ်ဆက်မပြတ် ပန်းတိုင်များ အကောင်အထည်ဖော်နိုင်ရေးအတွက် (Collaborative approach) သည် အရေးကြီးသည့်နေရာမှာ ရှိနေသည်ကို သတိပြုရမည်ဖြစ်ပါသည်။ "စည်းလုံးခြင်းသည်အင်အား"၊ "စည်းလုံးညီညာ အောင်ကြောင်းဖြာ" ဆိုသည့် စကားရပ်များအတိုင်း ပူးပေါင်းဆောင်ရွက်ရာတွင်လည်း စည်းစည်းလုံးလုံးဖြင့် ဘုံအကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ရန်ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းအတွက် ပူးပေါင်းဆောင်ရွက်ရန်မဟုတ်ဘဲ ပန်းတိုင်များကို အောင်မြင်စွာ အထည်ဖော်နိုင်ရေး၊ နိုင်ငံသားတို့ အေးချမ်းစွာ နေထိုင်နိုင်ရေး၊ သာယာဝပြောစွာ နေထိုင်နိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစသည့် ဘုံအကျိုးစီးပွားကိုရည်မှန်းကာ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ တစ်ဦးကောင်း၊ အဖွဲ့အစည်းတစ်ခုကောင်း တစ်ခုအတွက် ရည်ရွယ်ဆောင်ရွက်ရန် မဟုတ်ဘဲ နိုင်ငံအကျိုးအတွက်၊ နိုင်ငံသားများအတွက် ရည်ရွယ်ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည်။

## မိတ်ဖက်အားကိုယူ

2030 Agenda for Sustainable Development ၏ အဓိကဦးတည်ချက်မှာ အောင်မြင်မှု အသီးအပွင့်များကို ခံစားရရှိရေးတွင် "တစ်ဦးတစ်ယောက်မျှ မကျန်ရစ်ခဲ့စေရေး" (Leave No one Behind) ဖြစ်ရာ နိုင်ငံများမှ အဆိုပါအချက်ကို ပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်ဖို့ရာအတွက် Partnership Platform ဖြင့် ဆောင်ရွက်နိုင်ရေး မိတ်ဖက်များ၏အားကို ရယူဆောင်ရွက်ကြရာတွင် မည်သည့်အကြောင်းနှင့်မျှ ဖယ်ကျန်မထားစေရေး ကူညီဆောင်ရွက်ပေးဖို့ရာ ဖြစ်ပါသည်။ သို့မှသာ ကမ္ဘာကြီး၏ နေရာစုံတွင်ရှိနေကြသည့် လူသားအားလုံးအကျုံးဝင်ပါဝင်ပြီး သာယာဝပြောသည့်၊ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးသည့်၊ ငြိမ်းချမ်းသည့် ကမ္ဘာကြီးဆီ ဦးတည်သွားနိုင်မည်ဖြစ်ပြီး မိတ်ဖက်အားကိုယူကာ ထိရောက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် လူသားအားလုံး မျှော်မှန်းသည့် အောင်မြင်မှုပန်းတိုင်ဆီ အရောက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# (၂၃) ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီအစည်းအဝေး ကျင်းပ


**နေပြည်တော်  ဖေဖော်ဝါရီ  ၂၁**

(၂၃) ကြိမ်မြောက် အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီအစည်းအဝေး (23rd ASEAN Senior Level Committee – SLC on Financial Integration) ကို ယနေ့ မွန်းလွဲပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဆင့်မြင့်အရာထမ်းများ တက်ရောက်သည်။ **(ယာပုံ)**

ဦးစွာ ကမ္ဘာ့စီးပွားရေးနှင့် ဒေသတွင်းမေခရိုစီးပွားရေးအလားအလာ (Global and Regional Macroeconomic Outlook) နှင့် စပ်လျဉ်း၍ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (AMRO) က လည်းကောင်း၊ ဒေသတွင်းငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်မှု (Regional Financial Develop–ments) နှင့်စပ်လျဉ်း၍ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က လည်းကောင်း အသီးသီးတင်ပြခဲ့ကြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ အာဆီယံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံး (ASEC)က အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေး လုပ်ငန်းစဉ်များ၏ နောက်ဆုံးတိုးတက်မှုကို ဆွေးနွေးတင်ပြသည်။ ထို့နောက် အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ အာဆီယံအဆင့်မြင့်ကော်မတီ (SLC) အောက်က ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များဖြစ်သည့် ဒေသတွင်းမေခရိုစီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ (Regional Macroeconomic and Financial Risks)၊ စဉ်ဆက်မပြတ် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု (Sustain–able Finance)၊ အာဆီယံဒေသတွင်းဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များ မျှဝေခြင်းအစီအစဉ် (ASEAN Cybersecurity Resilience and Information Sharing Platform – CRISP) တို့နှင့် စပ်လျဉ်း၍ လုပ်ငန်းတိုးတက်မှုများကို SLC Task Force Co–chairs များက ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် အာဆီယံလုပ်ငန်းကော်မတီများ၏ ပူးတွဲသဘာပတိများက အာဆီယံလုပ်ငန်းကော်မတီများဖြစ်သည့် အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework – ABIF)၊ ငွေလုံးငွေရင်းစာရင်း လွတ်လပ်ခွင့်ပြုရေး (Capital Account Liberali–zation – CAL)၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှု (Capital Market Development – CMD)၊ အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ (Financial Inclusion – FINC)၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး (Financial Services Liberalization – FSL)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (Payment and Settlement Systems – PSS)၊ စွမ်းရည်မြှင့်တင် တည်ဆောက်ရေးကြီးကြပ်ထိန်းကျောင်းမှုကော်မတီ (Steering Committee on Capacity Building – SCCB) တို့၏ နောက်ဆုံးတိုးတက်မှုကို ရှင်းလင်းတင်ပြခဲ့ရာ အာဆီယံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက တင်ပြချက်များအပေါ် လမ်းညွှန်မှုများ ပေးခဲ့ကြသည်။

ဆက်လက်၍ အာဆီယံဘဏ်များအသင်း (ASEAN Bankers' Association – ABA)မှ Updated on TF Interoperable Data Framework နှင့် စပ်လျဉ်း၍လည်းကောင်း၊ အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ် (ASEAN Swap Arrangement – ASA) အလှည့်ကျ Agent Bank ဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Updated on ASEAN Swap Arrangement (ASA) နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော်  ဖေဖော်ဝါရီ  ၂၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) စတုတ္ထနေ့ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပွံကျောင်း၌ ဆက်လက်ကျင်းပသည်။**



ဒေါက်တာ ရဲတင့်ထွန်း
(စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်)




ဦးပါ
(တောင်သူ)



ဦးကျော်ဇင်ဝင်း
(လူငယ်စွန့်ဦးတီထွင်ပညာရှင်)

ပြပွဲတွင် မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် မျိုးစေ့ကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဦးစီးဌာနများရှိ သုတေသနခြံများ၊ မျိုးသန့်မျိုးပွားခြံများမှ ထုတ်လုပ်ထားသော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးစေ့၊ ပျိုးပင်၊ ပြခန်းပြကွက်များနှင့် စိုက်ခင်းများ၊ ပုဂ္ဂလိကပြခန်းများ အပါအဝင် ပြခန်းပေါင်း ၃၅ ခန်း ဖြင့်စုံလင်စွာ ခင်းကျင်းပြသထားသည်။

ထိုသို့ ခင်းကျင်းပြသထားမှုကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးတောင်သူများ၊ စိုက်ပျိုးရေးကို စိတ်ဝင်စားသူများ၊ မျိုးစေ့ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ လူငယ်စွန့်ဦးတီထွင် ပညာရှင်များနှင့် ပျဉ်းမနားမြို့ရှိ အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားစွာ လာရောက် လေ့လာကြသည်ကို တွေ့မြင်ရသည်။

မျိုးစေ့ပြပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက "အခိက ကတော့ ဘယ်သီးနှံကိုပဲစိုက်စိုက်၊ ဘယ်လိုမျိုး ရင်းနှီးမြှုပ်နှံမှုတွေ စိုက်ထုတ်နိုင်နိုင် မျိုးကောင်းမျိုးသန့်ကို မသုံးစွဲနိုင်ဘူး၊ ဈေးကွက်က လိုအပ်ချက်ရှိတဲ့မျိုးတွေကို သုံးစွဲမှုမရှိဘူးဆိုရင် စဉ်ဆက်မပြတ် အောင်မြင်တဲ့ အခြေအနေရှိမှာ မဟုတ်ပါဘူး။ အဲဒီအတွက်ကြောင့် မျိုးကောင်းမျိုးသန့်ကိုလည်း သုံးရမယ်၊ ဈေးကွက်က Demand ရှိတဲ့ သီးနှံတွေကိုလည်း စိုက်ပျိုးဆောင်ရွက်သွားဖို့ လိုအပ်တဲ့ အခြေအနေ ဖြစ်ပါတယ်။

"အဲဒီအတွက်ကြောင့် အခုလို မျိုးကောင်းမျိုးသန့်တွေသုံးစွဲပြီး အထွက်နှုန်း တိုးလာမယ်ဆိုရင် ဈေးကွက်တွေ တည်ငြိမ်လာမယ်၊ ဈေးနှုန်းတွေ ကောင်းမွန်လာမယ်၊ အဲဒီအတွက်ကြောင့် စိုက်ပျိုးထုတ်လုပ်သူတွေရဲ့ ဝင်ငွေတွေ တိုးပွားလာမယ် ဆိုရင်တော့ ကျွန်တော်တို့ ရည်ရွယ်ချက်ဖြစ်တဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာဖို့ဆိုတာ အသေအချာပဲ ဖြစ်ပါတယ်။ အဲဒီလိုမျိုး ဆောင်ရွက်ခြင်းအားဖြင့် အခြေခံ ကျေးလက်နေပြည်သူလူထုက ဝင်ငွေတွေ တိုးတက်လာမယ်။ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေတင် မဟုတ်ဘဲ လယ်ယာကဏ္ဍမှာ ဆက်စပ်နေတဲ့ လုပ်သားတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရရှိလာနိုင်မယ်။ အဲဒါကြောင့် မျိုးကောင်းမျိုးသန့်မျိုးစေ့ကို အသုံးပြုခြင်းအားဖြင့် စဉ်ဆက်မပြတ် ကွင်းဆက် တောက်လျှောက်မှာရှိနေတဲ့ လူတွေက ကြွယ်ဝချမ်းသာမှုတွေ ဖြစ်လာနိုင်မယ်ဆိုတဲ့ ရည်မှန်းချက်ကိုထားရှိပြီးတော့ ဒီဆောင်ပုဒ်နဲ့အညီ ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပြပွဲသို့ လာရောက်လေ့လာသည့် တောင်သူ ဦးပါ က "ကျွန်တော်က တောင်သူဆိုတော့ ခရမ်း၊ နှမ်းနဲ့ နေကြာစိုက်ပါတယ်။ မျိုးစေ့မျိုးကောင်းလေးတွေ ရချင်လို့ လာရောက်လေ့လာပြီး ခရမ်းမျိုးနဲ့ နေကြာမျိုးတွေလည်း ဝယ်ခဲ့ပါတယ်။ ဒီပွဲလာရတဲ့ ရည်ရွယ်ချက်က တောင်သူတစ်ယောက်အနေနဲ့ မမြင်ဖူးတဲ့ သီးနှံတွေကို မြင်ဖူးချင်တာလည်းပါပါတယ်။ ဒါကြောင့် ကျွန်တော်တို့လို တောင်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့်တွေ ကိုယ့်ဒေသနဲ့ကိုက်ညီမယ့် တခြားမျိုးစေ့တွေကို လာရောက်လေ့လာဖို့ အတွက် ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် ပြပွဲ၌ စိုက်ပျိုးပညာရယူဖို့ ICT ကိုသုံးကြစို့ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ၊ တောင်သူနှီးနှောဖလှယ်ပွဲများနှင့် နည်းပညာအခြေပြု စိုက်ပျိုးပညာပေးရေး လုပ်ငန်းများကိုလည်း ထည့်သွင်းကျင်းပပေးခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လယ်ယာကဏ္ဍကို စိတ်ဝင်စားသူများအနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်အသုံးပြုခြင်းများနှင့် သက်ဆိုင်သည့် ဗဟုသုတများကို စုံလင်စွာ လေ့လာခွင့်ရခဲ့ကြသည်။

စိုက်ပျိုးပညာရယူဖို့ ICT ကိုသုံးကြစို့ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူ လူငယ်စွန့်ဦးတီထွင်ပညာရှင် ဦးကျော်ဇင်ဝင်းက " ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေကို တောင်သူတွေ လွယ်လွယ်ကူကူနဲ့ ဘယ်လိုနေရာကနေ ရရှိနိုင်မလဲ၊ ရရှိနိုင်မယ့်ပစ္စည်းနဲ့ နည်းပညာတွေက ဘာတွေရှိလဲဆိုတာကို ဆွေးနွေးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနမှာရှိတဲ့ call center ၊ website နဲ့ web–portal တွေကို ဆွေးနွေးခဲ့ပါတယ်။ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ mobile application တွေကိုလည်း တောင်သူတွေ သုံးစွဲနိုင်ဖို့ ဘယ်လိုနေရာမှ ရရှိနိုင်တယ်ဆိုတာကို ဆွေးနွေးခဲ့ပါတယ်။ ကိုဗစ်–၁၉ ကာလမှာ တောင်သူပညာပေးနဲ့ စိုက်ပျိုးရေးပညာပေးဝန်ထမ်းတွေ စိုက်ကွင်းထဲမရောက်ရှိနိုင်တဲ့အခြေအနေမှာ တောင်သူတွေအနေနဲ့ mobile application နဲ့ website တွေမှာ လေ့လာနိုင်ပါတယ်။ သိချင်တဲ့အကြောင်းအရာတွေကို call center ကို ဖုန်းဆက်ပြီး မေးနိုင်ပါတယ်။ တောင်သူတွေအနေနဲ့လည်း သိရှိလိုတဲ့ နည်းပညာတွေကို လွယ်ကူမြန်ဆန်စွာ သိရှိနိုင်မှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

မျိုးစေ့ပြပွဲ ၂၀၂၂ ကို မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ အဆိုပါပြပွဲကို "လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့" ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – နိုင်နိုင်ဝင်း**
**ဓာတ်ပုံ – ကိုကိုထိန်**



# ဂျပန်နိုင်ငံ၌ ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှုများစတင်

**တိုကျို ဖေဖော်ဝါရီ ၂၁**

ဂျပန်နိုင်ငံ၌ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မြို့နယ်များတွင် အသက် ငါးနှစ်မှ ၁၁နှစ်ကြား ကလေးများကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးတော့မည်ဟုသိရသည်။ အဆိုပါ အသက်အရွယ်အုပ်စုကိုကာကွယ်ဆေးထိုးပေးသည့်အစီအစဉ်အား ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ကာ ပြည်သူလူထုကို ကာကွယ်ဆေးထိုးပေးသည့်အစီအစဉ်တွင် ထည့်သွင်းခဲ့သည်။ မေလအတွင်း တစ်နိုင်ငံလုံးအနှံ့ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၂ သန်းကို ဖြန့်ဝေသွားရန် အစိုးရက စီစဉ်ထားသည်။ ယခုလအစောပိုင်းမှ စတင်ကာ အချို့သော နေရာများတွင် ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်ကိုစတင်ရန် မျှော်မှန်းထားသည်။ အသက် ငါးနှစ်မှ ၁၁နှစ်ကြားကလေးများကို ကာကွယ်ဆေးထိုးပေးရာတွင် အသက် ၁၂နှစ်နှင့်အထက်များကို ထိုးပေးသည့် ကာကွယ်ဆေးပမာဏ၏ သုံးပုံပုံတစ်ပုံသာပါဝင်မည် ဖြစ်သည်။ ကလေးများကို သုံးပတ်စီခြားကာ နှစ်ကြိမ်ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။ ကျောင်းများတွင်အစုလိုက် ကာကွယ်ဆေးထိုးနှံခြင်းများကိုမူ အစိုးရက ထောက်ခံပေးထားခြင်း မရှိချေ။ အချို့သော မြို့နယ်များတွင် ကလေးများကို ကာကွယ်ဆေးထိုးပေးရန် ဆရာဝန်များနှင့် သူနာပြုအင်အား မလုံလောက်မည်ကို စိုးရိမ်နေကြရသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ပြင်ဆင်နေမှုများကို တွေ့ရစဉ်။

## ဘရာဇီးနိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ ၁၅၂ ဦးအထိရှိလာ

**ဆောပိုလို ဖေဖော်ဝါရီ ၂၁**

ဘရာဇီးနိုင်ငံ ပက်ထရိုပုလစ်မြို့၌ မြေပြိုမှုကြောင့် သေဆုံးသူ ၁၅၂ ဦးအထိရှိလာပြီး ပျောက်ဆုံးနေသူ ၁၆၅ ဦးအထိရှိကြောင်း ဒေသခံကာကွယ်ရေးအေဂျင်စီက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောသည်။ မြေပြိုမှုပေါ်ပေါက်ခဲ့ရာ သဘာဝဘေးဒဏ်ခံဒေသတွင် မီးသတ်သမား ၅၀၀ ကျော် လုပ်ကိုင်လျှက်ရှိပြီး အနံ့ခံခွေး ၄၀ ဖြင့်လည်း ပျောက်ဆုံးနေသူများကို ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ဒေသခံများကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ လမ်းတံတားများမှာလည်း ရေကြီးမြေပြိုမှုကြောင့် ပြိုကျပျက်စီးလျက်ရှိသည်။ ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ၁၉၃၂ ခုနှစ်နောက်ပိုင်း အဆိုးဆုံးသဘာဝဘေးဖြစ်ခဲ့သည်ဟု ရီယိုဒီဂျနေးယိုး အုပ်ချုပ်ရေးမှူး ကလောက်ဒီယို ကက်စထရိုက ပြောသည်။

**ဆင်ဟွာ**

## အီးယူမှ ယူရို သန်း ၄၀ ဆူဒန်နိုင်ငံကို ခွဲဝေချထားပေးမည်

**ခါတွန် ဖေဖော်ဝါရီ ၂၁**

ဥရောပကော်မရှင်သည် ဆူဒန်နိုင်ငံ၌ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ယူရိုသန်း ၄၀ ခွဲဝေချထားပေးသွားမည်ဟု သိရသည်။ အပြည်ပြည်ဆိုင်ရာ အေဂျင်စီများမှတစ်ဆင့် ဆူဒန်ပြည်သူများကို ထောက်ပံ့ပေးရန်အတွက် ၎င်းတို့၏ ကတိကဝတ်များအတိုင်းဆောင်ရွက်သွားမည်ဟု အီးယူက အတည်ပြုပြောကြားခဲ့သည်။ အီးယူရန်ပုံငွေထဲမှ ယူရို ၂၉၄ ဒသမ၂ သန်းကို အာဖရိကနိုင်ငံများသို့ ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

**ဆင်ဟွာ**

# ကာကွယ်ဆေးထိုးပြီးသော ခရီးသွားဧည့်သည်များအား ဩစတြေးလျနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပေးမည်

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၁**

ဩစတြေးလျနိုင်ငံက နိုင်ငံခြားသားခရီးသွားများကို နိုင်ငံအတွင်းဝင်ရောက်ခွင့်ပိတ်ထားသည်မှာ နှစ်နှစ်နီးပါးကြာမြင့်လာပြီဖြစ်သော်လည်း ကာကွယ်ဆေးအပြည့်ထိုးပြီးသောခရီးသွားဧည့်သည်များအတွက် ယခုအခါ ပြည်ဝင်ခွင့်ဗီဇာကို ပြန်လည်ခွင့်ပြုပေးတော့မည်ဟု သိရသည်။

ကာကွယ်ဆေးအပြည့်ထိုးထားကြောင်း ဗီဇာကိုင်ဆောင်ထားသည့် ခရီးသည်များကို ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ကာ လက်ခံနေပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့်ကနေဒါနိုင်ငံတို့မှ လေကြောင်းလိုင်းများသည် ဆစ်ဒနီမြို့လေဆိပ်သို့ တစ်စင်းပြီးတစ်စင်း ဆိုက်ရောက်လာကြသည်။ အချို့သော ခရီးသွားများမှာ မိသားစုနှင့် ပြန်လည်ဆုံစည်းခွင့်ရရှိသည့်အတွက် ပျော်ရွှင်နေကြသည်ကိုတွေ့ရသည်။ ကနေဒါနိုင်ငံမှ အမျိုးသားတစ်ဦးကမူ ဩစတြေးလျနိုင်ငံရှိ ၎င်း၏မိဘများနှင့် ကပ်ရောဂါစတင်သည့်အချိန်မှစကာ တွေ့ခွင့်မရတော့ဘဲ ယခုပထမဆုံးအကြိမ်အဖြစ် ပြန်လည်ဆုံစည်းခွင့်ရရှိသည်ဟု ပြောသည်။ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်းမှစတင်ကာ ကိုဗစ်-၁၉ကူးစက်ပျံ့နှံ့မှုကိုကာကွယ်ရန်အလို့ငှာ နိုင်ငံခြားခရီးသွားများကို ပြည်ဝင်ခွင့်ပိတ်ထားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




ဆစ်ဒနီအပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပွေ့ဖက်နေကြသည့် ခရီးသည်များကို တွေ့ရစဉ်။



အီသီယိုပီးယားနိုင်ငံ ဂူဘာရှိ ဆည်ကို တွေ့ရစဉ်။

# အီသီယိုပီးယား၌ အငြင်းပွားမှုဖြစ်ပွားနေသည့် နိုင်းမြစ်ဆည်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစတင်

**အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၂၁**

အီသီယိုပီးယားနိုင်ငံ၌ နိုင်းမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ဆည်တစ်ခုမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစတင်နေပြီဟု သိရသည်။ အီဂျစ်နိုင်ငံကဲ့သို့သော အခြားသော နိုင်ငံများက ကန့်ကွက်မှုများရှိနေသော်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကိုစတင်နေပြီ ဖြစ်သည်။

အီဂျစ်နိုင်ငံအပါအဝင် အခြားသောနိုင်ငံများမှာ အဆိုပါဆည်တည်ဆောက်မှုကြောင့် ၎င်းတို့နိုင်ငံများသို့ ရေရရှိမှုနည်းပါးသွားမည်ကို စိုးရိမ်နေကြရသည်။ အီသီယိုပီးယားနိုင်ငံတွင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ်မှစတင်ကာ အငြင်းပွားဖွယ် ဆည်ကို တည်ဆောက်နေခဲ့ခြင်းဖြစ်သည်။ အီသီယိုပီးယားနိုင်ငံအတွင်း လူဦးရေ၏ ထက်ဝက်နီးပါးမှာ လျှပ်စစ် ဓာတ်အားပြတ်တောက်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟုဆိုကာ အဆိုပါဆည်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဆည်ကြီးတည်ဆောက်ပြီးစီးသွားသည့်အခါ အာဖရိကတိုက်ရှိ အကြီးဆုံးရေအားလျှပ်စစ် ထုတ်လုပ်သည့် ဆည်ဖြစ်နိုင်ကြောင်း မျှော်လင့်ထားကြသည်။

အဆိုပါဆည်ဖွင့်ပွဲအခမ်းအနား၌ အီသီယိုပီးယားဝန်ကြီးချုပ် အဘီအာမက် အလီက ၎င်းတို့နိုင်ငံရှိ အမှောင်အတွင်းနေထိုင်ရသည့် လူဦးရေ ၆၀ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားပေးစွမ်းနိုင်တော့မည်ဟု ပြောသည်။ အီဂျစ်နှင့် ဆူဒန်နိုင်ငံတို့ကမူ အဆိုပါဆည် တည်ဆောက်မှုစီမံကိန်းကြောင့် ၎င်းတို့နိုင်ငံများတွင် ရေရရှိမှုနည်းပါးသွားမည်ကို စိုးရိမ်နေကြသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ သုံးရက်ဆက်တိုက် ၂၀၀၀ အောက်ကျဆင်း

**မနီလာ ဖေဖော်ဝါရီ ၂၁**

ဖိလစ်ပိုင်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၂၇ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၆၅၃၅၂၆ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၇၉ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူပေါင်း ၅၅၇၆၃ ဦးအထိ ရှိလာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလအတွင်း အိုမီခရွန်မျိုးကွဲရပ်စ် ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးအခြေအနေကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးတာဝန်ရှိသူ မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောကြားလိုက်ပြီး နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ တွေ့ရှိနှုန်းသည်လည်း ၇ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၈၆၅၇ ဦး ကျဆင်းခဲ့သည်။

လွန်ခဲ့သောနှစ် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက်လေးခုရိုက်ခတ်ခြင်းကို ခံခဲ့ရသည်။

နောက်ဆုံး ကိုဗစ်-၁၉ လှိုင်းသည် စက်တင်ဘာလတွင် မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၉၀၀၄ ဦးဖြင့် ကူးစက်ဖြစ်ပွားနှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ သုံးရက်ဆက်တိုက် ၂၀၀၀ အောက် ကျဆင်းခဲ့ခြင်းဖြစ်သည်။ အိုမီခရွန်မျိုးကွဲရပ်စ်ကူးစက်မှု ကျဆင်းလာသောကြောင့် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှုများလည်း ကျဆင်းလာခဲ့သည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၆ သန်းကျော်လွန်လာပြီဖြစ်သည်။ **ဆင်ဟွာ**



ဖိလစ်ပိုင်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်သူရဲကောင်းများကို ဂုဏ်ပြုရေးဆွဲထားသော နံရံဆေးရေးပန်းချီတစ်ခုကို တွေ့ရစဉ်။

# တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း နှစ်သန်းကျော် ရှိလာ

**ဆိုးလ် ဖေဖော်ဝါရီ ၂၁**

အိုမီခရွန်မျိုးကွဲရပ်စ် ကူးစက်ဖြစ်ပွားမှု မြင့်မားနေစဉ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လျက်ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၂၁ ရက်က ပြောကြားလိုက်သည်။


တောင်ကိုရီးယားနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပေးနေစဉ်။

ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးနောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ဖေဖော်ဝါရီ ၁၃ ရက်အထိ ၅၁၆၄၃၁ ဦး ရှိလာခဲ့ကြောင်း ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ အပိုဆောင်း ကာကွယ်ဆေးထိုးပြီး ရောဂါအခြေအနေ ဆိုးရွားပြင်းထန်သူပေါင်း ၂၃၇ ဦးရှိပြီး သေဆုံးသူ ၁၅၈ ဦး ရှိလာခဲ့သည်။

နောက်ဆုံးစာရင်းဖော်ပြချက်များအရ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၅၃၆၂ ဦး ရှိလာမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၀၅၈၁၈၄ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုများ လျော့နည်းလာသောကြောင့် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ၁၀၀၀၀၀ အောက် လျော့နည်းကျဆင်းခဲ့သည်။ လွန်ခဲ့သော သုံးရက်ဆက်တိုက်အတွင်း တောင်ကိုရီးယားနိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀၀၀ ကျော်လွန်ခဲ့သည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်မှာ ၂၈ ရက် ရှိပြီဖြစ်

**နယူးဒေလီ ဖေဖော်ဝါရီ ၂၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၀၅၁ ဦး ရှိလာသောကြောင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၈၃၈၅၂၄ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ဖြင့် ၂၀၆ ဦး ထပ်မံသေဆုံးမှုအပါအဝင် စုစုပေါင်းသေဆုံးသူ ၅၁၂၁၀၉ ဦး ရှိသည်။

အိန္ဒိယနိုင်ငံတွင် လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၀၂၁၃၁ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၂၀၅၆ ဦး လျော့နည်းခဲ့သည်။

ယခုလို နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကျဆင်းခဲ့သည်မှာ ၂၈ ရက် ရှိလာပြီဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှဆင်းလာသူ ၃၇၉၀၁ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၄၂၁၂၄၂၈၄ ဦး ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

# မလေးရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း သုံးသန်းကျော်ရှိကြောင်း ဖော်ပြ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၁**

မလေးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၂၀ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၆၈၃၂ ဦးရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၂၂၁၆၈၀ ရှိကြောင်း ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၈ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၂၆၇၆၄ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ၃၇ ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၃၂၃၄၇ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီး ဆေးရုံမှဆင်းလာသူ ၁၈၄၅၉ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ရောဂါကင်းစင်သွားသူပေါင်း ၂၉၃၇၆၅၅ ဦး ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၅၁၆၇၈ ဦးအနက် ၂၄၇ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၁၃၉ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက်တစ်ရက်တည်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူ ၁၂၈၁၅၃ ဦးရှိခဲ့ရာ လူဦးရေ၏ ၈၁ ဒသမ ၅ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရပြီး ၇၈ ဒသမ ၈ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးဖြစ်သည်။ ထို့အပြင် ၄၂ ဒသမ ၈ ရာခိုင်နှုန်းမှာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**


မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

# သီရိလင်္ကာ၌ ခန်းမအပြင်ဘက်အခမ်းအနားများတွင် ပါးစပ်နှာခေါင်းစည်းများ ဆက်လက်တပ်ဆင်သွားကြရမည်

**ကိုလံဘို ဖေဖော်ဝါရီ ၂၁**

သီရိလင်္ကာနိုင်ငံကျန်းမာရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၂၁ ရက်က ခန်းမအပြင်ဘက်အခမ်းအနားများတွင် ပါးစပ်နှာခေါင်းစည်းများ ဆက်လက်တပ်ဆင်သွားကြရမည်ဖြစ်ကြောင်း၊ တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော သီရိလင်္ကာနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၁၀၀၀ ထက်ရှိနေသေးကြောင်း ပြောကြားလိုက်သည်။

ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန်မလိုတော့ဟူသောစည်းမျဉ်းများကို ငြင်းပယ်ကာ ကိုဗစ်-၁၉ ညှိနှိုင်းရေးမှူး အန်ဝါဟမ်ဒါနီက မြို့တော်ကိုလံဘိုတွင် သတင်းထောက်များကို ပြောကြားလိုက်ခြင်းဖြစ်သည်။

ထိုကဲ့သို့သော ဆုံးဖြတ်ချက်ချရန်အတွက် အချိန်မတိုင်သေးကြောင်းနှင့် အလွန်စောလွန်းနေသေးကြောင်း၊ ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေးထိုးနှံမှုတွင် စိတ်ကျေနပ်စရာကောင်းသည့်ပမာဏအထိ မရောက်ရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၂၀ ပြည့်နှစ်တွင် သီရိလင်္ကာနိုင်ငံတွင် နိုင်ငံသားတိုင်း ခန်းမအပြင်ဘက် အခမ်းအနားအားလုံးအတွက် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန် အမိန့်တစ်ရပ် ပြဋ္ဌာန်းခဲ့သည်။ ငြင်းဆန်သူများသည် ဒဏ်ငွေရိုက်ခံရမည်ဖြစ်ပြီး ထောင်ပါချနိုင်သည်။ **ဆင်ဟွာ**

# အမေရိကန်မှာ ငွေကြေးဖောင်းပွမှုတွေမြင့်တက်လာခြင်းက လာမယ့် သက်တမ်းဝက်ရွေးကောက်ပွဲအပေါ် ထိခိုက်စေနိုင်

•••••• လင်းဟန်သစ် ••••••

မကြာသေးမီလများအတွင်း အမေရိကန်ပြည်ထောင်စုမှာ ဈေးနှုန်းတွေ မိုးထိအောင်မြင့်တက်လာခဲ့တယ်လို့ ဝါရှင်တန် ဒီစီရှိ အလယ်အလတ် ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်တဲ့ အသက် ၃၅ နှစ်ရှိ ဒန်ဝီလ်ဆန်က ပြောကြားလိုက်ပါတယ်။

စားသောက်ဆိုင်လုပ်ငန်းကို စိတ်ဝင်စားနေတဲ့ သူနဲ့ သူ့ဇနီးဟာ အဲဒီရက်တွေတုန်းက အိမ်မှာပဲအများဆုံးချက်ပြုတ်စားသောက်ကြပါတယ်။ သူတို့ရဲ့အကြိုက်အစားအသောက်တွေရဲ့ ဈေးတွေကလည်း မြင့်တက်လာခဲ့ပါတယ်။

**နှစ် ၄၀ အတွင်းမှာ အမြန်ဆုံးမြင့်တက်လာ**

အမှန်တကယ်တော့ အမေရိကန်တွေဟာ မကြာသေးမီလများအတွင်းက ငွေကြေးဖောင်းပွခြင်းကို နင့်နင့်သီးသီးခံစားခဲ့ကြရပါတယ်။ ကုန်ဈေးနှုန်းတွေဟာ အစောပိုင်းနှစ်ထက် ၇ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါတယ်။ ဒါဟာ နှစ် ၄၀ အတွင်းမှာ အမြန်ဆုံးမြင့်တက်လာတာပဲဖြစ်ပါတယ်။

အမေရိကန်အများစုဟာ အစားအသောက်ဈေးနှုန်းတွေ၊ အိမ်ရာဈေးနှုန်းတွေ၊ ဆီဈေးနှုန်းတွေ အများအပြား မြင့်တက်လာတဲ့အခါ လိုအပ်ချက်တွေပြည့်စုံအောင်ဖြည့်ဆည်းဖို့ဆိုတာ မလွယ်တဲ့ကိစ္စဖြစ်လာသလို အခက်အခဲတွေနဲ့လည်း ရင်ဆိုင်လာကြရပါတယ်။

ဒီလိုအခြေအနေတွေဖြစ်လာခြင်းက လက်ရှိအမေရိကန်သမ္မတအတွက် ဒီနှစ်မှာပြုလုပ်မယ့် လွှတ်တော်သက်တမ်းဝက်ရွေးကောက်ပွဲမှာ နာကျင်မှုတွေ ဖြစ်စေနိုင်ပါတယ်။

**ငွေကြေးဖောင်းပွခြင်းက အစိုးရအတွက် စိန်ခေါ်မှုဖြစ်**

ငွေကြေးဖောင်းပွလာခြင်းဟာ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အမေရိကန်ပြည်သူတွေရဲ့ လူနေမှုကုန်ကျစရိတ်တွေကို ရုတ်ခြည်းမြင့်တက်စေခဲ့တဲ့အတွက် ဒါဟာ အမေရိကန်အစိုးရအတွက်တော့ အဓိကစိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်လာခဲ့တယ်လို့ ဘရွတ်ကလင်းအင်စတီကျူရဲ့ အဆင့်မြင့်ပညာရှင်တစ်ဦးဖြစ်တဲ့ ဒါရယ်ဝက်တ်က ပြောကြားလိုက်ပါတယ်။

ဒီနေ့ရဲ့ငွေကြေးဖောင်းပွခြင်းက အမေရိကန်ဗဟိုဘဏ်ရဲ့ သတ်မှတ်ငွေကြေးဖောင်းပွမှု နှစ်ရာခိုင်နှုန်းထက် သိသိသာသာ ပိုနေတယ်လို့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အရာရှိဟောင်းလည်းဖြစ်၊ပြည်သူ့ရေးရာမူဝါဒသုတေသနဆိုင်ရာ အမေရိကန်အင်စတီကျူပညာရှင်အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သူ ဒက်စ်မွန့်ဒ်လာ့ချ် မင်းန်က ပြောကြားလိုက်ပါတယ်။

**ငွေကြေးမူဝါဒအပေါ် ပြင်းထန်တဲ့သက်ရောက်မှုတွေဖြစ်စေ**

ငွေကြေးဖောင်းပွခြင်းက မတ်လအစမှာအတိုးနှုန်းမြင့်တက်လာခြင်းတွေနဲ့အတူ ငွေကြေးမူဝါဒအပေါ် ပြင်းထန်တဲ့သက်ရောက်မှုတွေဖြစ်စေခဲ့ပါတယ်။ အမေရိကန်ဗဟိုဘဏ်က ဒီလိုအခြေအနေတွေကို မကြာမီမှာ ထိန်းချုပ်နိုင်မယ်လို့ မျှော်လင့်ရပါတယ်။ သို့သော်လည်း ဒါက စီးပွားရေးအပေါ်ခက်ခဲမှုတွေဖြစ်စေနိုင်ပြီး နောက်ထပ်စီးပွားပျက်ကပ်လိုမျိုးတောင် ဖြစ်လာနိုင်ပါတယ်။

အတိုးနှုန်းတွေ မြင့်တက်လာခြင်းက ရှယ်ယာတန်ဖိုးတွေနဲ့ အိမ်ခြံမြေဈေးကွက်ကို ရုတ်တရက်ကောင်းတဲ့အခြေအနေကနေ ဆိုးတဲ့အခြေအနေကို ဖြစ်စေနိုင်ပါတယ်။

စီးပွားပျက်ကပ်ဟာ အိမ်ဖြူတော်ကို ထိန်းချုပ်ထားတဲ့ သို့မဟုတ် အမေရိကန်အစိုးရတိုင်းအတွက် အမြဲတမ်းသတင်းဆိုးတစ်ခုပါပဲ။ ဒီလိုမျိုး နိုဝင်ဘာမတိုင်မီက တစ်ခါဖြစ်ခဲ့ပါသေးတယ်။ အဲဒီအချိန်တုန်းက အမေရိကန်တွေရဲ့ ဆန္ဒမဲပုံးတွေမှာ အပြောင်းအလဲတွေဖြစ်ခဲ့ပါတယ်။



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်

**ငွေကြေးအဆမတန်ဖောင်းပွခြင်းဟာ ကောင်းတဲ့လက္ခဏာမဟုတ်**

ငွေကြေးအဆမတန်ဖောင်းပွခြင်းဟာ နိုင်ငံရေးအရတော့ သိပ်ကောင်းတဲ့ လက္ခဏာတစ်ခုတော့မဟုတ်ပါဘူး။ လူထုသဘောထားစစ်တမ်းမှာလည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်ရဲ့ စီးပွားရေးကိုင်တွယ်မှုအပေါ် အမေရိကန်မဲဆန္ဒရှင်တွေက အားရစရာမကောင်းတဲ့ အဆင့်သတ်မှတ်ချက်မျိုးပဲ ပေးခဲ့ကြပါတယ်။ လာမယ့်နိုဝင်ဘာသက်တမ်းဝက်ရွေးကောက်ပွဲမှာ မစ္စတာဘိုင်ဒန် ရဲ့ အခွင့်အလမ်းကတော့ တိမ်ဖုံးလို့လမသာ ဖြစ်လာမလားဆိုတာ မသိသေးပါဘူး။ စီးပွားအခက်အခဲတွေ ဒီထက်ပိုပြီးဖြစ်လာမယ်ဆိုရင်တော့ ဒီထက်ပိုပြီးဆိုးသွားဖို့ပဲရှိပါတယ်။

ကွီနင်ပီရက် တက္ကသိုလ်ရဲ့ မကြာသေးမီက ကောက်ယူခဲ့တဲ့ စစ်တမ်းတစ်ခုမှာတော့ အမေရိကန် ၅၄ ရာခိုင်နှုန်းက စီးပွားရေး ဒီထက်ပိုဆိုးလာမယ်ဆိုတာကို ယုံကြည်ထားတယ်လို့ ဖြေကြားခဲ့ပါတယ်။ ၁၅ ရာခိုင်နှုန်းလောက်သာ တိုးတက်လာမယ်လို့ ပြောထားပါတယ်။ ၃၀ ရာခိုင်နှုန်းကတော့ စီးပွားရေးက ဒီအတိုင်းပဲ ဆက်ဖြစ်သွားမယ်လို့ ပြောပါတယ်။

**ငွေကြေးဖောင်းပွခြင်းက ရွေးကောက်ပွဲအပေါ်လွှမ်းမိုးနိုင်**

ဝါရှင်တန် ဒီစီရဲ့ ကော်ဖီဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်တဲ့ အသက် ၂၀ ကျော်အမျိုးသမီးတစ်ဦးဖြစ်တဲ့ ဂျွန်နာဝီလာက ကုန်စိမ်းစတိုးဆိုင်တွေမှာရောင်းတဲ့ ဈေးတွေဟာ တချို့အမယ်တွေမှာ ပိုပြီးကြီးလာတယ်လို့ပြောကြားလိုက်ပြီး ငွေကြေးဖောင်းပွလာခြင်းက ရှေ့လာမယ့် ရွေးကောက်ပွဲမှာ သူဘယ်လိုမျိုး မဲပေးမလဲဆိုတဲ့အပေါ် အများကြီး လွှမ်းမိုးလိမ့်မယ်လို့ ပြောပါတယ်။

အစားအသောက်၊ တစ်ပတ်ရစ်ကား၊ ကုန်တင်ကားနဲ့ အိမ်ရာတွေမှာ ဈေးတွေဟာ မြင့်တက်လာတယ်။ရေနံဈေး လောင်စာဈေးတွေလည်း မြင့်တက်လာပါတယ်။ ယူကရိန်း ပဋိပက္ခကြောင့်လည်း နောက်ထပ်ဈေးတွေ ထပ်တက်လာဦးမယ်လို့ စီးပွားရေးကျွမ်းကျင်သူတွေက ခန့်မှန်းထားပါတယ်။

ရီပတ်ဘလီကန်တွေကတော့ ဘိုင်ဒန်ရဲ့ Green Energy မူဝါဒတွေကို ပြစ်တင်ဝေဖန်ထားပြီး အဲဒါက ဓာတ်ငွေ့ဈေးနှုန်းတွေကို နောက်ထပ် မြင့်တက်စေတယ်လို့ ပြောလိုက်ပါတယ်။

**ကပ်ရောဂါက ငွေကြေးဖောင်းပွမှုကိုဖြစ်စေ**

သို့သော်လည်း အိမ်ဖြူတော်ကတော့ ကပ်ရောဂါဟန့်တားနှောင့်ယှက်မှုကို ပြစ်တင်ထားပြီး ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကုန်စည်လည်ပတ်စီးဆင်းမှုတွေ ကြန့်ကြာပြီး ငွေကြေးဖောင်းပွမှုတွေဖြစ်တဲ့အပေါ် ဖော်ပြထားပါတယ်။

သို့သော်လည်း ဒီမိုကရက်တွေက ငွေကြေးဖောင်းပွမှုကိုလျော့ကျစေမယ့် အမေရိကန်ဒေါ်လာ ၂ ထရီလီယံရှိတဲ့ Build Back Better ဥပဒေကြမ်းအပေါ် ကျေနပ်လျက်ရှိပါတယ်။ သို့သော်လည်း ဒီအပေါ် ရီပတ်ဘလီကန်တွေကတော့ အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်လို့ ပြောကြားလိုက်ပြီး အစိုးရရဲ့ အသုံးစရိတ်ထက် ပိုများနေတယ်လို့ ပြောကြားလိုက်ပြီး ငွေကြေးဖောင်းပွမှုဖြစ်လာတဲ့အပေါ် ပြစ်တင်ထားပါတယ်။

ငွေကြေးဖောင်းပွမှုတွေကြောင့် သာမန်အမေရိကန်မိသားစုတစ်စုဟာ တစ်လကို နောက်ထပ် အမေရိကန်ဒေါ်လာ ၂၇၆ ဒေါ်လာ သုံးစွဲနေရတယ်လို့ Moody's Analytics ကဖော်ပြထားတယ်လို့ ရီပတ်ဘလီကန်အထက်လွှတ်တော် ငွေကြေးကော်မတီအမတ် တစ်ဦးဖြစ်တဲ့ မိုက်ကရာပိုက ပြောကြားလိုက်ပါတယ်။

**လွှတ်တော်အနေနဲ့ ကောင်းကောင်းဖြေရှင်းဖို့လုပ်ဆောင်ရမယ်**

အန္တရာယ်ဖြစ်စေတဲ့ သက်ရောက်မှုတွေ ဖြစ်ပွားစေနိုင်တဲ့ ဒီငွေကြေးဖောင်းပွမှုတွေကို လွှတ်တော်အနေနဲ့ ကောင်းကောင်းဖြေရှင်းဖို့ လုပ်ဆောင်ရမယ်လို့ ကရာပိုက ပြောလိုက်ပါတယ်။ နိုင်ငံ့အပေါ် ငွေကြေးဖောင်းပွမှု သက်ရောက်မှုနဲ့ပတ်သက်ပြီး ဘယ်လိုမျိုး ဆက်လက်လုပ်ဆောင်သွားမလဲဆိုတဲ့အပေါ် မတ် ၁ ရက်မှာတော့ ဘိုင်ဒန်က မိန့်ခွန်းပြောကြားသွားမှာဖြစ်ပါတယ်။

ကိုးကား- အေအက်ဖ်ပီ၊ ဆင်ဟွာ

❋ ငွေကြေးအဆမတန်ဖောင်းပွခြင်းဟာ နိုင်ငံရေးအရတော့ သိပ်ကောင်းတဲ့ လက္ခဏာတစ်ခုတော့မဟုတ်ပါဘူး။ လူထုသဘောထား စစ်တမ်းမှာလည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်ရဲ့ စီးပွားရေး ကိုင်တွယ်မှုအပေါ် အမေရိကန်မဲဆန္ဒရှင်တွေက အားရစရာမကောင်းတဲ့ အဆင့်သတ်မှတ် ချက်မျိုးပဲ ပေးခဲ့ကြပါတယ်

# ဖေဖော်ဝါရီ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၉၇ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ခုနစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၃၈ ဦးရှိ

(၂၁–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၈,၄၈၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၈၉၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁၀.၁၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၉၃၅,၉၈၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၆၈,၅၆၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၅၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၂၄,၈၈၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၇)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၃၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၁–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၄၅) ခု | (၂၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၂) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၇) ခု | (၂၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၆၉) ခု | (၁၈၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၁၅၅) ခု | (၃၉၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၃,၃၀၉) ခု | (၂,၀၈၅) ဦး |
| စုစုပေါင်း | (၂၈,၄၈၀) ခု | (၂,၈၉၇) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့် ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင် အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျ ရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၁ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၀၈၇၆၁၇ | ၅၁၆၇၃၉၅၅ | ၉၅၉၄၁၂ |
| ၂။ | အိန္ဒိယ | ၄၂၈၃၈၅၂၄ | ၄၂၁၂၄၂၈၄ | ၅၁၂၁၄၁ |
| ၃။ | ဘရာဇီး | ၂၈၂၀၈၂၁၂ | ၂၅၀၄၈၀၇၂ | ၆၄၄၃၆၂ |
| ၄။ | ပြင်သစ် | ၂၂၂၈၆၈၂၉ | ၁၉၀၀၄၁၃၆ | ၁၃၆၅၉၄ |
| ၅။ | ဗြိတိန် | ၁၈၆၀၅၇၅၂ | ၁၆၇၁၀၃၂၄ | ၁၆၀၅၈၁ |
| ၆။ | ရုရှား | ၁၅၅၂၂၇၅၆ | ၁၂၄၉၂၇၃၂ | ၃၄၆၂၃၅ |
| ၇။ | ဂျာမနီ | ၁၃၆၀၂၄၃၁ | ၉၈၂၉၃၀၀ | ၁၂၁၈၉၁ |
| ၈။ | တူရကီ | ၁၃၅၀၄၄၈၅ | ၁၂၆၆၁၂၉၈ | ၉၂၄၅၁ |
| ၉။ | အီတလီ | ၁၂၄၆၉၉၇၅ | ၁၀၉၆၈၆၃၉ | ၁၅၂၉၈၉ |
| ၁၀။ | စပိန် | ၁၀၈၀၉၂၂၂ | ၈၃၂၆၇၉၃ | ၉၇၉၉၈ |

## ၂၁-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၂၃၁၉၂၃ | ၄၅၅၄၇၁၁ | ၁၄၆၅၄၁ |
| ဖိလစ်ပိုင် | ၃၆၅၃၅၂၆ | ၃၅၃၉၁၀၆ | ၅၅၇၆၃ |
| မလေးရှား | ၃၂၂၁၆၈၀ | ၂၉၃၇၆၅၅ | ၃၂၃၄၇ |
| ဗီယက်နမ် | ၂၈၃၄၃၇၃ | ၂၂၉၄၆၆၉ | ၃၉၆၀၅ |
| ထိုင်း | ၂၇၃၁၁၉၈ | ၂၅၄၂၁၄၅ | ၂၂၆၅၉ |
| စင်ကာပူ | ၅၈၂၆၃၈ | ၅၂၁၅၈၉ | ၉၄၅ |
| မြန်မာ | ၅၆၈၅၆၄ | ၅၂၄၈၈၀ | ၁၉၃၃၈ |
| လာအို | ၁၄၁၃၀၁ | ၁၃၇၈၁၆ | ၆၁၂ |
| ကမ္ဘောဒီးယား | ၁၂၆၉၇၇ | ၁၂၀၇၆၇ | ၃၀၂၀ |
| ဘရူနိုင်း | ၃၇၇၉၈ | ၂၀၅၈၃ | ၁၁၁ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးလျှင် ဦးစားပေးရွေးချယ်စေချင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် စစ်ကိုင်းနှင့် သန်လျင်

ခန့်ဇော်(ကျေးလက်)

**သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(ယခင်သမဝါယမတက္ကသိုလ်)ဟု ဆိုလိုက်လျှင် စစ်ကိုင်း၊ မန္တလေးနှင့် ရန်ကုန်၊ သန်လျင်အနီးဝန်းကျင်တွင် သိရှိသူ၊ တက်ရောက်သူများပြားသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မူ တွင်တွင်ကျယ်ကျယ် သိရှိမှုက အားနည်းနေသေးသည်ဆိုရမည်။ ဒီကျောင်းမှာ ဘာတွေသင်ပြီး၊ ဒီကျောင်းရဲ့ Products တွေ ဘယ်မှာသွားပြီး အသုံးတည့်သည်ကို မသိကြခြင်းကပင် လူသိနည်းပါးရခြင်း၏ အဓိကဇာစ်မြစ်ဟု မိမိထင်သည်။ ထို့ကြောင့်ပင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စစ်ကိုင်းနှင့် သန်လျင်တို့မှ ပါမောက္ခချုပ်ကြီးများနှင့် Online မှတစ်ဆင့် ဆွေးနွေးဖြစ်ခဲ့သည်။**



သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)။

### တက္ကသိုလ်များ၏ မျှော်မှန်းချက်နှင့် သင်ကြားရေးကဏ္ဍချိတ်ဆက်မှု

**မေး။ ။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်တွေအကြောင်းကို လေ့လာမိတဲ့အချိန်မှာ** ကျွန်တော့်အနေနဲ့ ပထမဆုံးသတိထားမိတာက အင်မတန်မှအဓိပ္ပာယ်ပြည့်ဝတဲ့ တက္ကသိုလ်များရဲ့ မျှော်မှန်းချက်ပါပဲ။ "အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ်အခြေခံရှိပြီး အရည်အချင်းပြည့်ဝသော လူမှုစီးပွားရေးပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုတက္ကသိုလ် ဖြစ်လာစေရန်" ဆိုတဲ့ တက္ကသိုလ်များရဲ့ မျှော်မှန်းချက်ကိုတွေ့ရတော့ အလွန်ပဲနှစ်သက်သဘောကျဖြစ်မိရပါတယ်။ ဒီနေရာမှာ ကျွန်တော်စိတ်ဝင်စားတာက အမျိုးသားရေးစိတ်ဓာတ်နဲ့ လူမှုရေးစိတ်ဓာတ် အခြေခံရှိစေဖို့ ဆရာမကြီးတို့အနေနဲ့ သင်ကြားရေးပိုင်းမှာ ဘယ်လိုစီမံဆောင်ရွက်နေသလဲဆိုတဲ့ အချက်ပါပဲ။

**ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း(သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ သန်လျင်)။** ။ဟုတ်ကဲ့ ဆရာ။ သင်ကြားရေးပိုင်းအနေနဲ့ အမျိုးသားရေးစိတ်ဓာတ်အခြေခံရှိဖို့အတွက်ကတော့ ပထမနှစ်မြန်မာစာနှင့် မြန်မာ့ရေးရာဘာသာရပ်တွေမှာ ထည့်သွင်းသင်ကြားပေးပါတယ်။ လူမှုရေးစိတ်ဓာတ်အခြေခံရှိဖို့အတွက်ကတော့ အသင်းအဖွဲ့နဲ့ဆောင်ရွက်တဲ့ အလေ့အကျင့်ကောင်းတွေရရှိလာစေဖို့ တက္ကသိုလ် အနုပညာအသင်း၊ တက္ကသိုလ်ကြက်ခြေနီအသင်းခွဲတွေ ဖွဲ့စည်းထားပြီး ဒီအသင်းအဖွဲ့တွေမှာ ပါဝင်ဆောင်ရွက်စေပါတယ်။ ဒါ့အပြင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်ကစပြီး ပြည်သူ့နီတိကို extra curriculum အနေနဲ့ သင်ကြားပေးခဲ့ပါတယ်။ တစ်ဖက်ကလည်း လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေဖို့အတွက် တက္ကသိုလ်တည်ရှိရာ အနီးတစ်ဝိုက်ကျေးရွာတွေ ဖွံ့ဖြိုးလာစေဖို့ Saemaul Undong စီမံကိန်းနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာ ကျေးရွာ ၁၁ ရွာအထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အမျိုးသားရေးစိတ်ဓာတ်၊ လူမှုရေးစိတ်ဓာတ် အခြေခံကောင်းတွေ ရရှိစေဖို့၊ လူမှုအဖွဲ့အစည်းဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေ ရရှိလာစေဖို့အတွက် လက်ရှိမှာတော့ ရှေ့မှာပြောခဲ့သလို ကျောင်းသင်ခန်းစာပိုင်းမှာ ထည့်သင့်တာကို ထည့်ပြီး ကျောင်းပြင်ပလှုပ်ရှားမှုတွေမှာ အလေ့အကျင့်လုပ်ပေးသင့်တာကို လုပ်ပေးတဲ့နည်းနဲ့ လေ့ကျင့်သင်ကြားပေးနေပါတယ် ဆရာ။

### ဒီကျောင်းက ဘာတွေသင်ကြားပေးသလဲ

**မေး။ ။ သင်ကြားရေးအရ လူမှုစီးပွားဖွံ့ဖြိုးရေးနဲ့ ချိတ်ဆက်ထားတာကတော့ လက်တွေ့မှာ တကယ်အကျိုးများစေပါတယ်။ အမျိုးသားရေးစိတ်ဓာတ် အခြေခံခိုင်မာစေဖို့ ပထမနှစ်မှာ ထည့်သွင်းသင်ကြားပေးတာလည်း ကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒုတိယနှစ်၊ တတိယနှစ်နဲ့ စတုတ္ထနှစ်သင်တန်းတွေမှာပါ အမျိုးသားရေးစိတ်ဓာတ်အခြေခံခိုင်မာစေမယ့် လှုပ်ရှားမှုလေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲလိုမျိုးတွေ စီစဉ်ပေးနိုင်ရင် ပိုကောင်းမယ်လို့ မြင်မိပါတယ်။ ဒီအတွက်လည်း Action Plan စနစ်တကျ ချမှတ်ထားသင့်ပါတယ်။ ဘယ်အတိုင်းအတာအထိ မျှော်မှန်းချက်ပေါက်မြောက်အောင်မြင်သလဲဆိုတာကို စစ်ဆေးခံနိုင်ဖို့လိုပါတယ်။ နောက်တစ်ခုကတော့ အရည်အချင်းပြည့်ဝသော လူမှုစီးပွားရေးပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ဖို့ဆိုတာနဲ့ပတ်သက်ပြီး လက်ရှိသင်ကြားရေးပိုင်းမှာ ဘယ်ဘာသာရပ်တွေကို အဓိကမေဂျာအနေနဲ့ သင်ကြားနေသလဲဆိုတာ သိချင်ပါတယ်။**

**ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း။** ။ ကျွန်မတို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) က ၁၉၇၀ ပြည့်နှစ်မှာ ရန်ကုန်တိုင်း သမဝါယမသင်တန်းကျောင်းအဖြစ်ကနေ စခဲ့တာပေါ့ ဆရာ။ အဲဒီကမှ ၁၉၉၄ ခုနှစ်မှာ ရန်ကုန် သမဝါယမဒေသကောလိပ်ဖြစ်၊ နောက် ၁၉၉၆ ခုနှစ်ရောက်တော့ ရန်ကုန်သမဝါယမဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာမှ တက္ကသိုလ်အဖြစ်အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့တာပါ။ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၅ ရက်မှာ သမဝါယမတက္ကသိုလ် (သန်လျင်/ စစ်ကိုင်း) တို့ကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်/ စစ်ကိုင်း)အဖြစ် အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါတယ်။ တက္ကသိုလ်မဖြစ်ခင်ကတော့ ဘာသာရပ်အနေနဲ့က Generalization သွားခဲ့ပြီး ဘွဲ့အနေနဲ့တော့ ဝိဇ္ဇာဘွဲ့ (စီးပွားရေးသိပ္ပံ) B.A (Business Science)ဆိုပြီး ရန်ကုန်တက္ကသိုလ်ကနေ ချီးမြှင့်ပေးပါတယ်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်ကနေစပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိကတော့ စီးပွားရေးသိပ္ပံဘွဲ့ (Bachelor of Business Science) (B.BSc)ဆိုပြီး ပေးခဲ့တာပေါ့ ဆရာ။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်မတို့ Specialization နဲ့ သွားမယ်ဆိုပြီးတော့ ဒီမေဂျာ ငါးခုကို create လုပ်ခဲ့တာ ခုဆို တတိယအသုတ်(Third Batch) အထိ ပြီးခဲ့ပါပြီ။

အဓိကမေဂျာတွေအနေနဲ့ သင်ကြားပေးတဲ့ အထူးပြုဘာသာရပ်ဌာနတွေကတော့ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ သမဝါယမပညာ၊ စီမံခန့်ခွဲမှုပညာ၊ စာရင်းအင်းပညာတို့ဖြစ်ပါတယ်။ အထောက်အကူပြု ဘာသာရပ်ဌာနတွေအနေနဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ၊ စီးပွားရေး၊ ပထဝီဝင်နှင့် ဥပဒေပညာဌာနဆိုပြီး ရှိပါတယ်။

၂၀၁၄ -၂၀၁၅ ပညာသင်နှစ်ကစပြီး အထူးပြုဘာသာရပ်အလိုက် (၄)နှစ် ဘွဲ့ကြိုသင်တန်းများ စတင်သင်ကြားခဲ့ပြီး ဘာသာရပ်အလိုက် ဘွဲ့တွေပေးအပ်ခဲ့ရာမှာတော့ စီးပွားရေးသိပ္ပံဘွဲ့(B.BSc)ကို လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ(Social Enterprises Management- SEM)၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှု ပညာ(Regional Development-RD)၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာ (Accounting and Finance- AF)၊ ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာ(Marketing Management-MM)၊ အသုံးချစာရင်းအင်း ပညာ (Applied Statisitics-AS) ဆိုတဲ့ အထူးပြုဘာသာရပ် (၅)မျိုးနဲ့ ပေးအပ်နိုင်ခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကစပြီး ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုပညာ၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာ၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ၊ အသုံးချစာရင်းအင်းပညာရပ်တွေအတွက် ဘွဲ့လွန်ဒီပလိုမာတွေ ပေးအပ်နိုင်ခဲ့သလို အထူးပြုဘာသာရပ်(၅)ခုလုံးကို မဟာဘွဲ့အထိ ပေးအပ်နိုင်ခဲ့ပါတယ် ဆရာ။

**ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီ (သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စစ်ကိုင်း)။** ။ ကျွန်မတို့ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) အနေနဲ့ကတော့ ၁၉၈၂ ခုနှစ်မှာ ကချင်၊ ချင်းနှင့် စစ်ကိုင်း ပြည်နယ်/ တိုင်းသမဝါယမသင်တန်းကျောင်းအဖြစ် စပြီးဖွင့်လှစ်ခဲ့တာပါ ဆရာ။ ၁၉၉၆ ခုနှစ် ကောလိပ်အဆင့်ဖြစ်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ တက္ကသိုလ်အဆင့် ဖြစ်ခဲ့ပါတယ်။ သင်ကြားရေးဘာသာရပ်တွေ၊ ပေးအပ်တဲ့ဘွဲ့တွေအနေနဲ့ကတော့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)နဲ့ အတူတူပါပဲ။ ကျွန်မအနေနဲ့ ဖြည့်စွက်ပြောချင်တာကတော့ အထူးပြုဘာသာရပ်နယ်ပယ် တစ်ခုချင်းအောက်မှာ သင်ကြားပေးနေတဲ့ ဘာသာရပ်ခွဲတွေအကြောင်းပါပဲ။

စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ (Accounting & Finance) ဆိုပါစို့... အဲဒီအောက်မှာ ဘဏ္ဍာရေးစာရင်းကိုင်ပညာ၊ တန်ဖိုးတွက်စာရင်းကိုင်ပညာ၊ အဆင့်မြင့်ဘဏ္ဍာရေးစာရင်းကိုင်ပညာ၊ စာရင်းကိုင်ပညာသတင်းအချက်အလက်စနစ်၊ အာမခံနှင့်အခွန်စာရင်းကိုင်ပညာ၊ စာရင်းစစ်ဆေးခြင်းပညာ၊ ဘဏ္ဍာရေး အစီရင်ခံခြင်းပညာ၊ ပြည်သူ့ရေးရာစာရင်းကိုင်ပညာ၊ ဘဏ္ဍာရေးမူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးအဖွဲ့အစည်းများနှင့် ငွေကြေးဈေးကွက်၊ အရင်းအနှီးဈေးကွက်၊ ငွေကြေးစီမံခန့်ခွဲမှု၊ အထွေထွေစီမံခန့်ခွဲမှုပညာ၊ စွမ်းဆောင်ရည်စီမံခန့်ခွဲမှုပညာ၊ ဈေးကွက်ဖော်ဆောင်ရေးမူဝါဒများ၊ သိပ္ပံနည်းကျစီမံခန့်ခွဲမှုပညာ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုပညာ၊ ခေါင်းဆောင်မှုပညာ၊ ကွန်ပျူတာအသုံးပြု စာရင်းကိုင်ပညာ၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်နည်းပညာ၊ ကွန်ပျူတာအသုံးပြု စီမံခန့်ခွဲမှုဆိုင်ရာဆုံးဖြတ်ချက်ချမှတ်ခြင်းပညာ (Computerized Managerial Decision Modeling)စတဲ့ ဘာသာရပ်တွေကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးတာဖြစ်ပါတယ်။ ဒီလိုပဲ ဒေသဆိုင်ရာဖွံ့ဖြိုးရေးပညာ၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ၊ အသုံးချစာရင်းအင်းပညာနဲ့ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာရပ်နယ်ပယ်များမှာလည်း သက်ဆိုင်ရာ ဘာသာရပ်အသီးသီးကို ခေတ်စနစ်ရဲ့ လိုအပ်ချက်နဲ့ လျော်ညီစွာ စာတွေ့လက်တွေ့ပေါင်းစပ်ပြီး သင်ကြားပို့ချပေးလျက် ရှိပါတယ်။

**"ဒေသဆိုင်ရာဖွံ့ဖြိုးရေးပညာ၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ၊ အသုံးချစာရင်းအင်းပညာနဲ့ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာရပ်နယ်ပယ်များမှာလည်း သက်ဆိုင်ရာ ဘာသာရပ်အသီးသီးကို ခေတ်စနစ်ရဲ့ လိုအပ်ချက်နဲ့ လျော်ညီစွာ စာတွေ့လက်တွေ့ပေါင်းစပ်ပြီး သင်ကြားပို့ချပေးလျက်ရှိ"**

### အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့် လက်တွေ့အသုံးချနိုင်မှု

**မေး။ ။ လက်ရှိသင်ကြားပေးနေတဲ့ ဘာသာရပ်တွေကိုကြည့်ရင် အတော်လေးကို ပြည့်စုံကောင်းမွန်တာ တွေ့ရပါတယ်။ ခေတ်စနစ်ရဲ့ ရေစီးကြောင်းနဲ့ပါ အံဝင်ခွင်ကျရှိတဲ့အတွက် လက်တွေ့မှာ အလွန်အသုံးတည့်မယ့် ပညာရပ်များဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ထပ်ပြီး သိချင်တာကတော့ ဘာသာရပ်အလိုက် သင်ကြားပေးလိုက်ပြီးနောက်ပိုင်း ပြန်လည်အသုံးချနိုင်တဲ့အခြေအနေပေါ့။ ဒီတက္ကသိုလ်တွေရဲ့ Products တွေအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု ဘယ်လောက်ရှိသလဲ၊ ရာခိုင်နှုန်းအားဖြင့် ဘယ်အတိုင်းအတာအထိ ရှိသလဲဆိုတာလည်း သိချင်ပါတယ်။**

**ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း။** ။ အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ ကျောင်းဘက်ကတော့ B.BSc ဘွဲ့ စပေးခဲ့တဲ့အချိန်ကတည်းက နှစ်စဉ် Internship တွေဆင်းရတယ်၊ Job Fair တွေရှိတယ်။ Job Fair မှာဆိုရင် ကုမ္ပဏီတွေလာတယ်၊ ဘဏ်တွေလာတယ်ပေါ့။ အဲမှာပဲ တန်းပြီးအလုပ်ရသွားတာမျိုးလည်းရှိတယ် ဆရာ။ နောက်အစိုးရဌာနဆိုင်ရာတွေကလည်း စာမေးပွဲစစ်ဆေးဖို့ကိစ္စတို့ ဘာတို့နဲ့ ကျောင်းကို လာလေ့ရှိပါတယ်။ အဲဒီလိုလာရင် ကျွန်မက Marketing လုပ်တယ်။ ဥပမာ - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက လာတယ်ဆိုပါစို့။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ကျွန်မက "ကျွန်မတို့ ကျောင်းကတော့ ဒီဘာသာရပ်တွေ သင်ပါတယ်။ ဒီဘွဲ့ ... ဒီဘွဲ့တွေ ပေးပါတယ်။ အဲဒီဘွဲ့ရတွေကို ခေါ်ယူလို့ရပါတယ်" ဆိုတာမျိုး Marketing လုပ်ပါတယ်။

ဝန်ကြီးဌာနကလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ကတစ်ဆင့် ကျွန်မတို့ ကျောင်းတွေက ဘွဲ့တွေကို ခေါ်ယူလို့ရတယ်ဆိုတာမျိုး တက္ကသိုလ်တွေရဲ့ တင်ပြချက်အရ ညှိနှိုင်းထားတာလည်း ရှိပါတယ်။ ခုဆိုရင် ဝန်ကြီးဌာနအတော်များများကလည်း လက်ခံလာပြီဖြစ်ပါတယ်။ ကုမ္ပဏီနဲ့ ဘဏ်လုပ်ငန်းကဏ္ဍတွေကလည်း ကျွန်မတို့ရဲ့ Products တွေကို သုံးတယ်ဆရာ။ ရေဝတီဘဏ်၊ CB Bank၊ မြန်မာ့ရှေ့ဆောင်ဘဏ်တွေမှာလည်း ရကြတယ်။ CB Bank မှာဆို ဒီတက္ကသိုလ်ကထွက်တဲ့ Product က အများဆုံးပဲ ဆရာ။ အစိုးရဌာနဆိုင်ရာအနေနဲ့ ပြောရရင်တော့ သမဝါယမဦးစီးဌာနမှာ ဒီတက္ကသိုလ်က ထွက်တဲ့ Product က အများဆုံးပေါ့။ တချို့ဆို ညွှန်ကြားရေးမှူးအဆင့်ထိ ဖြစ်နေကြပါပြီ ဆရာ။

ဘာသာရပ်အလိုက်ပြောရမယ်ဆိုရင် Marketing Management ဘွဲ့ရတွေက ပုဂ္ဂလိကလုပ်ငန်းတွေမှာ စီးပွားရေးလုပ်ငန်းမန်နေဂျာတို့၊ ဈေးကွက်ဖော်ဆောင်မှုစီမံခန့်ခွဲရေးမန်နေဂျာတို့ ဖြစ်သွားတာရှိသလို ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်ကြသူတွေ အစိုးရဌာနဆိုင်ရာဘက်မှာ ဦးစီးအရာရှိတို့၊ ဦးစီးမှူးတို့ ဖြစ်သွားကြတဲ့သူတွေလည်း ရှိပါတယ်။

လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ (SEM) နဲ့ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ (MM) ဘာသာရပ်တွေနဲ့ကျောင်းပြီးခဲ့တဲ့ ကျောင်းသားတွေထဲမှာဆိုရင် ယွန်းပညာကောလိပ်ကနေ ပေါင်းကူးလာတဲ့သူတွေလည်းရှိတယ် ဆရာ။ Business Plan Contest တွေ လုပ်တဲ့အခါကျရင် ယွန်းပညာကောလိပ်က ပေါင်းကူးလာတဲ့ ကလေးတွေက သူတို့ရဲ့ ကိုယ်ပိုင် Products တွေနဲ့ Business Plan လုပ်ပြီး ဝင်နိုင်ကြတဲ့အထိ Idea ရော Creativity ပါရှိကြတာ၊ လက်တွေ့ပြန်အသုံးချနိုင်ကြတာ တွေ့ရပါတယ်။

ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုပညာဘွဲ့ရတွေဆိုရင် အစိုးရဌာနဆိုင်ရာတွေတင်မဟုတ်ဘဲ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း NGOs ၊ INGOs တွေမှာရော စီးပွားရေး လုပ်ငန်းတွေမှာပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ရကြတယ် ဆရာ။

စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာ(AF)၊ အသုံးချစာရင်းအင်းပညာ(AS)တွေအနေနဲ့လည်း ဝန်ကြီးဌာနအသီးသီးရဲ့ ဘဏ္ဍာရေးရာ၊ စီးပွားရေးရာ၊ စီမံရေးရာဌာနတွေမှာ ဦးစီးအရာရှိ၊ ဒုဦးစီးမှူးစတဲ့ ရာထူးတွေနဲ့ လုပ်ကိုင်နိုင်ကြသလို စီးပွားရေးတက္ကသိုလ်၊ ဝါဏိဇ္ဇဘွဲ့၊ စာရင်းကိုင်ပညာဘွဲ့တွေကို ခေါ်ယူတဲ့ ဘယ်ရာထူးအတွက်မဆို လျှောက်ထားလုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ နမူနာအနေနဲ့ ပြောရရင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှာ ဦးစီးအရာရှိ (ဘဏ္ဍာရေး) လျှောက်ထားနိုင်သလို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနစတဲ့ဝန်ကြီးဌာနတွေမှာ ဦးစီးအရာရှိ၊ လက်ထောက်မန်နေဂျာ၊ ဒုဦးစီးမှူးစသဖြင့် လျှောက်ထားနိုင်ကြတာ တွေ့ရပါတယ် ဆရာ။ ဒါ့အပြင် ပုဂ္ဂလိကဘဏ်တွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း NGOs၊ INGOs တွေမှာပါ အလုပ်အကိုင်အခွင့်အလမ်းရကြပါတယ်။

ရာခိုင်နှုန်းအရ တိတိကျကျပြောရမယ်ဆိုရင် ၅၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိကတော့ လုပ်ငန်းခွင်ထဲ ရောက်သွားကြတာ ဆရာ။



သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)။

**ပါမောက္ခချုပ် ဒေါက်တာမိုးမိုးရီ။** ။ ဟုတ်ပါတယ် ဆရာ။ ကျွန်မတို့ တက္ကသိုလ်အနေနဲ့ဆိုရင် B.BSc ဘွဲ့ ပေးခဲ့တာ(၃)သုတ်၊ မဟာဘွဲ့ (၂)သုတ် ရှိပြီပေါ့ ဆရာ။ အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ ဖြည့်စွက်တင်ပြချင်တာကတော့ ခုနက သန်လျင်ပါမောက္ခချုပ်ကြီးပြောသလိုပဲ ကျွန်မတို့တက္ကသိုလ်ကလည်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံလက်လီလုပ်ငန်းရှင်များအသင်း (မန္တလေးရုံးခွဲ)၊ ပုဂ္ဂလိကဘဏ်များ စတာတွေနဲ့ချိတ်ဆက်ပြီး နှစ်စဉ် Job Fair တွေ ပြုလုပ်ပေးပါတယ်။ အဲဒီကနေမှတစ်ဆင့် ချက်ချင်းဆိုသလို အလုပ်အကိုင်များစွာ ရရှိသွားကြပါတယ် ဆရာ။ မေဂျာအလိုက်ပြောရရင် Accounting & Finance ဘွဲ့ရတွေက အစိုးရနှင့် ပုဂ္ဂလိကဘဏ် လုပ်ငန်းများ၊ Microfinance လုပ်ငန်းများ၊ ပြည်တွင်း ပြည်ပကုမ္ပဏီများနဲ့ အစိုးရအဖွဲ့အစည်းတွေမှာ အလုပ်အကိုင် ရရှိကြပါတယ်။ Marketing Management မေဂျာအနေနဲ့ကတော့ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းများနဲ့ အစိုးရအဖွဲ့အစည်းတွေမှာ ရရှိကြပြီး ခုဆိုရင် Sale Manager ဖြစ်နေသူတွေအထိ ရှိပါတယ် ဆရာ။ Applied Statistics Major အနေနဲ့ ပြည်တွင်းအခွန်၊ အကောက်ခွန်၊ ဗဟိုစာရင်းအင်းအဖွဲ့နဲ့ NGO၊ INGO တွေမှာ ရကြတာ များပါတယ်။ Regional Development Major အနေနဲ့ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ အစိုးရအဖွဲ့အစည်းတွေ၊ NGOတွေမှာ ရရှိကြပြီး SEM Major အနေနဲ့လည်း လူမှုရေးလုပ်ငန်းတွေ၊ ပရဟိတလုပ်ငန်းတွေ၊ NGO နဲ့ INGO တွေမှာ အလုပ်အကိုင်ရရှိကြပါတယ်။

အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေဖို့ အခွင့်အရေးတစ်ရပ်အနေနဲ့ (B.BSc) (Accounting and Finance) မေဂျာတွေကို စာရင်းစစ်ချုပ်ရုံးမှခေါ်ယူတဲ့ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း၊ Certified Public Accounting (CPA) သင်တန်းတွေကို ၂၀၁၉ ခုနှစ်ကစပြီး တိုက်ရိုက်တက်ရောက်ခွင့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နှစ်စဉ် CPA သင်တန်းဝင်ခွင့်ရဦးရေရဲ့ ၂၅ ရာခိုင်နှုန်းခန့်အထိ တက်ရောက်ခွင့်ရကြပါတယ်။ ဒါကြောင့် စာရင်းစစ်ချုပ်ရုံးက ခေါ်ယူတဲ့ စာရင်းစစ်ဆေးရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေဖို့ သက်ဆိုင်ရာဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပေးဖို့လည်း တစ်ပါတည်း တင်ပြပါရစေ ဆရာ။

**အရည်အသွေးအာမခံချက်**

**(Quality Assurance) အတွက် ဆောင်ရွက်ထားရှိမှု**

**မေး။ ။ အလုပ်အကိုင် အခွင့်အလမ်းရရှိတဲ့ အနေအထားကို ကြားရတာ အတော်ကို အားရစရာ ကောင်းပါတယ်။ နောက်တစ်ခုကတော့ အရည်အသွေး စစ်ဆေးခံနိုင်ဖို့ကိစ္စပေါ့။ ကျွန်တော်တို့ အနေနဲ့က နိုင်ငံတကာအဆင့်မီတက္ကသိုလ်ဖြစ်ဖို့ဆိုတာမျိုးက ဖြစ်နိုင်တာ မဖြစ်နိုင်သေးတာ အပထား။ အိပ်မက်ထဲမှာတော့ ထည့်ထားရမှာပါပဲ။ ဒီတော့ ဆရာမကြီးတို့အနေနဲ့ တက္ကသိုလ်တွေ အဆင့်မီ တက္ကသိုလ်ဖြစ်ဖို့၊ အရည်အသွေး ပြည့်ဝဖို့အတွက် အရည်အသွေးအာမခံချက် (Quality Assurance) စနစ်ပိုင်းကို ဘယ်လိုပြင်ဆင်ထားလဲ၊ ဝန်ကြီးဌာနဘက်က ဘာတွေ ဖြည့်ဆည်းပေးဖို့လိုမလဲ ဒါလေးလည်း သိချင်ပါတယ်။**

**ပါမောက္ခချုပ်ဒေါက်တာမိုးမိုးရီ။** ။ကျွန်မတို့ကျောင်းမှာကတော့ Quality Assurance အတွက် QA Team (Quality Assurance) နှင့် SA Team (Self Assessment) ဆိုပြီး အဖွဲ့ နှစ်ဖွဲ့ ဖွဲ့စည်းထားပါတယ်။ Quality Assurance ပိုင်းမှာ Programme Level နဲ့ Institutional Level ဆိုပြီး Level နှစ်ခုရှိပြီးတော့ လက်ရှိမှာ Programme Level အနေနဲ့ မေဂျာငါးခုအတွက် Self Assessment Report (SAR) ရေးဆွဲဖို့ ပြင်ဆင်နေပါတယ်။ အဓိကကတော့ ကျွန်မတို့ရဲ့ Products တွေ အရည်အချင်းပြည့်ဝဖို့နဲ့ ဘယ်အဖွဲ့အစည်း၊ ဘယ်နေရာမှာမဆို အရည်အသွေး စစ်ဆေးခံနိုင်ဖို့၊ အရည်အသွေးအာမခံချက်ရှိတဲ့ Products တွေ နှစ်စဉ်မွေးထုတ်ပေးနိုင်ဖို့ ဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။ အရည်အသွေးအာမခံချက် (QA) စစ်ဆေးခံနိုင်ဖို့ဆိုရာမှာ တက္ကသိုလ်ရဲ့ သုတေသနလုပ်ငန်းတွေ ပြည်တွင်းပြည်ပသုတေသနစာစောင်တွေမှာ ထုတ်ဝေခွင့်ရရှိဖို့ဟာလည်း အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ ကျွန်မတို့တက္ကသိုလ်အနေနဲ့ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၉ ရက်မှာ Korea Myanmar Research Association (KOMYRA)နဲ့ နားလည်မှုစာချွန်လွှာ (MoU)ရေးထိုးခဲ့ပြီး KOMYRA နှင့် သုတေသနစာစောင်မှာ ၂၁ စောင်အထိ ပါဝင်မှုရှိခဲ့ပါပြီ။

တက္ကသိုလ်တိုးတက်ရာ တိုးတက်ကြောင်း ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် လမ်းညွှန်ချက်များ ပေးထားပြီးဖြစ်တဲ့အတွက် အရည်အသွေးအာမခံချက်ရှိတဲ့ တက္ကသိုလ်၊ အရည်အချင်းပြည့်ဝတဲ့ အရည်အသွေးစစ်ဆေးခံနိုင်တဲ့ Products တွေ မွေးထုတ်ပေးနိုင်တဲ့ တက္ကသိုလ်ဖြစ်စေဖို့ Master Plan ၊ သင်ကြားတဲ့ဘာသာရပ်နဲ့ ဘာသာရပ်အလိုက် ပြန်လည်အသုံးချနိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်တဲ့ နိုင်ငံတကာအဆင့် အရည်အသွေးပြည့်မီတဲ့ တက္ကသိုလ် ဖြစ်လာစေဖို့ Marketing Plan တွေ ရေးဆွဲဆောင်ရွက်သွားပါ့မယ် ဆရာ။

**ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း။** ။ ၂၀၁၁ ခုနှစ်မှာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချာလီသန်းက Quality Assurance အတွက် လက်တွဲခေါ်ခဲ့တော့ ဒီတက္ကသိုလ်အနေနဲ့ အဲဒီအချိန်တုန်းက Degree College အဆင့်ပဲ ရှိသေးပေမယ့် ကျွန်မတို့ရဲ့ ပါမောက္ခချုပ် ဒေါက်တာသိန်းထွန်းက Quality Assurance အတွက် စပြီးဆောင်ရွက်ခဲ့ပါတယ် ဆရာ။ အဲဒီတုန်းကတော့ Quality Assurance ဆိုတာနဲ့ ပတ်သက်ပြီး Awareness ရဖို့ကိုတောင်မှ မနည်းကြိုးစားရှန်းကန်ခဲ့ရတော့ ၂၀၁၁ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခု ကြာခဲ့ပါတယ်။ ဒီဆယ်စုနှစ်အတွင်း ကြိုးစားမှုရလဒ်အနေနဲ့ ပြောရမယ်ဆိုရင် AUN-QA Associate Membership (Asean University Network-Quality Assurance) ဖြစ်ခွင့်ရခဲ့တာပါပဲ။

AUN-QA Associate Membership ဖြစ်ဖို့ဆိုတာက Criteria တွေရှိပါတယ် ဆရာ။ Criteria ထဲမှာ တက္ကသိုလ်တည်ထောင်တဲ့ ကာလ၊ သက်တမ်းသတ်မှတ်ချက်တွေ ရှိတဲ့အခါကျတော့ ကျွန်မတို့ တက္ကသိုလ်အနေနဲ့က သက်တမ်းအားဖြင့်နုသေးပေမယ့် AUN-QA ရဲ့ Associate Membership ဖြစ်တဲ့ ရေကြောင်းပညာတက္ကသိုလ်ရဲ့ထောက်ခံချက် အကူအညီရရှိခဲ့တာကြောင့် QA Expert ကို ဖိတ်ကြားပြီး Regional အတွင်းမှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်များပါ တက်ရောက်တဲ့ Outcome Based Workshop တစ်ခုကို သင်တန်းသားအယောက် ၃၀ နဲ့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ အားထုတ်မှုကို အသိအမှတ်ပြုပေးခဲ့တဲ့အတွက် ၂၀၂၀ ပြည့်နှစ် ဧပြီလ ကိုဗစ်ကာလအတွင်းမှာပဲ Associate Membership ဖြစ်ခွင့်ရရှိခဲ့ပါတယ်။

မြန်မာတစ်နိုင်ငံလုံးမှာ Associate Membership ရခဲ့တာ ကျွန်မတို့ တက္ကသိုလ်အပါအဝင် တက္ကသိုလ် ခုနစ်ကျောင်းပဲရှိပါတယ်။ Core Member အနေနဲ့ သုံးကျောင်းပဲ ရှိပါတယ်။

Associate Membership ဖြစ်ရတဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေရသလဲဆိုရင် Self Assessment Report(SAR) ရေးဆွဲဖို့အတွက် Training နဲ့ Guideline တွေရပါတယ် ဆရာ။ ၂၀၂၀ ပြည့်နှစ်မှာ အသစ်ထွက်ခဲ့တဲ့ Version အရ Criteria (၈) ချက်ရှိပြီး ကျွန်မတို့အနေနဲ့ အဲ့ဒီ(၈)ချက်ကို အကောင်အထည်ဖော်ရမှာဖြစ်လို့ ပြင်ပပညာရှင်နဲ့ အစီရင်ခံစာပြုစုလျက်ရှိပေမယ့် နည်းနည်းအရှိန်နှေးနေပါသေးတယ်။ ဒါပေမယ့် ခု ၂၀၂၂ ခုနှစ်မှာ အရှိန်အဟုန်နဲ့ ပြန်သွားမှာပါ...ဆရာ။

Self Assessment Report ပြီးစီးရင် Internal Audit နဲ့စစ်ဆေးခံပြီးတဲ့ခါ ASEAN Level အသိအမှတ်ပြုတက္ကသိုလ် ဖြစ်လာမှာပါ။ အဲဒီအခါ ကျွန်မတို့ရဲ့ Product တွေဟာ ASEAN ဒေသတွင်း ဘယ်နိုင်ငံမှာမဆို အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှာ မလွဲမသွေပါပဲ ဆရာ။

ကြားရုံဖြင့်ပင် အားအင်ဖြစ်မိရသည်။ သက်မွေးဝမ်းကျောင်းတက္ကသိုလ်ဆိုသည်က သင်ကြားသည့်ဘာသာရပ်အလိုက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှုန်း မြင့်မားမှသာလျှင် သက်မွေးဝမ်းကျောင်းတက္ကသိုလ်၏အင်္ဂါရပ်ဖြင့် ညီပေမည်။ သက်မွေးဝမ်းကျောင်းတက္ကသိုလ်အမျိုးအစားဖြစ်သည့် သမဝါယမတက္ကသိုလ်များအနေဖြင့် လက်တွေ့အသုံးချလူမှုစီးပွားစီမံခန့်ခွဲရေးပညာရပ်များ သင်ကြားပေးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကို တိုက်ရိုက်အကျိုးပြုနိုင်လျက်ရှိသည်ကို တွေ့ရသည့်အတွက် အလွန်ပင် ကျေနပ်အားရဖြစ်မိရသည်။

သို့ရာတွင် သမဝါယမတက္ကသိုလ်များတွင် သင်ကြားပေးလျက်ရှိသော ဘာသာရပ်များ၊ သမဝါယမတက္ကသိုလ်ဘွဲ့ရ ကျောင်းဆင်းများရရှိနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်း၊ ရရှိနေသည့် အလုပ်အကိုင်များစသည်... စသည်တို့အား သိသူထက် မသိသူက ပိုများနေဦးမည်ဟု ထင်သည်။

ဤသည်ကပင် ပါမောက္ခချုပ်ဆရာမကြီးများနှင့် ဆွေးနွေးမေးမြန်းဖြစ်ခဲ့သမျှ စုစည်းရေးသားမိရခြင်း၏ အကြောင်းရင်းခံ တွန်းအားဖြစ်တော့သည်။ ဘွဲ့ရဦးရေနှင့် အလုပ်အကိုင်ရရှိမှု အချိုးမညီဖြစ်လျက်ရှိသောခေတ်၊ ကျောင်းသင်ဘာသာရပ်များအား လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလျက်ရှိသည်ဟုဆိုရမည်ဖြစ်သော မိမိတို့နိုင်ငံတွင် ကျောင်းမပြီးခင်ကပင် အလုပ်အကိုင်အခွင့်အလမ်းက ကြိုလင့်လျက်ရှိသည့် သမဝါယမတက္ကသိုလ်ကဲ့သို့သော တက္ကသိုလ်မျိုးဆိုသည်က ရှားပါးရတနာနှင့် အလားသဏ္ဍာန်တူပေသည်။

အခြေခံပညာတက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသည့် ကျောင်းသားများအနေဖြင့် တက္ကသိုလ်ပညာဆက်လက်သင်ကြားရန် ဘာသာရပ်များ၊ ကျောင်းများ ရွေးချယ်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှုန်း မြင့်မားသည့် လက်တွေ့အသုံးချလူမှုစီးပွားစီမံခန့်ခွဲမှုပညာရပ်များ သင်ကြားပေးလျက်ရှိသော၊ အရည်အသွေးအာမခံချက်ရှိမှုအပေါ် အလေးပေးဆောင်ရွက်လျက်ရှိသော သမဝါယမတက္ကသိုလ်များအား စဉ်းစားရွေးချယ်နိုင်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ချီဖွေမြို့နှင့် ပန်ဝါမြို့တို့ရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက်က မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်နှင့် ပန်ဝါမြို့များရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝိုင်းမော်မြို့နယ် တန်ဘောင်ကျေးရွာ၌ ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ အများပိုင်ကုမ္ပဏီမှ ဖွင့်လှစ်ထားသည့် KEP ကုမ္ပဏီဝင်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ချီဖွေမြို့သို့ သွားရောက်ပြီး ချီဖွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အတွင်း လိုအပ်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများအတွက် ထောက်ပံ့ငွေကျပ် ၂၅ သိန်း ပေးအပ်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဥပဒေချုပ်တို့သည် ချီဖွေမြို့ ရစ်လော်ခေါင်ရပ်ကွက် လော်ဝေါ် နှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားကျောင်း၌ မြို့နယ်အတွင်းရှိ IDPs စခန်းများမှ အိမ်ထောင်စုများနှင့်တွေ့ဆုံပြီး အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်ရာ ဒေသခံနေရပ်စွန့်ခွာ သူများက ရိုးရာခေါင်းပေါင်းကို ဂါဝရပြုပေးအပ်သည်။

ထိုမှတစ်ဆင့် ပန်ဝါမြို့သို့ ထွက်ခွာခဲ့ကြပြီး ချီဖွေ-လုပီ-ပန်ဝါလမ်းပိုင်း (၄၀/၂) မိုင်အတွင်း ၆ ကီလိုမီတာနှင့် ၉ ကီလိုမီတာအကြားရှိ အရှည် ၃ ကီလိုမီတာလမ်းပိုင်း ကွန်ကရစ်လမ်းခင်းနိုင်ရေး တောင်ဖြိုလမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ပန်ဝါမြို့အား နယ်စပ်ကုန်သွယ်ရေးမြို့တော်နှင့် ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေခဲတောင်ခရီးစဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ပန်ဝါဒေသ၌ အမြင့်ပေ ၁၀၀၀၀ အထက်ရှိ မောင်နမတောင်ပေါ် ရေခဲချောင်းသို့ တက်ရောက်၍ ဆီးနှင်းများဖြင့် ရေခဲပြင်ဖြစ်တည်နေမှုကို ကြည့်ရှုလေ့လာပြီး (ဓာတ်ပုံ) ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဒေသခေါင်းဆောင်များ၊ မြို့စီမံအုပ်ချုပ်ရေးဖွဲ့ ဥက္ကဋ္ဌတို့နှင့် ဆွေးနွေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပန်ဝါမြို့ဗဟိုကုန်သွယ်ရေးဌာန အစည်းအဝေးခန်းမ၌ ပန်ဝါအထူးဒေသ ခေါင်းဆောင်များ၊ မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသတွင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ဒေသတွင်း လိုအပ်ချက်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ်တို့က မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စစ်ဗျူဟာမှူးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေကျပ် ၂၇ သိန်း၊ ပန်ဝါပြည်သူ့ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် သုံးသိန်းနှင့် အမှတ်တရလက်ဆောင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# တိုးတက်လာသည့် လူဦးရေနှင့်အမျှ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပဲခူးမြို့ ကလိကျေးရွာအနီး ခြောက်ထပ်ဆေးရုံသစ်ကြီး တည်ဆောက်

ပဲခူး ဖေဖော်ဝါရီ ၂၁

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဖေဖော်ဝါရီ၂၁ ရက်က ပဲခူးမြို့ ကလိကျေးရွာအနီးရှိ ခြောက်ထပ် ဆေးရုံတည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကလိ ခြောက်ထပ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ ကလိဆေးရုံတည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးပါက ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးရှိ လူနာများအား ပြောင်းရွှေ့ကုသပေးမည့် အခြေအနေများနှင့် ဆေးရုံဧရိယာအတွင်း ရေကြီးမှုမဖြစ်စေရေးနှင့် ဆေးရုံရေရရှိရေး ဆောင်ရွက်မည့် အခြေအနေများကို တာဝန်ရှိသူများက တင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံပြည်သူများအပြင် ပဲခူးမြို့နယ်အတွင်း စက်မှုလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာသဖြင့် တိုးတက်လာသည့် လူဦးရေနှင့်အမျှ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် နိုင်ငံတော်မှ ယခုလိုဆေးရုံများ တိုးချဲ့ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ကလိဆေးရုံဝင်းအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အောက်ဆီဂျင်စက်ရုံများ တည်ဆောက်ပေးထားပြီးဖြစ်၍ ဆေးရုံအတွင်းသို့ အောက်ဆီဂျင်ပိုက်လိုင်းများဖြင့် ချိတ်ဆက်တပ်ဆင်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ခြောက်ထပ် ဆေးရုံအတွက် လိုအပ်သော ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးသွားရန်နှင့် သောက်သုံးရေ ဖူလုံမှုရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မျိုးစေ့ပြပွဲ ၂၀၂၂ စတုတ္ထနေ့တွင် စိုက်ပျိုးပညာရယူဖို့ ICT ကို သုံးကြစို့ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မျိုးစေ့ပြပွဲ ၂၀၂၂ စတုတ္ထနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ စိုက်ပျိုးပညာရယူဖို့ ICT ကို သုံးကြစို့ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲ ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခေတ်မီဒစ်ဂျစ်တယ် နည်းပညာ၏ အရေးပါပုံနှင့် မိုဘိုင်းဖုန်းကို အသုံးပြု၍ သတင်းအချက်အလက် ရယူသုံးစွဲနည်းများ၊ စိုက်ပျိုးရေး Call Center ဆိုင်ရာများ၊ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် စိုက်ပျိုးရေးဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာများကို လူငယ်စွန့်ဦးတီထွင် (YSI) စိုက်ပျိုးရေး ပညာရှင်များက ဟောပြောဆွေးနွေးခဲ့ကြပြီး ပြပွဲလာ ပြည်သူများ၊ တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အွန်လိုင်းစနစ်ဖြင့် တက်ရောက်လေ့လာကြသူများက သိရှိလိုသည်များ မေးမြန်းကြရာ သက်ဆိုင်ရာ လူငယ်စွန့်ဦးတီထွင် (YSI) စိုက်ပျိုးရေး ပညာရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားဆွေးနွေးကြသည်။



ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဟောပြော ဆွေးနွေးခဲ့ကြသည့် လူငယ်စွန့်ဦးတီထွင်(YSI) စိုက်ပျိုးရေး ပညာရှင်များကို အမှတ်တရ လက်ဆောင်များ ဂုဏ်ပြုပေးအပ်သည်။ (ဓာတ်ပုံ)

မျိုးစေ့ပြပွဲ ၂၀၂၂ ကို ပျဉ်းမနား စိုက်ပျိုးရေး သိပ္ပံကျောင်း၌ ဆက်လက် ကျင်းပလျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ လာရောက်လေ့လာခဲ့ကြပြီး အိမ်ခြံဝင်း ဥယျာဉ်ပြကွက်နှင့် အသီးအပွင့်များ လှပဝေဆာနေသော ဟင်းသီးဟင်းရွက် သစ်သီးဝလံ စိုက်ခင်းများကို ကျောင်းသားကျောင်းသူလေးများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကာ မိသားစု ဥယျာဉ်စိုက်ပျိုးရန် မျိုးစေ့ပျိုးပင်များ တပျော်တပါး ဝယ်ယူခဲ့ကြသကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဟင်းသီးဟင်းရွက် မျိုးစေ့များကို လက်ဆောင်အဖြစ် ပေးအပ်သည်။

မျိုးစေ့ပြပွဲ ၂၀၂၂ ၏ နောက်ဆုံးနေ့ဖြစ်သော ဖေဖော်ဝါရီ ၂၂ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ မျိုးစေ့ထုတ်တောင်သူများ ပါဝင်ဆွေးနွေးမည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေး စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်၍ စိတ်ပါဝင် စားသူမည်သူမဆိုတက်ရောက် လေ့လာနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၂-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** အံ့ဖွယ်အထူးထူး တောင်တော်ဦး ဖူးဖိုကြဲဆောင် ဇလုံတောင်
**၀၈:၃၅** ပုဂံမြေမှ ယွန်းလက်မှုပညာ
**၀၉:၄၀** ပထမဦးဆုံး အပန်းဖြေပန်းခြံတံတား
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** သဘာဝမိကျောင်းများပျော်စံရာ မိန်းမလှကျွန်း
**၁၃:၃၀** MRTV National News
**၁၅:၀၀** သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း
**၁၆:၃၅** ကလောင်စွမ်းဖြင့် ဉာဏ်အလင်း တံခါးဖွင့်ပေးကြသူများ
**၁၆:၄၀** ဆက်သွယ်စွမ်းအားဖွံ့ဖြိုးရေး IT ကဏ္ဍဖြင့် တည်ဆောက်ပေး
**၁၇:၃၀** မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော် (အပိုင်း-၂)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချီတက်'** (အပိုင်း-၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၁၇)

သောကြာနေ့ ညတိုင်းတွင် တေးဂီတချော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်
MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
**07:09** Products of Myanmar - Shin Ma Taung Thanakhar
**07:26** Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
**07:45** Amazing: Magician Sak Kaw Ma
**08:01** Healthy Diet: Keto Diet
**08:10** Shan Novices To Be..........
**08:26** Shwedagon Buddha Museum
**09:01** News
**09:26** Global Partnership for Brighter Future: Nigeria Pavilion at Expo 2020 Dubai
**09:35** Talent Show on a Maze of Xylophones
**09:40** Sarus Crane in Myanmar
**09:50** Egg ShelCity Block & Japanese Underground Hospital

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တောင်ပေါ်ရိုးရာ တူရိယာသံစဉ်များ
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၈)
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
မေမေလုပ်ကျွေးတဲ့ဟင်းထုပ်
**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
အနာဂတ်ကြယ်ကလေးရဲ့ကျောင်းပိတ်ချိန်
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
လှေခွင်းတောင်သို့ အလည်တစ်ခေါက်
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၄)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ဈေးနေ့ဓလေ့
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
တန့်ယန်းမြို့အလှ
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဇိုင်ဝါးစကားပြောကြရအောင်
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ဆေးဖက်ဝင်တမာပင်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တစ်လင်နှင့်တစ်မယား'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (သီရိလင်္ကာနိုင်ငံ) (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel ကို ဝန်နေ့၊ တနင်္ဂနွေမှအပ
နံနက် (၈:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

### မြန်မာ့အသံ ရေဒီယို

နံနက် (၅:၃၀) နာရီ မှ ည (၁၁:၀၀) နာရီအထိ
SW 5985 kHz / 9730 kHz

မြန်မာပြည် (အောက်ပိုင်း) MW 576 kHz
မြန်မာပြည် (အလယ်ပိုင်း) MW 594 kHz

မြန်မာ့အသံရေဒီယိုအစီအစဉ်များအား FM စနစ်ဖြင့် မြို့ကြီး (၈၅) မြို့တွင် ဖမ်းယူရရှိနိုင်ပါသည်။

### Myanma Radio

(7:00) AM to (11:00) PM

FM Radio
Yangon 94.6 MHz
Pyinmana 101.7 MHz
Sagaing 99.0 MHz

### သစ္စာ ရေဒီယို

နံနက် (၇:၀၀) နာရီ မှ မွန်းတည့် (၁၂:၀၀) နာရီ အထိ
ညနေ (၄:၀၀) နာရီ မှ ည (၉:၀၀) နာရီ အထိ

ရန်ကုန်နှင့်အနီးတစ်ဝိုက် FM 99.6 MHz
မြန်မာပြည်အလယ်ပိုင်း MW 711 kHz

### တိုင်းရင်းသား ဘာသာ အစီအစဉ်

နံနက် (၆:၀၀) နာရီ မှ ည (၈:၃၀) နာရီအထိ
တချင်း၊ ချင်း၊ (လိုင်ဇို)၊ ချင်း၊ (ချိုး)၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ တိုးတန့်၊ ပအိုဝ်း၊ ဓနု
SW 5915 kHz

နံနက် (၆:၀၀) နာရီ မှ ည (၇:၀၀) နာရီအထိ
ကယား၊ ကယန်း၊ ဇဝိ၊ ဂေဘာ၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ မွန်
MW 729 kHz

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဖေဖော်ဝါရီ ၂၁ ရက်က ရန်ကုန်ဆိပ်ကမ်းများမှ Lancet For Finetouch ၅၀၀၀၀၊ Lancine Device ၅၀၀၊ Disposable Syringe With Needle ၄၃၂၇ ခု၊ Agani Needle ၃၀၀၊ ဆေးဝါးမျိုးစုံ ၂၂ မျိုး၊ စုစုပေါင်း ၄၇၈၃၉ ဒသမ ၃၂ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁-၂-၂၀၂၂

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၈၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၄၅/၁၆၆၅ ကျပ် | ၁၆၇၅/၁၇၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၅၅/၁၆၇၅ ကျပ် | ၁၆၉၀/၁၇၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၂၅/၁၆၆၅ ကျပ် | ၁၇၀၅/၁၇၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၈၅/၁၇၃၀ ကျပ် | ၁၈၁၅/၁၈၃၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၃ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၃၈၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၆ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၀၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၁၉၀ | ၁၅၅၈၀၀၀ |
| MTSH | ၂၉၀၀ | ၃၀၀၀ | ၆၀၄၈ | ၁၈၀၆၂၉၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅ | ၄၀၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၀၀၀ | ၁၆ | ၃၀၄၅၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၈၇ | ၂၃၀၅၅၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၃၂ | ၉၁၂၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများအား ကြည့်ရှုစစ်ဆေး

ဘားအံ ဖေဖော်ဝါရီ ၂၁

**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၁ ရက်က ဘားအံမြို့ပေါ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)၏ မွေးမြူရေးသင်တန်းကျောင်း တည်ဆောက်နိုင်ရေး တိုးချဲ့မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)ခေတ္တ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက အဆိုပါမြေနေရာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ်(ဘားအံ) သုံးထပ်ကျောင်းဆောင်ကို အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာအဖြစ် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ ဘားအံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မိုးအေးနှင့် တာဝန်ရှိသူများက ရေ၊ မီး၊ သန့်စင်ခန်း၊ အိပ်ဆောင်များ ပြင်ဆင်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။(ယာပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခုတင် ၅၀ ဆံ့ ဘားအံတိုင်းရင်းဆေးရုံ၏ နှစ်ထပ်လူနာဆောင်ကို ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့အတည်ပြုလူနာများအား ရောဂါကုသရေးစင်တာအဖြစ် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၂) အစည်းအဝေးကို မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပရာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး Myanmar Yatai International Holding Group Co.,Ltd မှ တည်ဆောက်ရေးကာလကို ပထမအကြိမ်တိုးမြှင့်ခွင့်ပြုရန်နှင့် ပြည်ပဝန်ထမ်း ၃၀ တိုးမြှင့်ခန့်ထားခွင့်ပြုရန် တင်ပြလာခြင်းအပေါ် ပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားတောင်းခံလာခြင်း၊ ညီနောင်ဦးကုမ္ပဏီလီမိတက်က ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလတိုးမြှင့်ခံစားခွင့်ပြုရန် တင်ပြလာခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ဒေသတွင်းကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။



**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# ရှမ်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ (၃/၂၀၂၂) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ကိုဗစ်-၁၉ မျိုးကွဲဖြစ်သည့် အိုမီခရွန်သည် ကူးစက်မြန်သည့်အတွက် ဖြစ်ပွားမှုနှင့် ပြန့်ပွားမှု များအား ထိန်းချုပ်ရန်၊ တွေ့ရှိမှုများ ရှိလာပါက အလျင်အမြန်တုံ့ပြန်ရန်၊ ကွင်းဆက်ဖြတ်နိုင်ရန်ကိစ္စများကို ပြည်နယ် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကြီးကြပ်၍ ခရိုင်/ မြို့နယ် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ကော်မတီများသို့ ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပိုးတွေ့ရှိမှုများကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးနှင့် ပိုးတွေ့ရှိသူများကို Version 7 နှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ ကြပ်မတ်ဆောင်ရွက်ကြရန်၊ အလေးအနက်ထား ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုး၊ ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်၊ ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေး တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြကာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက် ပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဝုဖ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ် ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည့် လက်စတာ

ဝုဖ်အသင်းနှင့် လက်စတာအသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ် (၂၆) ကို တနင်္ဂနွေနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဝုဖ်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဝုဖ်အသင်းသည် ယခုပွဲစဉ်အနိုင်ရရှိခဲ့သောကြောင့် ပရီမီယာလိဂ် ၂၄ ပွဲကစားပြီး ရမှတ် ၄၀ ဖြင့် အဆင့် (၄) အတွင်း ဝင်ရန် အားကောင်းလာခဲ့ပြီ ဖြစ်သည်။ ပြိုင်ဘက် လက်စတာအသင်းက ၂၃ ပွဲကစားပြီး ၂၇ မှတ်ဖြင့် အဆင့် (၁၁) နေရာတွင်သာ ရပ်တည်နေသည်။

လက်စတာအသင်းသည် ဝုဖ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့သည့်အတွက် ရှုံးပွဲနှင့်ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် လက်စတာအသင်းသည် ယခုပွဲ ရှုံးနိမ့်မှုကြောင့် ပရီမီယာလိဂ် ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီ ဖြစ်သည်။ ဝုဖ်အသင်းသည် ပြီးခဲ့သည့် ပွဲစဉ်တွင် နာမည်ကြီး စပါးအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိထားသလို ယခုပွဲစဉ်တွင်လည်း ကစားရခက်ခဲသည့် လက်စတာအသင်းကို ထပ်မံအနိုင်ရရှိခဲ့သည်။ ဝုဖ်အသင်းသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် နာမည်ကြီး အာဆင်နယ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဦးဆောင်ဂိုးကို ဝုဖ်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၉ မိနစ်တွင် နီဗက်စ်က သွင်းယူပေးခဲ့သည်။ လက်စတာအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် လွတ်ခ်မန်းက သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းကို တစ်ဖက် တစ်ဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၆၆ မိနစ်တွင် ပိုဒန့်စ်က ဝုဖ်အသင်းအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည့်အတွက် ဝုဖ်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အခြားသောပွဲစဉ်တွင် လိဒ်စ်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး မန်ယူအသင်းက လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအတွက် ဂိုးများကို မက်ဂွိုင်းယား၊ ဖာနန်ဒက်စ်၊ ဖရက်ဒ်နှင့် အီလန်ဂါတို့က သွင်းယူပေးပြီး လိဒ်စ်အတွက် ရိုဒရီဂိုနှင့် ရာဖင်ဟာတို့က သွင်းယူပေးသည်။

**အောင်ဇော်**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာခြင်းလုံးဝိုင်းဖွဲ့အမှတ်ခတ် ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က ပထမဆုရ သာကေတမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားပေးအပ်ချီးမြှင့်စဉ်။
တင်စိုး(မြန်မာ့အလင်း)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်နှင့် မာန်အောင်ကျောင်းတိုက်တို့သို့လည်းကောင်း(ယာပုံ)၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်ရှိ ဘုရားငါးဆူစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ဓမ္မမဏ္ဍိုင်ကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ဆုထူးပန်စာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် သိန္နီမြို့နယ်ရှိ မြို့လယ်မင်္ဂလာရုံကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနမှ စားနပ်ရိက္ခာထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ဘုန်းကြီးကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ် လှူဒါန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းလတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကရပ်ပြင်ရပ်ရှိ ရတနာမာန်အောင် သီလရှင်စာသင်တိုက်တွင် သီတင်းသုံးနေသော စာသင်သား သီလရှင်အပါး ၇၀ အတွက် ဆွမ်းဆန်တော် အခက်အခဲ မရှိစေရန်တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး၊ ဦးရန်လင်းအောင်နှင့် ရုံးဝန်ထမ်းများက ဆွမ်းဆန်ငါးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကုလားပဲ ရှစ်ပိဿာစသည့် လှူဒါန်းဖွယ် ထောက်ပံ့ပစ္စည်းများအား ပဓာနနာယကဆရာကြီး၊ ဒေါ်ရူပသိင်္ဂီထံသို့ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် နားကုန်းပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိကျိုက်ဒေးဝတပ်ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြရတနာသီရိ ဘုန်းတော်ကြီးကျောင်း၊ သာသနာ့ရောင်ခြည် ဘုန်းတော်ကြီးကျောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ကျောင်းတိုက်၊ စစ်တွေမြို့ရှိကြို့တဲဘုန်းတော်ကြီးကျောင်းတိုက်၊ ဘူးသီးတောင်မြို့ရှိ ရတနာ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းတိုက်၊ တောင်ကုတ်မြို့ရှိ စေတျာရာမ ဘုန်းတော်ကြီးကျောင်းတိုက်၊ ကျောက်ဖြူမြို့ ဂုံးချိန်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတိုက်၊မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ အောင်နန်းကံသာကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့ ကျောက်ဖူးကျေးရွာရှိပညာမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်းတို့ရှိဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

## (၁၅၉)ကြိမ်မြောက် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း၌ ရှေးနှစ်ပေါင်းများစွာကပင် တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းသမိုင်းဝင် အပရာဇိတကျိုက်ဝိုင်း ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ (၁၅၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (တပို့တွဲလပြည့်ကျော် ၁၂ ရက်) ဖေဖော်ဝါရီ ၂၇ ရက် တနင်္ဂနွေနေ့မှ (တပို့တွဲလကွယ်နေ့) မတ် ၁ ရက် အင်္ဂါနေ့အထိ သုံးရက်တိုင်တိုင် အစဉ်အလာမပျက် ကိုဗစ်-၁၉ ကျန်းမာရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အင်းတော်မြို့ စည်ပင်သာယာမှ မြို့တွင်းလမ်းများ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စည်ပင်သာယာမှ မြို့တွင်းလမ်းများ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် စက်ကုန်းဘုန်းတော်ကြီးကျောင်းသွားလမ်း အရှည် ပေ ၄၀၀၊ အကျယ် ၁၅ ပေကို ဌာနမှ ခွင့်ပြုငွေ ၆ ဒသမ ၃၉၆ သန်းဖြင့် လည်းကောင်း၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းကို တစ်ဖက် သုံးပေချဲ့၍ အရှည် ၆၃၆ ပေ၊ အကျယ် ၁၈ ပေ၊ ၁၁ လက်မကို တိုင်းဒေသကြီးမှ ခွင့်ပြုငွေ ၁၄ ဒသမ ၉၅ သန်းဖြင့် လည်းကောင်း အင်းတော်မြို့နယ် စည်ပင်သာယာ အင်ဂျင်နီယာ ဦးမင်းမင်းစိုးက တာဝန်ယူဆောင်ရွက်နေပြီး မြို့သန့်ရှင်း သာယာလှပရေးအတွက် လိုအပ်သည့်နေရာများကို အင်းတော်မြို့နယ် စည်ပင်ဝန်ထမ်းများက ဆောင်ရွက်နေကြောင်း သိရသည်။

**လူအောင်(ကသာ)**

** ကျောဖုံးမှ*

ယင်းပြိုင်ပွဲတွင် အသင်းစုစုပေါင်း ကိုးသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ငါးသင်း၊ အုပ်စု (ခ) တွင် လေးသင်း ပါဝင်နေသည်။ အုပ်စုခွဲဝေမှုအရ အုပ်စု (က)တွင် အိမ်ရှင်ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မြန်မာ၊ တီမောနှင့် ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ဧပြီတွင် ကျင်းပမည့် အာဆီယံ ဖူဆယ်ပြိုင်ပွဲ၊ မေတွင်ကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၂ ဦးဖြင့် ဇန်နဝါရီမှ စတင်ကာ လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်နေပြီး ယင်းပြိုင်ပွဲနှစ်ခုအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မတ်တွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲဖြစ်သည့် NSDF FUTSAL INVITATION 2022 တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ် စက်တင်ဘာတွင် ကူဝိတ်နိုင်ငံ၌ကျင်းပမည့် အာရှဖလား ဖူဆယ်ပြိုင်ပွဲအတွက် အာဆီယံဇုန်ခြေစစ်ပွဲ သီးခြားမကျင်းပတော့ဘဲ ယခုပြိုင်ပွဲနှင့် ချိတ်ဆက်ပြုလုပ်မည်ဖြစ်ပြီး အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသည့် သုံးသင်းမှာ အာရှဖလား ဖူဆယ်ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဖူဆယ်ပြိုင်ပွဲကို ၂၀၀၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းအနေဖြင့် ၂၀၀၆ ခုနှစ်မှစတင်ကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲတစ်လျှောက် ဒုတိယတစ်ကြိမ်၊ တတိယနှစ်ကြိမ်ရရှိဖူးပြီး အမြင့်ဆုံးစွမ်းဆောင်မှုအဖြစ် ၂၀၁၆ ခုနှစ်တွင် ဗိုလ်လုပွဲသို့ ပထမဆုံးတက်ရောက်နိုင်ခဲ့ကာ ယင်းအသင်းကို မြန်မာနည်းပြဖြစ်သည့် ဦးဌေးမြင့်က ကိုင်တွယ်ခဲ့သည်။

**ရဲရင့်လွင်**

# မိတ္ထီလာမြို့ရှိ ကျေးရွာ လေးရွာမှ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



**မိတ္ထီလာ ဖေဖော်ဝါရီ ၂၁**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင်၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ကျေးရွာတွင်း လမ်းများကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ကျေးလက်နေပြည်သူများ ခေါင်းဆောင်မှု တိုးတက်လာစေရန် ရည်ရွယ်၍ ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကြီးကြပ်ပြီး ကျေးရွာသူကျေးရွာသားများ ဦးဆောင်၍ ကျေးရွာ၏ အခြေခံလိုအပ်ချက်ဖြစ်သော ကျေးရွာတွင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ ကျေးရွာလျှပ်စစ်မီးရရှိရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် စီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို ကွက်ငယ်၊ သရက်ကန်၊ ညောင်ပင်သာ၊ လက်ပံအိုင့် (အနောက်) ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ၎င်းကျေးရွာများမှ ကျေးရွာ၏ လိုအပ်ချက်ဖြစ်သော ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို နိုင်ငံတော် မတည်ငွေ ငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာသူကျေးရွာသားများ၏ ထည့်ဝင်ငွေတို့ဖြင့် အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ဒီဇင်ဘာမှစတင်၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၆၄ ရွာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## မယ်စဲ့မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း (အိုမီခရွန်) ကြိုတင်ကာကွယ်ရေး စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်

**မယ်စဲ့ ဖေဖော်ဝါရီ ၂၁**
ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါကြောင့် ရောဂါဖြစ်ပွားမှု တစ်ကျော့ပြန်လည်၍ များပြားမလာစေရေး မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်



အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ကုန်သွယ်ရေးစခန်း စစ်ဆေးရေးဂိတ်နှင့် ဝမ်ကန်စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေကို ယနေ့နံနက် ၉ နာရီက သွားရောက်စစ်ဆေးကြောင်း သိရသည်။

မိမိတို့မြို့နယ်အတွင်းသို့ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုးအိုမီခရွန်သည် ဝင်/ထွက် ဂိတ်များမှ ဝင်ရောက်လာသူများမှတစ်ဆင့် ရောဂါကူးစက်မှုကို တားဆီးနိုင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်း စစ်ဆေးရေးဂိတ်နှင့် ဝမ်ကန်စစ်ဆေးရေးဂိတ် နှစ်ဂိတ်ဖွင့်လှစ်ကာ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ကျန်းမာရေးဌာန၊ မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် ခရီးသွားပြည်သူများအား ကိုယ်ပူချိန်တိုင်းတာခြင်း၊ ခရီးသွားရာဇဝင်မေးမြန်း၍ ပုံစံဖြည့်သွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကုန်စိမ်းနှင့် သားငါးယာယီဈေးတွင် လက်ကမ်းစာစောင်များဖြန့်ဝေ

**မိုးမိတ် ဖေဖော်ဝါရီ ၂၁**
ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်မြို့နယ်၌ ကမ္ဘာမြေကြီး ကျန်းမာဖို့ ပလတ်စတစ် (ကြွပ်ကြွပ်အိတ်)ကို ငြင်းပယ်စို့ ဟူသော လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ကုန်စိမ်းနှင့် သားငါး ယာယီဈေးတွင် ယနေ့နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာ ဦးစီးဌာနမှ အမှုဆောင်အရာရှိဦးတင်ရှိန်နှင့် ဝန်ထမ်းများက ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ပလတ်စတစ်နှင့် ဆက်စပ်အမှိုက်များ၏ ဆိုးကျိုးများ၊ စွန့်ပစ်အမှိုက်အမျိုးအစားများ၊ သာမန်အမှိုက်များနှင့် ပလတ်စတစ်အမှိုက်များ ဆွေးမြည့်ပျက်စီးရန် အချိန်ဘယ်လောက်ကြာမလဲနှင့် အမှိုက်အမျိုးအစား ဆွေးမြည့်ပျက်စီးရန်ကြာချိန်၊ 5R စနစ်ဖြင့် စွန့်ပစ်ပစ္စည်းများလျှော့ချခြင်း၊ သုံးပြီးအမှိုက်များကို ပြန်လည်အသုံးပြုခြင်း၊ အမှိုက်များကို တီထွင်ပြုပြင်သုံးစွဲခြင်း စသည့်အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

**စည်သူဌေး(ပြန်/ဆက်)**

## ညောင်ဦးဒေသထွက် ဆီးသီးများ ယခုနှစ်တွင် ဈေးကောင်းရရှိ

**ညောင်ဦး ဖေဖော်ဝါရီ ၂၁**
မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင်၌ ဆီးသီးတစ်တင်းလျှင် ငွေကျပ်၂၀၀၀ ဖြစ်နေရာမှ ငွေကျပ် ၄၅၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ငွေးကုန်းကျေးရွာ ဆီးသီးခြံပိုင်ရှင် ဦးခင်မောင်မြင့်ထံမှ သိရသည်။

ညောင်ဦးခရိုင်၌ ဒေသမျိုးရင်း ဆီးသီးပင် အမြောက်အမြားရှိကြပြီး ဆီးသီးမှည့်စတင်ပေါ်ချိန်က တစ်တင်း ငွေကျပ် ၂၀၀၀ ဖြင့် စတင်ရောင်းချခဲ့ရရာမှ ဆီးသီးများ လှိုင်လှိုင်ပေါ်ချိန် တစ်တင်းလျှင် ငွေကျပ် ၄၅၀၀ ဈေးဖြစ်လာကြောင်း သိရသည်။ အညာဒေသတွင် ဆီးသီးပင်များ စနစ်တကျစိုက်ပျိုးခြင်းမရှိဘဲ အလေ့ကျဆီးသီးပင်များကို ယာပိုင်ရှင်၊ လယ်ပိုင်ရှင်များက ဆီးပင်များပြုပြင်ကာ အပွင့်ပွင့် အသီးသီး၊ ရင့်မှည့်ချိန် ဆီးပင်အောက် ပေါင်းမြက်ရှင်းကာ ဆီးသီးကောက်ယူရောင်းချကြကြောင်း၊ ညောင်ဦးခရိုင်အတွင်း ကျေးလက်တောင်သူများ တောင်သူ လုပ်ငန်းနားချိန်တွင် အလေ့ကျ ဆီးသီးပင်များက မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနေသည့်အလေ့ကျအပင်များဖြစ်ကြောင်း၊ ဆီးသီးသီးပြီးလျှင် ဆီးပင်ဆူးကိုင်းများ ခုတ်ကာ ယာခြံစည်းရိုး၊ လယ်ခြံစည်းရိုးအဖြစ် ကာကြကြောင်း၊ ဆီးပင်များ တစ်သီးသီးပြီးတိုင်း ခုတ်မှသာ သီးပင်များ အညှောင့်၊ အကိုင်းအထွက် သန်ကာ နောက်တစ်ကြိမ် ပြန်လည်အပွင့်ပွင့် အသီးသီးချိန် ဆီးသီးအလုံးထွားကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**



## သုံးခွ၌ ပဲတီစိမ်းအသစ် ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိ

**သုံးခွ ဖေဖော်ဝါရီ ၂၁**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ပဲတီစိမ်းအသစ်များ ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်ပေါက်ဈေးမှာ ရေဆင်းတစ်တင်း (ပိဿာ၂၀) လျှင် ငွေကျပ် ၄၇၀၀၀၊ ရွှေဝါ ၄၇၅၀၀ဖြစ်ကြောင်း သိရသည်။

သုံးခွမြို့နယ်၌ ပဲတီစိမ်းရေဆင်းနှင့် ရွှေဝါအမျိုးအစားကို အဓိကဦးစားပေးစိုက်ပျိုးကြကြောင်း သိရသည်။ ရေဆင်းပဲတီစိမ်းအမျိုးအစား၊ ပဲတောင့်မှာအမည်းရောင်ဖြစ်ကာ ကြီးပြီးရှည်၍ ပဲလုံးမှာကြီး၍ အရောင်လှ၊ အရည်အသွေးကောင်းသောကြောင့် ဈေးကွက်တွင် မျက်နှာပန်းလှကြောင်း၊ တရုတ်နိုင်ငံမှ အဝယ်လိုက်ကြောင်း၊ ပဲဆွတ်ခူးရာတွင်လည်း အလွယ်တကူ အဆင်ပြေစွာဆွတ်ခူးနိုင်ကြောင်း သိရသည်။

ပဲတီစိမ်းရွှေဝါအမျိုးအစားမှာ ဥရောပ အီးယူနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ အဓိကထား ဝယ်ယူကြောင်း Bright Light ပဲရောင်းဝယ်ရေးကုမ္ပဏီမှတာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။ လယ်ကွင်းအတွင်းမှ ရင်မှည့်နေသော ပဲတီစိမ်းများ ဆွတ်ခူးခမှာဒေသအခေါ် တင်းတောင်း (ဆန်၁၁ လုံး ကိုက် ၁၂ ပြည်ဝင်(ပဲတောင့်)တစ်တောင်းလျှင် ပဲဆွတ်ခူးခငွေကျပ် ၆၅၀ ပေးရကြောင်း၊ နေရာဒေသအကွာအဝေးအလိုက် ပဲဆွတ်ခူးခဈေးနှုန်း ကွာခြားမှုရှိနိုင်ကြောင်း၊ ဆွတ်ခူးပြီး ပဲတောင့်များအား ခြွေလှေ့စက်ဖြင့်ခြွေခ ပဲစေ့တစ်တင်းအတွက် ငွေကျပ် ၆၀၀ ပေးရကြောင်း သိရသည်။ သုံးခွမြို့နယ်၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်စိုက်ပျိုးရာသီတွင် မြို့ပေါ်နှင့်ကျေးရွာ ၆၄ အုပ်စု၌ ပဲတီစိမ်းစိုက်ဧက ၁၃၀၁၈၃ ဧကရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**ကျော်ဆန်း**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ကျောက်ဆည်မြို့၌ မင်းရဲမြောင်း ရေတံခါးအဆောက်အအုံအား ပြန်လည်ပြုပြင်ပြီးစီး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် သီးနှံမျိုးစုံ ၉၅၇၃ ဧက ရေပေးဝေနေသည့် မင်းရဲမြောင်း ရေတံခါး အဆောက်အအုံအား ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူပြီး ပြန်လည် ပြုပြင်လျက်ရှိရာ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရေတံခါး အဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံ ငွေကျပ် သန်း ၃၀ အကုန်အကျခံကာ ရေတံခါးအဆောက်အအုံ၏ အဝင်အထွက် မြောင်းပေါင်ဝဲ/ယာ နေရာများတွင် အလျား ၃၂ ပေ၊ အကျယ် ၁၁ ဒသမ ၇၅ ပေ၊ အမြင့် ၁၅ ပေ ရှိ မြောင်းပေါင် ကြမ်းခင်းများ ကျောက်စီခြင်း၊ အလျား ၅ ဒသမ ၅ ပေ၊ အနံ ၅ ဒသမ ၅ ပေရှိ ရေတံခါးချပ် လေးခုနှင့် ဂီယာအုံများ အသစ်လဲပေးခြင်း လုပ်ငန်းများ ဆောက်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမင်းရဲမြောင်းရေတံခါး အဆောက်အအုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်သောကြောင့် မင်းရဲရေမြောင်းမှ သီးနှံစုံဧက ၉၅၇၃ ဧကအတွက် စိုက်ပျိုးရေများ ပေးဝေရာတွင် လိုအပ်သလိုပေး ဝေထိန်းညှိနိုင်းပြီး ရေအလေအလွင့်ဆုံးရှုံးမှု လျော့နည်းစေကာ လိုအပ်သည့် ရေပမာဏ ပြည့်ဝစွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**



# မြေအောက်ရေဖြင့် ကြက်သွန်စိုက်ပျိုးမှု အောင်မြင်

**မြို့သစ် ဖေဖော်ဝါရီ ၂၁**

မကွေးခရိုင် မြို့သစ်မြို့နယ် ဇီးတောကျေးရွာရှိ တောင်သူအများစုအနေဖြင့် ဒေသ၏ ရေမြေသဘာဝအလျောက် အမြဲလုပ်ကိုင်ခြင်းဖြစ်ပြီး မြေအောက်ရေကိုတူးဖော်ကာ ရေတင်စိုက်ပျိုးခြင်းဖြင့် ကြက်သွန်စိုက်ပျိုးခြင်းလုပ်ငန်း၊ ပဲစင်းငုံစိုက်ပျိုးခြင်း၊ နေကြာစိုက်ပျိုးခြင်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရသည့် ကျေးရွာတစ်ရွာဖြစ်သည်။

ယခုနှစ်သည် ယခင်က ကြက်သွန်ဈေးအနည်းအများဖြင့် ရောင်းချရသော နှစ်ဖြစ်သော်လည်း ယမန်နှစ်က ဈေးထက် အနည်းငယ် ရရှိသောကြောင့် မိတ်စားကြက်သွန်တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၊ ပင်စိုက်ဆိုလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချရသည့်အတွက် အတော်အသင့် မိသားစုအတွက် စားဝတ်နေရေး အခြေအနေ ကောင်းသည်ဟု ကြက်သွန်စိုက်တောင်သူ ဦးဖိုးနီထံမှ သိရသည်။

ဇီးတောကျေးရွာရှိ တောင်သူများအနေဖြင့် မိတ်စားကြက်သွန်များစိုက်ပျိုးရာတွင် အလုပ်သမားတစ်ဦးငှားမည်ဆိုပါက အမျိုးသားဆိုလျှင် ငွေကျပ် ၆၀၀၀၊ အမျိုးသမီးဆိုလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ငှားရမ်းရသည်။ တူးဖော်ပြီးထွက်ရှိသည့် ကြက်သွန်များကို မြို့သစ်မြို့၊ တောင်တွင်းကြီးမြို့များသို့ သွားရောက်ရောင်းချရသည်။ ကြက်သွန်ဈေးနှုန်းမှာလည်း သင့်တော်သည်ဖြစ်၍ ကြက်သွန်စိုက် တောင်သူများအတွက် ဒီထက်ပိုရမည့် ဈေးနှင့် ရောင်းချရပါက စားဝတ်နေရေး ပိုပြီး အဆင်ပြေသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **ကိုဇော်(ပြန်/ဆက်)**

# မင်းဘူး(စကု)၌ ကျေးရွာပေါင်း လေးရွာ အကျိုးဖြစ်ထွန်းမည့် ကုန်ထုတ်လမ်းဖောက်လုပ်

**မင်းဘူး ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ကျေးရွာပေါင်း လေးရွာမှ ဒေသခံတောင်သူများ အကျိုးဖြစ်ထွန်းမည့် မြေနီကျောက်စရစ် ကုန်ထုတ်လမ်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၈ ရက်မှစတင်ပြီး ဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖောက်လုပ်ရာတွင် တောဘိုကုန်းကျေးရွာအနီး ပွေးကျစ်လက်တံမြောင်းမှ မြောက်မန်းမြောင်းမကြီးအထိ မြေနီကျောက်စရစ် ကုန်ထုတ်လမ်းကို လမ်းအရှည် ၂ / ၁ ဒသမ ၁၅ မိုင်၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၅၄ ဒသမ ၅ သန်းဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး အောက်ခံမြေအမာ သိပ်သည်းမှုရှိစေရေး အပေါ်ယံမြေများဖယ်ထုတ်ကာ မြေနေရာရှင်း၍ လိပ်ကျောပုံဖော်ခြင်းများ ဆောင်ရွက်နေကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးသွားပါက ကျေးရွာပေါင်း လေးရွာမှ အိမ်ခြေပေါင်း ၁၆၇၀၊ လူဦးရေ ၇၂၀၄ ဦး၏ အကျိုးပြုစိုက်ဧကပေါင်း ၁၈၀၀ ကျော်မှ လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်သို့ လွယ်ကူချောမွေ့လျင်မြန်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# ကော့သောင်းမြို့၌ ပင်လယ်ပျော်ဆလုံတိုင်းရင်းသားများအား ဒုတိယအကြိမ် ကိုဗစ် - ၁၉ရောဂါကာကွယ်ဆေးထိုးနှံ

**ကော့သောင်း ဖေဖော်ဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု ဂျလန်းကျွန်း ဆလုံတိုင်းရင်းသားကျေးရွာမှ ဆလုံတိုင်းရင်းသားများအား ဖေဖော်ဝါရီ ၂၀ ရက်က ကော့သောင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး(Second Dose) ဒုတိယအကြိမ်အဖြစ် သွားရောက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံမှုတွင် ဂျလန်းကျွန်းပေါ်ရှိ ဆလုံတိုင်းရင်းသားများ အပါအဝင် ကျေးရွာပြည်သူများအား ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး Sinovac အား အောက်တိုဘာလအတွင်းက ပထမအကြိမ်ထိုးနှံပေးခဲ့ပြီး ယခု (Second Dose) ဒုတိယအကြိမ်အဖြစ် သွားရောက်ထိုးနှံပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံတောင်ဘက်စွန်း ပင်လယ်ကျွန်းတချို့သည် ပင်လယ်ပျော်လူသားမျိုးနွယ်စုတစ်ခုဖြစ်သည့် မော်ကင်း(ခေါ်) ဆလုံလူမျိုးများ နေထိုင်ကျက်စားရာ ဒေသများဖြစ်ပြီး ရှားပါးလူသားမျိုးနွယ်စုလည်းဖြစ်ရာ ယနေ့ကမ္ဘာနှင့်အဝန်း ကူးစက်ဖြစ်ပွားနေသည့် ကိုဗစ် – ၁၉ ရောဂါ ဆလုံလူမျိုးများ အများစုနေထိုင်ရာ ကျေးရွာများသို့ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်းသွားရောက်ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မြို့နယ်အသီးသီး၌ ပင်စင်လစာများ စတင်ထုတ်ပေးလျက်ရှိ

## ရန်ကုန်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင် မြန်မာ့စီးပွားရေးဘဏ်၌ (အငြိမ်းစား) ပင်စင်လစာများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီလ ပင်စင်လစာများအား ဖေဖော်ဝါရီ ၂၁ရက်က ကိုဗစ်–၁၉ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ စနစ်တကျထုတ်ပေးလျက်ရှိကြောင်း သိရသည်။

သန်လျင်မြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလ ပင်စင်လစာထုတ်ပေးရာတွင် လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ပြီး နေ့စဉ် နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီအထိ ပင်စင်လစာများကို ထုတ်ပေးလျက်ရှိရာ ရပ်ကွက်နှင့် ကျေးရွာများရှိ ပင်စင်စား မိဘပြည်သူများအနေဖြင့် မိမိတို့အဆင်ပြေသည့်နေ့တွင် လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ကိုယ်စားလှယ်နှင့် ထုတ်ယူလိုပါက လိုအပ်သည့်အထောက်အထားဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**

## လှိုင်းဘွဲ

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စား အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက စတင်ထုတ်ပေးလျက်ရှိသည်။

လှိုင်းဘွဲမြို့နယ် ပင်စင်စားအငြိမ်းစား ဝန်ထမ်းများအနေဖြင့် ပင်စင်လစာများ ထုတ်ယူရာတွင် ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ရန်နှင့် ကူးစက်ပျံ့နှံ့မှု မရှိစေရန်အတွက် ပင်စင်လစာများကို တစ်ရက်တည်းသာ ထုတ်ပေးခြင်းမဟုတ်ဘဲ လစဉ် ၂၁ ရက်နောက်ပိုင်း ရုံးဖွင့်သည့်ရက်များတွင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ လှိုင်းဘွဲမြို့နယ်တွင် ပင်စင်စားအငြိမ်းစား ဝန်ထမ်းဦးရေ ၈၀၀ ကျော်ရှိကြောင်း သိရသည်။ **စောဒီ(ပြန်/ဆက်)**

## နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စားများအား ပင်စင်လစာငွေများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၇ နာရီခန့်က စတင်ပြီး ထုတ်ပေးလျက်ရှိသည်။

အဆိုပါပင်စင်ထုတ်ယူရာတွင် ပင်စင်စားများအား ပင်စင်လစာငွေ ထုတ်ယူရာ၌ အဆင်ပြေစေရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ နတ်မောက်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ပင်စင်စားများအား နေ့စဉ်နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်ရက်များတွင် လာရောက်မထုတ်ယူနိုင်သောပင်စင်စားများအား ဖေဖော်ဝါရီလ ဆန်းပိုင်းတွင် ဘဏ်ဖွင့်ချိန်အတွင်း၌ လာရောက်ထုတ်ယူနိုင်ပြီး နတ်မောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသူ ၁၆၀၀ ခန့်ရှိကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

## ကွန်ဟိန်း

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈နာရီခန့်ကစတင်၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကွန်ဟိန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို နိုင်ငံတော်အစိုးရက သတ်မှတ်ထားသော ရုံးပိတ်ရက်များမှအပ ရုံးဖွင့်ရက်များတွင် ထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်ပြီး အငြိမ်းစားဝန်ထမ်းပင်စင်လစာထုတ်ယူမည့်သူစုစုပေါင်း ၃၁၀ ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြစ်သား

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)က အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၇ နာရီက စတင်ထုတ်ပေးလျက်ရှိသည်။

မြစ်သားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တွင် ပင်စင်လစာထုတ်ယူရန် အငြိမ်းစားဝန်ထမ်း ၂၃၀၀ ကျော်ရှိပြီး ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၁ ရက်နေ့မှ စတင်၍ ဘဏ်ဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ ကိုဗစ်–၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ထုတ်ပေးသွားမည်ဖြစ်သည်။

**သီတာအောင်(မြစ်သား)**

## ရေဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရေဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကို ယနေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်ငါးခရိုင်မှ ကော်မတီဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားကြသည်။ ထို့နောက် အစည်းအဝေးတွင် တက်ရောက်လာကြသူများက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂)နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ်၌ ဒေသခံပြည်သူ ၁၆၁ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ဒေသခံပြည်သူ ၉၀၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၇၂ ဦး၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၂၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၄၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ဒေသခံပြည်သူ ၇၅၀၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၄၉၉ ဦး (ဝဲပုံ) နှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၉၆ ဦး တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သီပေါမြို့နယ်၌ အာဆီယံသပြေပန်းပင်များ စိုက်ပျိုးဖြစ်ထွန်း၍ ခြံတောင်သူများ ဝင်ငွေရ

**သီပေါ ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပန်ဆောက်မိန်းကျေးရွာတွင် အာဆီယံသပြေပန်းပင်များ အောင်မြင်ဖြစ်ထွန်း၍ ခြံတောင်သူများ ဝင်ငွေရရှိကြောင်း သိရသည်။

အာဆီယံသပြေပန်းကို တစ်ပေပတ်လည်ကျင်းတူး၍ သဘာဝမြေဆွေးထည့်ကာ သုံးပေခြား တစ်ပင်စိုက်ပျိုးရကြောင်း၊ တစ်ရက်လျှင် တစ်ကြိမ် ပုံမှန်ရေလောင်းပေးရကြောင်း၊ အပင်သက်တစ်နှစ်ကျော်လျှင် ပန်းချိုးပြီး ဈေးကွက်သို့ရောင်းချနိုင်ကြောင်း၊ ဧကဝက်ကျယ်ဝန်းသော ခြံမြေအတွင်း အပင်ပေါင်း ၂၀၀ ကျော် စိုက်ပျိုးထားရာ အပင်သက်တမ်း သုံးနှစ်ခန့်ရှိချိန်၌ သပြေပန်းများကို မြို့မဈေးကြီးနှင့် ဝက်ဝံယာယီပွဲကျဈေး ပန်းရောင်းသူများထံ အခက်ငါးခက်ပါ တစ်စည်း ငွေကျပ် ၃၀၀ နှုန်းဖြင့် ပေးသွင်းကာ တစ်နေ့လျှင် အစည်းပေါင်း ၁၀၀ ခန့် ရောင်းချရကြောင်း၊ နေ့စဉ်ဝင်ငွေများရရှိသဖြင့် မိသားစုအတွက် အထောက်အကူများစွာရရှိကြောင်း ပန်ဆောက်မိန်းကျေးရွာမှ အာဆီယံသပြေပန်းစိုက်ပျိုးသူ ခြံတောင်သူတစ်ဦးက ပြောသည်။

အဆိုပါ အာဆီယံသပြေပန်းကို ဘုရားပန်းအဖြစ် ကပ်လှူပူဇော်နိုင်ရန်နှင့် အလှပန်းအနေဖြင့် မိမိတို့ခြံဝင်းအတွင်း မိသားစု တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပြီး အချို့က စီးပွားအဖြစ် စိုက်ပျိုးသည့်ပန်း ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၃၃ ဦး၊ အမျိုးသမီး ၆၇ ဦး စုစုပေါင်း ၂၀၀ တို့ကို လက်ခံကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မူဆယ်မြို့၌ (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကျင်းပ

**မူဆယ် ဖေဖော်ဝါရီ ၂၁**

(၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းက မူဆယ်ခရိုင်ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းစာပေယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်ထူးက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံနှင့် ချင်းလူမျိုးများ၏ သမိုင်းကြောင်းကို ပြောကြားသည်။

အဆိုပါ (၇၄)နှစ်မြောက်ချင်းအမျိုးသားနေ့ အခမ်းအနားသို့ မူဆယ်မြို့ရှိ ချင်းလူမျိုးများ၊ ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး ချင်းရိုးရာအစားအစာများဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။ **သန့်ဇင်(မူဆယ်)**



## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား၂၄-၁-၂၀၂၂ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၂-၂-၂၀၂၂ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပုသိမ်မြို့နယ် ရွှေကျီးညိုရောင်းဝယ်ရေးသမဝါယမအသင်းဆိုင်မှ လူသုံး၊ အိမ်သုံးကုန်ပစ္စည်းများ ရောင်းချ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေကျီးညိုရောင်းဝယ်ရေးသမဝါယမအသင်းဆိုင်မှ လူသုံးကုန်၊ အိမ်သုံးကုန်၊ အလှကုန်နှင့် စာရေးကိရိယာအမျိုးမျိုးကို အသင်းသားပြည်သူများ ဈေးနှုန်း မှန်ကန်သက်သာစွာ ဝယ်ယူနိုင်စေရန် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## တရားမဝင် ကျွန်းသစ်၊ သစ်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ရှောင်တခင် စစ်ဆေးရာတွင် မှော်ဘီမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ် တန် ၆ ဒသမ ၉၁၃၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၇၃၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ယနေ့တွင် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ရှိ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဗိုလ်ထိုင်အိမ်သာ ကြွေခွက် အစုံ ၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၃၀၀၊ ကလေးလက်တွန်းလှည်း ၁၄၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၄၄၆၀၀ နှင့် Baby Walker ၉၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၁၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၄၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးရာ ပဲခူးခရိုင် သစ်တော ကြိုးဝိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ တန် ၁၆ ဒသမ ၈၁၈၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၀၃၂၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၂၂၁၈၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



## ညောင်ဦးမြို့နယ် မြောင်ကျေးရွာတွင် ပေါ့ဆမီးကြောင့် နေအိမ် ၆၄ လုံး မီးလောင်ဆုံးရှုံး

**ညောင်ဦး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြောင်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က မြောင်ကျေးရွာနေ အောင်လင်း၏ နေအိမ်မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပေါ်ခဲ့ရာ ၎င်း၏ ထန်းရွက်မိုး၊ ထန်းလက်ကာ၊ သုံးပင်ပတ်လည် နေအိမ်အပါအဝင် ကျေးရွာရှိ နေအိမ် ၆၄ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း ညောင်ဦးမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

အဆိုပါ မီးလောင်သည့်ကျေးရွာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်၊ ဦးဆောင်သောမီးသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် လေးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၃၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့ဖြင့် မီးငြိမ်းသတ်ကြရာ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် မီးထိန်းနိုင်ပြီး ၁၁ နာရီ ၃၅ မိနစ်တွင် မီးအားလုံး ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် (၃၀ x ၂၀)ပေ နံကပ် တစ်ထပ်တိုက် နှစ်လုံး၊ (၃၀ x ၂၀)ပေ နံကပ်နှစ်ထပ်တိုက်ခြောက်လုံး၊ (၃၀ x ၂၀)ပေ မြေစိုက်အိမ်၊ သွပ်မိုး၊ ထရံကာ ၅၆ လုံး၊ ဆိတ် ၁၅ ကောင်၊ ဝက်ခြောက်ကောင်၊ မီးစက်တစ်လုံး၊ System ပုံးနှစ်ပုံးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုကိစ္စနှင့် ပတ်သက်၍ မီးပေါ့ဆစွာအသုံးပြုသူ ဦးအောင်လင်းအား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အခွန်ထမ်းပြည်သူများသို့ အသိပေးချက်

၁။ ကိုဗစ်-၁၉ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်နိုင်ရန်အလို့ငှာ ၂၀၂၁ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေများအတွက် သက်ညှာသော အခွန်နှုန်းများဖြင့် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

၂။ ထို့ပြင် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ထိခိုက်ကျဆင်းလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများကိုကုစားနိုင်ရန်နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၁ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဖြင့် စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအလွှာ သတ်မှတ်ချက်များကို ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၃။ ဥပဒေအရ သက်ညှာပေးထားသည့် အခွန်နှုန်းထားနှင့် ဝင်ငွေအလွှာသတ်မှတ်ချက်တို့သည် ၂၀၂၁ခုနှစ် ပြည်ထောင်စု၏အခွန်ကောက်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဂ)အရ ၃၁-၃-၂၀၂၂ရက်အထိသာ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

၄။ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေပေါ်ပေါက်နေသူ အခွန်ထမ်းပြည်သူများအနေဖြင့် ဥပဒေအရ သက်ညှာပေးထားသည့် အခွန်နှုန်းထားနှင့် ဝင်ငွေအလွှာသတ်မှတ်ချက်တို့ကို ၃၁-၃-၂၀၂၂ရက်အထိသာ ခံစားခွင့်ရှိမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာအခွန်ရုံးများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါ မွေးမြူရေးခြံ(၂)ခြံ၊ အစာစပ်စက်ရုံ(၁)ရုံနှင့်မြေနေရာ(၁)ခုတို့တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများနှင့်ဆက်စပ်သော Processing အပိုင်းနှင့် Value Added အပိုင်းများ ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ ပြည်တွင်းပြည်ပလုပ်ငန်းရှင်/ကုမ္ပဏီများသို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| စဉ် | ခြံ/စက်ရုံအမည် | ဧက | Lot No. |
|---|---|---|---|
| (က) | လှော်ကားနွားမွေးမြူရေးခြံ | ၇၂.၉၁ | Lot-1 |
| (ခ) | လှော်ကားအစာစပ်စက်ရုံ- | | |
| | - ပင်မစက်ရုံအဆောက်အအုံ | ၀.၅၈ | Lot-2 |
| | - ဂိုဒေါင်အလွတ်(၂)လုံး(၁၈၀'x၇၀'x၃၀') | ၀.၅၈ | Lot-3 |
| | - ကျန်မြေ | ၉.၅၇ | Lot-4 |
| (ဂ) | လှော်ကား မြေလွတ် | ၆ | Lot-5 |
| (ဃ) | ပျဉ်းမပင် ဝက်ခြံ- | | |
| | - ပင်မ | ၈ | Lot-6 |
| | - တိုးချဲ့ | ၈ | Lot-7 |

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲ၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူရရှိနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် တင်ဒါအဆိုပြုလွှာများအား (၄-၃-၂၀၂၂)ရက် မွန်းလွဲ ၂:၃၀နာရီတွင် နောက်ဆုံးထား၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီးပွားရေးရာအထောက်အကူပြုဌာနခွဲသို့ ပေးပို့တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၈၄၈၀၊ ၀၆၇-၃၄၁၈၄၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါအဆိုပြုလွှာလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃) ရပ်ကွက်၊ ဖွဲကပင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၁၁၀၅၊ ဧရိယာ ၀ဒသမ ၀၆၂ ဧကရှိ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေကွက်ကို ဒေါ်ရှုကြည် ၁၂/ ကတတ(နိုင်)၀၂၄၈၁၀ အမည်ပေါက်ပြီး ၎င်းကွယ်လွန်သဖြင့် ၎င်း၏ခင်ပွန်း ဦးဝင်းညွှန့် ၁၂/ ကတတ(နိုင်)၀၂၄၈၀၉ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းအရ ပိုင်ဆိုင်လာပြီး ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ် ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း (မူရင်း) ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်၍ စာချုပ် ပြုလုပ်ချုပ်ဆို သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမိုးမင်းဆွေ | ဒေါ်ခင်မာနွယ် | ဦးအောင်မျိုးသူ | ဒေါ်နန်းစုမြတ်နိုးထွဋ် |
|---|---|---|---|
| (LL.B, D.B.L) | (LL.B, D.B.L) | (LL.B) | (LL.B) |
| (စဉ်-၁၄၄၀၄) | (စဉ်-၁၄၂၆၂) | (စဉ်-၁၇၄၆၂) | (စဉ်-၁၇၅၉၀) |

**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ချောရူပါဝင်း(LL.B)(စဉ်-၅၂၅၉၃)**
**အထက်တန်းရှေ့နေ**
**Legal Chance Office: အမှတ် ၄၈၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂) ရပ်ကွက်**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉- ၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/4048, YUNDE-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဖြိုးအောင် ၈/ပခက(နိုင်)၁၉၂၅၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၇၆၉၅ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ငွေးလဲ့ ၆/ထဝန(နိုင်)၁၂၃၅၂၅ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၄၃၃၅၅ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဆင်ဝှက် ၆/ထဝန(နိုင်)၀၆၅၃၉၃က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

---

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၁)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား ဦးဇော်မင်း ၉/မမန(နိုင်)၀၈၁၃၉၀ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်ရှိ အဆောက်အအုံအား ဖျက်သိမ်း၍ အသစ်ပြန်လည်ဆောက်လုပ်ခြင်း ဆောင်ရွက်နိုင်ရေး ဦးစိုင်းအောင်ထွန်းလတ် ၁၃/နခန(နိုင်)၀၃၆၃၅၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးရုံး အင်ဂျင်နီယာဌာနသို့ ဖြစ်စေ ကျွန်ုပ်ထံသို့ဖြစ်စေ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုင်းအောင်ထွန်းလတ် ၁၃/နခန(နိုင်)၀၃၆၃၅၂**
**အမှတ်(၃၉)၊ ၁၅လမ်း၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၁ဘီ)၊ ရေတွင်းကုန်းရပ်ကွက်၊ လမ်း(၁၂၀)၊ အမှတ်(၅၆)ဟုခေါ်တွင်သော မြေကွက်အမှတ် (၄၆၇) အကျယ်အဝန်း (၃၀x၆၀)ပေရှိ ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ(၈)ထပ်တိုက်၏ (၅)လွှာ လက်ဝဲဘက်တိုက်ခန်းအား ဖခင်ဖြစ်သူ ဟာဂျီဦးပါ (ခ) ဦးဖေသိန်း (NBN-၁၂၁၄၄၉)နှင့် မိခင်ဖြစ်သူ ဒေါ် တင်မြင့် (NBN-၁၀၀၉၀၆) တို့က ၎င်းတို့၏ သမီး ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်အုန်းမြင့် ၁၂/မဂတ(နိုင်)၀၆၆၃၉၀အား ၎င်းတို့၏မိသားစု အမွေခွဲဝေပေးကမ်းခြင်း စာချုပ်အားဖြင့် ခွဲဝေပေးကမ်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအား ဒေါ်ခင်အုန်းမြင့် တစ်ဦးတည်းသာ ပိုင်ဆိုင်နေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၃၇)(၂၀-၁-၂၀၂၁)**
**LL.B,D.B.L,D.I.P.L,W.I.P.O(Switzerland)**
**MA.Business Law**
**အမှတ်(၂၄)၊ (၉၈)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၅၉၈၇၅၉၊ ၀၉-၇၉၅၉၁၇၄၈၈**

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆/စီ)၊ မြေကွက်အမှတ် (၁၆/အေ)၊ ဧရိယာ ၀ဒသမ ၂၅၀ ဧကရှိ မြေပိုင်မြေကွက်နှင့် တကွ ယင်းမြေကွက်ပေါ်ရှိ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ စိမ်းလဲ့ကန်သာလမ်း၊ အမှတ် ၁၂၈ ဟု ခေါ်တွင်သော နေအိမ်အပါအဝင် ဆက်သွယ်အသုံးပြုထားသော ပစ္စည်းများနှင့် အကျိုးခံစားခွင့် အားလုံးတို့ကို အမည်ပေါက် ပိုင်ရှင်များထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ကိုယ်စားလှယ်လွှဲစာများ ရရှိထားသူ ဒေါ်စန်းဌေး(ခ) ဒေါ်စမ်းဌေး ၁၄/ဝခမ(နိုင်)၀၉၃၀၉၇ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ပေးကတိစာချုပ် ပြုလုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှု တစ်စုံတစ်ရာ အကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲ ဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးလိမ္မော်( LL.B) | ဦးဝေယံဦး( LL.B) | ဦးမျိုးသူရအောင်(LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်- ၄၃၁၄) | (စဉ်- ၁၄၁၃၆) | (စဉ်- ၁၇၁၄၈) |

**အမှတ်၄၆/ပထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ် (၄၄)၊ (၁)ခန်းတည်း RC (၈)ထပ်ခွဲတိုက် အဆောက်အအုံ၏ Penthouse, ဧရိယာ ၁၁၈၈ စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးစိုးမြင့်သိန်း ၁၂/စခန(နိုင်)၀၅၅၁၇၁၊ ဦးကျော်ဆန်းရွှေ ၁၂/ စခန(နိုင်)၀၀၆၉၈၉ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်နန်းလောဝ်ငင်း ၁၃/ မကန(နိုင်)၀၃၁၈၈၃ တို့ အပြီးအပြတ် ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းလောဝ်ငင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၇၆၂၂)**
**အမှတ် (၁၇/က)၊ မြေညီထပ်(၀၁-၀၂)နှင့် ပထမထပ်(၀၁-၀၂)၊**
**အထက်ပန်းဆိုးတန်းလမ်းနှင့်**
**ဗိုလ်မင်းခေါင်လမ်းထောင့်၊ ဖဆပလ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

---

## အများပြည်သူသိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဈေးလမ်း၊ သန်လျင်တံတားအိမ်ရာဝင်း(၇)၊ အမှတ် ၁၀၀နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်စိန် ၁၃/လရန(နိုင်)၀၀၀၄၄၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ စက်မှုရပ်ကွက် (ဆတ်ရိုးကျ)၊ (၆) မင်းဒရာချိတ် အနောက်ကွင်းရှိ မြေကွက်အမှတ်(၂၈၇/၂၈၈)၊ ဧရိယာ ၀ဒသမ ၉၁၈ ဧက၊ မြေကွက်အမှတ် (၂၈၉/၂၉၀)၊ ဧရိယာ ၀ဒသမ ၉၁၈ ဧကနှင့် မြေကွက်အမှတ် (၂၉၁/၂၉၂)၊ ဧရိယာ ၀ဒသမ ၉၁၈ ဧက တို့အား ဦးကျော်ကျော်စိန် ၁၃/လရန(နိုင်)၀၀၀၄၄၇ အမည်ဖြင့် တစ်ဦးတည်း ဂရန် အမည်ပေါက်မှတ်သားတည်ရှိပိုင်ဆိုင်သော မြေကွက်များဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ ဦးကျော်ကျော်စိန် တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်များနှင့် စပ်လျဉ်း၍ မြေကွက်များသို့ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်စိန်၏ သဘောတူညီမှုမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ တနည်းနည်းဖြင့် ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း (လုံးဝ) မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ တနည်းနည်းဖြင့် ကျူးကျော်ဝင်ရောက် နှောင့်ယှက်နေထိုင်သူ မည်သူမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ချိုချိုပြုံး (LL.B) | ဒေါ်စုမြတ်မွန် (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၂၄၀) | အထက်တန်းရှေ့နေ(စဉ်-၄၉၃၇၈) |

**ရုံးခန်း အမှတ်(၅၂၉)၊ နွယ်သာကီ ၄လမ်း၊ (က)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၇၇၇၈၇၄၈၇**

---

## အမည်ပြောင်း

ဦးမြင့်ကိုကို ၇/မညန(နိုင်) ၀၀၀၀၄၅ ၏သမီး မိုးညိုမြို့နယ်၊ သခင်လှရှိန်ရပ်ကွက်၊ အထက(မိုးညို) Grade-4မှ မဇေဝတီကိုကိုအား မဇေဝတီဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဇေဝတီဟန်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်7M/9179 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အမည်ပြောင်း

ဦးဝေဖြိုးမောင် ၇/မညန(နိုင်) ၀၅၂၂၉၀၏သား မိုးညိုမြို့နယ်၊ ဇောတိကရပ်ကွက်၊ အထက(မိုးညို) Grade-4မှ မောင်သွင်ထူးကျော်အား မောင်ဟိန်းခန့်ဖြိုးဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းခန့်ဖြိုးဝေ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ တိုက်အမှတ် (A3)၊ အခန်းအမှတ်(1208)၊ အခန်းအမျိုးအစား Type A3၊ အကျယ်အဝန်း 1185 စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်နိုင် ၁၂/လသန(နိုင်)၀၁၆၈၄၈ထံမှ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မျိုးဇင် ၁၂/ပဘတ(နိုင်)၀၃၁၀၁၃**
**(ဖုန်း-၀၉-၅၁၄၆၇၀၁)**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧက၊ မြေကွက်အမှတ် (ပ-၄၄၂၀)၊ ဦးခိုင်(ခ)မောင်ခိုင် (ဘ)ဦးလှမြင့် ၉/ပမန(နိုင်)၂၁၁၂၁၃ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးရဲထက်လင်း (ဘ)ဦး ကျော်ဝင်း ၉/ကပတ(နိုင်)၁၃၆၈၂၅ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ် ၆၄၁(က)၊ အကျယ်အဝန်း (၂၀ x၆၀)ပေ၊ ၁၂၀၀ စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၆၄၁(က)၊ရှင်သိဒတ် ၁၁လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အအုံအား အမည်ပေါက်ပိုင်ရှင် ဦးကျော်ဇင်လတ် ၈/ခမန(နိုင်)၁၂၉၄၅၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်ယဉ်ယဉ်သူ(LL.B) | ဒေါ်တင်ဇာအေးကို(LL.B) |
|---|---|
| အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၆၄) |

**ဖုန်း- ၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆၁**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ ဦးညာဏ်ထွန်းမင်း ၉/ပမန(နိုင်)၀၀၅၉၉၈(ဘ)ဦးခင်မောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ်ပ-၃၂၆၆၉ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ဖြူဖြူ ၉/ပမန(နိုင်) ၁၅၆၅၉၆(ဘ)ဦးစိုးလွင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဦးညာဏ်ထွန်းမင်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏ အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၅)လမ်း (အနောက်)၊ အမှတ်(၈၂၁/က+ခ) ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁-ထူပါရုံ)၊ မြေကွက်အမှတ်(၈၂၁/က+ခ)၊ အကျယ်အဝန်း (အလျား ၃၀ ပေ၊ အနံ ၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ (မြေညီထပ်/ဘီ)(လမ်းကိုမျက်နှာမူသော် ဘယ်ဘက်အခြမ်း)၊ အကျယ်အဝန်း (အလျား ၁၅ ပေ၊ အနံ ၅၄ပေ)ရှိ နေအိမ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ် အရောင်းအဝယ်စာချုပ်များဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဆန်း ၁၂/ဒပန(နိုင်)၀၄၀၆၀၀ထံမှ ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးဝေလျံမောင် ၁၂/ဒဂရ(နိုင်)၀၁၂၄၇၂မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးအလုံးမောင် | ဦးအောင်ကျော်လင်း(LL.B,D.B.L) | ဦးမင်းခိုင်(LL.B) |
|---|---|---|
| (B.A.(Eng),R.L) | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| တရားလွှတ်တော်ရှေ့နေ | (စဉ်-၄၁၀၇၀) | (စဉ်-၃၉၅၈၇) |
| (စဉ်-၆၆၁၀) | | |

**အမှတ်(၆၂)၊ အခန်း(၁၀)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၅၄၂၇၃၄၊ ၀၉-၅၁၇၂၄၆၇**

# ဒေါ်အမာ(မိုးညှင်းယောဂီ)
## အသက် (၈၉)နှစ်

ရန်ကုန်မြို့နေ(ဦးဘချို၊ ပို့ဆောင်ရေးဝန်ထောက်၊ မီးရထား-ဒေါ်သိန်းကြည်)တို့၏သမီးကြီး၊ (ဦးမောင်မောင်)(ရုံးအုပ်၊ ငြိမ်း)၏ဇနီး၊ (ရေ/၁၂၄၅ ဗိုလ်ကိုကိုမောင်၊ ကျဆုံး/DSA 20)၏မိခင်ကြီး၊ အစ်ကို၊ ညီမ၊ မောင်များ၏ ကျေးဇူးရှင် အစ်မကြီး၊ ယောဂီ ဒေါ်အမာသည် ၂၀-၂-၂၀၂၂ ရက်တွင် ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ မိုးညှင်းဝိပဿနာတိုက်သစ်၊ ကမ္မဋ္ဌာန်းကျောင်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အစ်မကြီး ကောင်းရာသုဂတိလားပါစေ။

ဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး-ဒေါ်အေးအေးမြင့် မိသားစုနှင့်
ညီအစ်ကို မောင်နှမ၊ တူ/တူမများ

## ဝမ်းနည်းကြေကွဲခြင်း
### ဦးဝင်းမြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး(ငြိမ်း) အလုပ်အမှုဆောင်အဖွဲ့ဝင်(ရန်ကုန်ဆန်လှူအသင်းကြီး)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးဝင်းမြင့်(အလုပ်အမှုဆောင်အဖွဲ့ဝင်၊ ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး) အသက်(၇၀)သည် ၂၁-၂- ၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
ရန်ကုန်ဆန်လှူအသင်းကြီး

## အမည်မှန်

မိုင်းဖြတ်မြို့နယ်၊ အထက (ဟိုနား) ကျောင်းမှ ဒသမတန်းကျောင်းသူ မဖရန်စစ္စတာ၏ အမည်မှန်မှာ မဖရန်စစ္စကာ ဖြစ်ပါကြောင်းနှင့်၎င်း၏ ဖခင်အမည်မှန်မှာ ဦးအားဆောင် ၁၃/မဖန(နိုင်) ၀၁၄၈၈၁ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားခရိုင်၊ ဆော့လော်မြို့နယ်၊ မြို့မရပ်ကွက်နေ ဦးဖိုးပို ၁/ဆလန(နိုင်) ၀၁၀၂၈၄ ၏သမီး မအတီမီး(ခ)မအသီမီး ၁/ဆလန(နိုင်)၀၁၄၂၀၅ သည် တစ်ဦးတည်းဖြစ်ပါသည်။

# အထူးဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်ကုပညာဌာန၏ ဂုဏ်ထူးဆောင် ပါမောက္ခဆရာကြီး ပါမောက္ခ ဦးမျိုးမင်းသည် ၂၀-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားခြင်း အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

န.န.လ.ဥ.လ ဌာန ၊ ဆေးတက္ကသိုလ်(၂)မိသားစု

## ပတ်စ်ပို့ပျောက်

ကျွန်မ မဘောက်ဆန့်မွှန်း ၁/ဗမန (နိုင်)၀၅၇၀၂၏ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်

ဖုန်း-၀၉-၂၅၆၄၂၈၂၄၂

## ပိုင်ရှင်အမြန်ဆက်သွယ်ပါ

ပတ်(စ်) ပို့ No. MC 390349 ပိုင်ရှင်အမည် AIK SHAING အား ကောက်ရထားပါသည်။ မနီနီခင် ဖုန်း-၀၉-၇၆၆၅၂၁၀၄၀ သို့ ဆက်သွယ်ပါ။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၂၇

ဦးတက်ထွန်း နှင့်
၁။ ဦးအောင်သန်း
၂။ ဦးကျော်မြင့်
၃။ ဒေါ်ရီရွှေ
၄။ ဒေါ်စောမြိုင်
၅။ ဒေါ်အုံးမေ
၆။ ဒေါ်အေးကြည်
၇။ ဒေါ်မြင့်ငွေး
၈။ ဒေါ်မြင့်ဝေ
၉။ ဒေါ်မြအေး
၁၀။ ဦးကျော်ဇော

တရားလို တရားပြိုင်များ

(၁၀)။ ဦးကျော်ဇော အိမ်အမှတ်(၃/၉၃)၊ ကံ့ကော်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "၁၄-၈-၁၉၇၁ ရက်စွဲပါ မိဘပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်ခွဲဝေခြင်းစာချုပ်သည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့် ၎င်းစာချုပ်အား အမှီပြု၍ ထွက်ပေါ်လာသောအကျိုးဆက်များသည် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် မတ် ၈ ရက် (၁၃၈၃ ခုနှစ် တပေါင်းလဆန်း ၇ ရက်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းမြင့်စိုး)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/5785, Toyota Liteace , VAN (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးမိုဟာမက် ဟာကင် ၁၂/ပဘတ(နိုင်)၀၀၁၄၉၄ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## နှစ်ထပ်တိုက်သစ်
### အဲထူးလျှော့ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

ရွှေပြည်သာမြို့နယ်၊ ထန်းခြောက်ပင်၊ ပတ္တမြားဈေးအနီး၊ ထော်ပိုင်လမ်း၊ (၂၀'×၆၀'ပါမစ်ဂရန်မြေ)၊ နှစ်ထပ်အာ်စီ၊ အာ်စီမိုး၊ အောက်(၂)ခန်း၊ အပေါ်(၂)ခန်း၊ (အင်္ဂျင်ဒီယာ)၊ လျှပ်စစ်မီန်းမီတာနှင့် စပ်မီတာ(၄)လုံးပါရှိ၊ ဂျီးဖြူရေ၊ အာ်ဝီစီရေ၊ ဈေးနှုန်း(၇၅၀)သိန်း အလျှော့အတင်းရှိ။
စုံစမ်းရန်-ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ပုဗ္ဗသီရိမြောက်ရပ်)၊ သုခဒီပရပ်ကွက်မှ မြေရေယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၂၄၉၀)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးထင်ကျော် ၁၂/တတန(နိုင်)၀၅၃၉၅၉ (ဘ)ဦးအောင်မိုးမှ မြေချပါမစ်(စလစ်) မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၂၃၁၈)၊ ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ ဒေါ်ဇင်မေထွန်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၆/၂၀၂၀ လွှဲအပ်ခြင်းခံရသူ ဒေါ်မြတ်မို့မို့ ၇/သဝတ(နိုင်)၀၇၉၆၇၇ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးဖြိုးသူ ၉/ပမန(နိုင်) ၁၄၆၃၈၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကြည်လှဟန်
### ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ-Asian Tour
### အသက်(၆၁)နှစ်

မြန်မာ့ဂေါက်သီးလောကတိုးတက်ရေးနှင့် နိုင်ငံတကာဂေါက်သီးအားကစား လောကမှာပါ မြန်မာဆိုသောအမည်ကို ချပြခဲ့သော ဦးကြည်လှဟန်သည် ၁၉-၂-၂၀၂၂ ရက်(စနေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

နာယကများ၊ ဥက္ကဋ္ဌနှင့်
ဗဟိုအလုပ်အမှုဆောင်များ
မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈၀)တွင် တည်ရှိသော**ဦးရဲညွန့်အမည်ပေါက်ဖြစ်သောမြေကွက်အမှတ်(၁၁၃၉)**၊(၄၀×၆၀)ပေရှိမြေချပါမစ်အမျိုးအစားမြေကွက်နှင့်**ဒေါ်ခင်စန်းမြအမည်ပေါက်ဖြစ်သောမြေကွက်အမှတ်(၁၁၄၀)**(၄၀×၆၀)ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်တို့နှင့် ယင်းမြေကွက်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အားမြေချပါမစ်မူရင်းတို့နှင့်အတူ အဆက်အစပ်စာချုပ်စာတမ်းတို့ဖြင့်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်အေးအေးမြင့်(၁၃/တကန(နိုင်)၁၄၂၅၉၄)**မှ ၎င်းလက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံအဆိုပြု၍ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန် အတွက် စရံငွေပေးအပ်၍စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီးကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးအောင်ကိုကို LL.B**
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၁၈၂)
ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၄၄၅၀၅၆၃၆၊ ၀၉ ၉၄၀၇၂၅၅၈၁၊

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁-၂၀၂၂ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ (၃၀)ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် မြေကွက်အမှတ် ပ-၂၃၃၃၈ အစား ပ-၂၃၃၃၀ ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/5883, Daihatsu Hijet Pickup ယာဉ်လက်ဝယ်ရှိသူ ဦးတင်သုန္ဒရ ၆/မအရ(နိုင်)၀၈၈၁၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ ၄၀၊(၆)လမ်း၊ မြေကွက်အမှတ်(၁၉၉)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ ဦးအောင်ခိုင် (၁၂/လမန (နိုင်) ၀၁၈၀၄၀) (ဘီဂျီအယ်လ်အီး- ၀၁၁၉၀၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးအောင်ခိုင် ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၅၅/ ၂၀၂၂) ရထားသူ ဒေါ်ခင်ခင်မြတ် (၁၂/သဃက (နိုင်) ၀၆၇၅၆၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)
Hein Htet San Law Firm

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဥ်-၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၆)၊ ဗိုလ်စောဦး(၁)လမ်း၊ အမှတ်(၉၀၉)၊ အကျယ်အဝန်း(ပေ ၄၀xပေ၆၀) ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်သန်းသန်းအေး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ဖြစ်သည့် အိမ်နှင့်မြေအား ဝယ်ယူပိုင်ဆိုင်လက်ရှိထားနေထိုင်သူ ဒေါ်မြတ်သူဇာထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ၊ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇင်ဝင်းထိုက်(LL.B) — စဥ်-၁၂၂၂၄(၁၄-၃-၂၀၁၇)
ဒေါ်အိဇင်မာဆန်း(LL.B) — စဥ်-၁၀၅၀၆(၂၆-၃-၂၀၁၅)

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်(၅၇၄)၊ ဒူးယား(၄)လမ်း၊ ၅၀ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၇၂၄၀၂၁၈၈၊ ၀၉-၄၄၉၀၀၉၁၇၉

## အများသိရှိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၇၉)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ ၀ ဒသမ ၅၉၉၆ ဧက အကျယ်အဝန်းရှိ ဦးမျိုးအောင်အမည်ပေါက် ဂရန်မြေကွက်အားကျွန်မဒေါ်သန်းသန်းဟန်မှ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ မိတ္တူ၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၇/၂၀၁၅)တို့အရ လက်ရှိလက်ရောက် တရားဝင်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့် အပြည့်အဝရှိသော မြေကွက်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မမှ အဆိုပါမြေကွက်အား တရားဝင်နည်းလမ်းတကျပြန်လည် လွှဲပြောင်းရောင်းချမည်ဖြစ်ရာ မည်သူတစ်ဦးတစ်ယောက်မှ ကန့်ကွက်ခြင်းမပြုပါရန်နှင့် ကျွန်ုပ်အား ထိခိုက်နစ်နာဆုံးရှုံးစေရန် အကြောင်းမဲ့ပြုလုပ်ဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီအရေးယူဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဟန်
၉/မရမ(နိုင်)၀၄၂၄၀၇
အကွက်(၁၃)၊ ညောင်ကွဲရပ်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(က)
### ပန်းတောင်းမြို့နယ်တရားမရုံးတော်၌
### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၉

မောင်ကျော်ဆွေထွန်း နှင့် မစိုးစိုးလွင်
တရားလို တရားပြိုင်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံနေ တရားပြိုင် မစိုးစိုးလွင်(ဘ)ဦးသန်းလွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မောင်ကျော်ဆွေထွန်းက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ် မတ် ၁၀ရက် (၁၃၈၃ခုနှစ် တပေါင်းလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြမင်းဟန်)
မြို့နယ်တရားသူကြီး
ပန်းတောင်းမြို့နယ်တရားရုံး

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ နတ်ရေကန်လမ်းသွယ်(၆)၊ ဦးပိုင်အမှတ်(၁၃၁၃)ဟုခေါ်တွင်သော မြေဧရိယာ ၀ ဒသမ ၀၉၆၆ဧက၊ (၆၀'x၇၀')အကျယ်အဝန်းရှိ တကကစရ ကျော်တင်ထွန်း အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးချီကျင့်ဟုန်(ဘ) ဦးကျင်ပေါက် ၁၃/လရန(နိုင်)၂၇၀၃၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-
ဒေါ်နန်းနွန်မို(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၃၉၆)

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ် ရွှေညောင်မြို့ အောင်သပြေ နယ်မြေ(၄) အလက(၁) စဥ့်ဟယ်ကျောင်းမှ မူလတန်းပြဆရာမ ဒေါ်စန်းမြင့် ၁၃/တကန(နိုင်) ၀၆၀၀၈၈ ၏ ဖခင် ဦးမောင်နီ(ခ)ဦးကိုနီသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E-8676 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၉/ကပတ(နိုင်)၁၆၉၀၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသေဋ္ဌိလာ ဘိဝံသ မဟာထေရ်
### နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု
### အဂ္ဂမဟာပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ
### သက်တော်(၉၃)နှစ် သိက္ခာတော်(၇၃)ဝါ

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်၊ မင်းကျောင်းစာသင်တိုက်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ (၂)ရပ်ကွက်၊ မူလဓမ္မရက္ခိတ ကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက ဖြစ်တော်မူသော ကျေးဇူးတော်ရှင် သက်တော် ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသေဋ္ဌိလာ ဘိဝံသ မဟာထေရ်မြတ်ကြီးသည်(၁၃၈၃ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်) ၂၀-၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၂၀နာရီတွင် ရန်ကုန်မြို့၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော် ဒါယ ကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူသွားသော သက်တော်ရှည်ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ ကျေးဇူးနှင့်ဂုဏ်အလုံးစုံကိုအာရုံပြုကာ (၁၃၈၃ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်) ၂၆-၂-၂၀၂၂ ရက်(စနေနေ့) နံနက် ၅နာရီတွင် ရက်လည်ဆွမ်းကျွေးကုသိုလ်ပြုပွဲပြုလုပ်မည် ဖြစ်ပါသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ မူလဓမ္မရက္ခိတ ကျောင်းတိုက်သို့ တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**တပည့်သံဃာတော်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူး ကိုကိုလေး(ငြိမ်း)(OTS – ၅၆)
### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဇေယျာခေမာလမ်း၊ အမှတ် ၇၅နေ ဒေါ်သန်းသန်းဌေး ၏ ချစ်လှစွာသောခင်ပွန်း ဖြစ်သူ ဗိုလ်မှူး ကိုကိုလေး (ငြိမ်း) သည် ၂၀-၂-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ကောင်းမွန်မြင့်မြတ်ရာ ရောက်ပါစေ။

**OTS – ၅၆ (စည်သူတပ်ခွဲ)မှ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာ ဦးမျိုးမင်း
### နား၊ နှာခေါင်း၊ လည်ချောင်း ပါမောက္ခ/ဌာနမှူး(ငြိမ်း)
### အသက် (၈၂)နှစ်

နား၊ နှာခေါင်း၊ လည်ချောင်း ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာ ဦးမျိုးမင်း သည် ၂၀-၂-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ**
**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်**
**လည်ပင်း ခွဲစိတ်ဆရာဝန်များ**

## ဒုတိယဗိုလ်မှူးကြီး ကျော်တင့်(ငြိမ်း)
## ကြည်း-၇၇၂၂
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်(၁)၊ တိုက်(၂၉၆)၊ အခန်း(၄)နေ (ဦးသန်းညွန့်-ဒေါ် အေးရှင်)တို့၏သား၊ (ဦးဘကျော်-ဒေါ်သန်း)တို့၏သားသမက်၊ (ဒေါ်စိန်စိန်)(ရုပ်ရှင်သရုပ်ဆောင်တေးသံရှင်)၏ ခင်ပွန်း၊ ဦးတင်အောင်ဝင်း-ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊ ဦးသိန်းထွန်း-ဒေါ်ဥမ္မာစိန်၊ ဦးထင်ဝင်းကျော်-ဒေါ်မြင့်မြင့်ဦး၊ ဦးဇော်ထွန်းကျော်-ဒေါ်နုနုယဉ်၊ ဦးသိန်းလင်းကျော်-ဒေါ်ဌေးဌေးဝင်း၊ ဗိုလ်ကြီးအောင်ဦးကျော်(ငြိမ်း)-Drဥမ္မာတင်၊ (ဦးရန်အောင်ကျော်)၊ ဦးသူရကျော်-ဒေါ်ယဉ်မျိုးကျော် တို့၏မွေးသဖခင်၊ ဗိုလ်မှူးကျော်စွာသူရ-Dr ဝတ်ရည်ကျော်တင့်၊ ရဲလင်းထွန်းကျော်-အင်ကြင်းခိုင်၊ နေမျိုးသူ-ဝင်းလဲ့ဝတ်မှုံ၊ အိအိကျော်၊ ဝေလွင်ထက်နိုင်-ဖွန်ထက်ပွင့်၊ ဗိုလ်ကြီးကျော်ရဲသန့်-ဆုစန္ဒီရွှေတင်ထက်ဝင့်၊ Drဥက္ကာကျော်ခန့်၊ သိန်းကိုကိုကျော်၊ သိန်းညီညီကျော်၊ ဇာနည်ထွန်း-အေးသန္တာဝင့်၊ မေပြာသို၊ ထက်ထက်အောင်၊ လမင်းဖြူ၊ ဗမ္မာထွန်းတို့၏အဘိုး၊ အောင်စွမ်းရည်၊ သန့်သက်ထူးစံ၊ ကောင်း ကုဋ္ဌေထွန်း၊ ဖူးသစ်သွန်းစံ၊ သွန်းသံသာ တို့၏ဘေးသည် ၂၀-၂-၂၀၂၂ရက်(တနင်္ဂနွေနေ့) ည ၉:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၂ရက်(စနေနေ့) တွင်ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

လေးစားချစ်ခင်ရပါသော ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဒေါက်တာဦးမျိုးမင်း [ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ နား၊ နှာခေါင်း၊ လည်ချောင်း]သည် ၂၀-၂-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခ ဒေါက်တာဘုန်းမြင့်ထွန်း-ဒေါ်စန်းစပယ်ဝင်း**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်များ၏ ဖခင်သဖွယ် တန်ဖိုးထား လေးစားအားကျရသော အစားထိုး၍မရနိုင်သော ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဦးမျိုးမင်း[ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) ၊ နား၊ နှာခေါင်း၊ လည်ချောင်း] သည် ၂၀-၂-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်**
**လည်ပင်းခွဲစိတ်ကု ပညာအဖွဲ့ငယ်**

## ဦးကျော်လွင်ဦး(ခ)ကိုကျော်ကျော်
### MIP(Myanmar Industrial Port)
### အသက် (၄၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ အမှတ် ၉၊ မင်္ဂလာလမ်းနေ (ဦးဒီကေဂို့ရှ်-ဒေါ်ဂျင်နီ)၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက် ၂၀၃၊ အခန်း ၁၀နေ (ဦးညီညီ-ဒေါ်ကြည်ကြည်)တို့၏ မြေး၊ (ဦးမျိုးသန့်အောင်)(Sonny Ghosh)မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း- ဒေါ်ခင်မာရီ)၊ (မတူးတူး)တို့၏သားကြီး၊ ဒေါ်သက်သက်(Baby Ghosh)-ဦးငွေထွန်း၊ ဦးအောင်ခင်(Henry Ghosh)-ဒေါ်သန်းသန်းဝင်း၊ ဦးသက်အောင်(Bobby Ghosh)-ဒေါ်သိန်းသိန်းလွင်၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက် ၂၀၃၊ အခန်း ၁၀နေ ဒေါ်ခင်မာကြည်-ဦးမျိုးမြင့်တို့၏တူ၊ ဒေါ်မိုးသူဇာအောင်-ဦးဖြိုးကျော်သူ တို့၏အစ်ကိုကြီး ဦးကျော်လွင်ဦး(ခ)ကျော်ကျော်သည် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်တင်နု(ကုတ်ကိုင်း)
### အသက်(၉၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ လုံးသွယ်(၁)လမ်း၊ အမှတ်(၁၃၅)နေ ဦးယွန်း-ဒေါ်ပန်းခိုင်တို့၏သမီး၊ (ဦးဘသွင်)၏ ချစ်လှစွာသောဇနီး၊ သူရဦးဆွေဝင်း၊ ဒေါ်မြင့်သီတာ၊ ဦးခင်ဆွေ-ဒေါ်သိန်းမှန်တို့၏မိခင်၊ ဦးကျော်သူရဝင်း-ဒေါ်ခိုင်ဇာလင်း၊ ဦးအောင်ဇော်သီဟ-ဒေါ်ယမင်းပပလှိုင်၊ ဦးမြတ်မောင်မောင်-ဒေါ်မြမဥ္ဇူဝင်း၊ ဦးရဲဇေယျာဝင်း-ဒေါ်မေယုနန္ဒာစံ၊ ဦးစည်သူ-ဒေါ်အေးမြတ်မြတ်ကြည်၊ ဦးမျိုးမင်းသန်း-ဒေါ်မာမာမင်း၊ ဦးမျိုးသူတို့၏အဘွား၊ မောင်အောင်ခန့်ဘုန်း၊ မမေသူထိုက်၊ မသင်းသီရိအောင်၊ မောင်ဇွဲကောင်းခန့်ဝင်း၊ မောင်ကောင်းဆက်မင်း၊ မောင်ပြည့်မြင့်မြတ်၊ မောင်လင်းသန့်မောင်၊ မဟန်နရီကို၊ မအိမ့်ချမ်းမြေ့၊ မစုယွန်းပိုးအိမ်၊ မောင်ဖြိုးသန့်ကို၊ မောင်အောင်ဘုန်းမြတ်၊ မလင်းလက်မေတို့၏ဘွားဘွားကြီးသည် ၂၁-၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၀:၁၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်စောဝင်း
### ရုံးအုပ်(ငြိမ်း)
### ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
### တိုက်ကြီး
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ၃၉(ခ) ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ်(၆၃၇)နေ (ဦးဖိုးရှမ်း-ဒေါ်သိန်း)တို့၏သမီး၊ (ဦးဘသန်း)(ဌာနခွဲမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ဇနီး၊ ဦးအုံမော်၊ ဦးမိုးကျော်-ဒေါ်ဝေဝေကျော်၊ ဦးလှမျိုးသန်း- ဒေါ်ဝင်းဝင်းမော်၊ ဒေါ်အမာဖြူ-ဦးမိုးကျော်တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၁၁:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၂၂ရက်(စနေနေ့) နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဝင်းမြင့်(ပ/၃၀၇၆) အောင်ဆန်း(၁၁)
### ခရိုင်အုပ်ချုပ်ရေးမှူး(ငြိမ်း)
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက် (၇၀) နှစ်

ရန်ကုန်မြို့နေ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး (ငြိမ်း) ဦးဝင်းမြင့်သည် ၂၁-၂-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၂၂ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အောင်ဆန်း(၁၁) မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး ဦးသန်းဌေး(ဝေဒ)
### အဖွဲ့ဝင်
### မြန်မာနိုင်ငံ ပြက္ခဒိန် အကြံပေးအဖွဲ့
### အသက် (၇၅)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ အဖွဲ့ဝင်ဆရာကြီး ဦးသန်းဌေး(ဝေဒ) သည် ၂၁-၂-၂၀၂၂ရက် နံနက် ဝ၀:၃၇နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**အနုပညာဦးစီးဌာန**

## ဦးရှိန်ဟန်(B.Sc,Forestry)(၁၉၆၆-၇၂)
### လက်ထောက်အထွေထွေမန်နေဂျာ(သစ်ထုတ်ရေး-ငြိမ်း)
### မြန်အောင်မြို့
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ(၁) လမ်း၊ အမှတ်(၁၁၄၃)နေ ဒေါ်ခင်စန်းယဉ်၏ခင်ပွန်း၊ (ဦးမိုးဇော်လှိုင်)(EE)(အလုံခာတ်အားခွဲရုံ)-ဒေါ်မိုမိုဟန်၊ (မညီညီဟန်)(၁၉၉၃ ပခုက္ကူ)တို့၏ ဖခင်၊ မဟေသာဇော်(တတိယနှစ်၊ စီးပွားရေးတက္ကသိုလ်-ရန်ကုန်)၊ မောင်ဇေယျလင်းထက်တို့၏အဘိုးသည် ၂၀-၂-၂၀၂၂ရက်(တနင်္ဂနွေနေ့) ၃:၅၅နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၁-၂-၂၀၂၂ရက်(တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမူ
### (ကကဌေ ဝန်ထမ်းဟောင်း)
### အသက် (၇၀) နှစ်

(ဦးဘဟိန်း-ဒေါ်ညွန့်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၈နေ ဦးအောင်ကြီးမြင့်(ကကဌေ ဝန်ထမ်းဟောင်း)၏ဇနီး၊ ကိုဉာဏ်ထွန်း-မစန္ဒာခင်၊ ကိုနေလင်းထက်-ဒေါက်တာ ခင်သီတာအောင် တို့၏မိခင် သည် ၁၈-၂-၂၀၂၂ ရက် ၁၂:၀၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ဝင်းဝင်းမေ
### ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မဓူရာလမ်း၊ Royal Mg Bamar Residence၊ အမှတ်(၁၅)၊ အခန်းအမှတ်(1/A)နေ (ပါဠိပါမောက္ခ ဦးလှအောင်-ဒေါ်ကြည်ကြည်)တို့၏သမီး၊ (ဦးအောင်ကြည်မိုး)(ညွှန်ကြားရေးမှူး-ငြိမ်း၊ ရေနံဓာတု)၏ဇနီး၊ ဒေါ်အေးအေးကြည် (ဒေါ်စုစုဝင်း)၊ ဒေါ်သင်သင်နွယ်တို့၏မိခင်သည် ၂၀-၂-၂၀၂၂ရက် နံနက် ၃:၃၀နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာ ရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၂၂ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးမျိုးမင်း
### ပါမောက္ခ /ဌာနမှူး (နား-နှာခေါင်း-လည်ချောင်း)(ငြိမ်း)
### အသက်(၈၂)နှစ်

M.E.H.S/အထက (၁)ဒဂုံ ကျောင်းသား/သူဟောင်းများ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာခင်မျိုးဟန်၏ ချစ်လှစွာသော ခင်ပွန်း ဒေါက်တာ ဦးမျိုးမင်း အသက်(၈၂)နှစ်သည် ၂၀-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**M.E.H.S/အထက (၁)ဒဂုံ ကျောင်းသား/သူဟောင်းများ**
**အလုပ်အမှုဆောင်အဖွဲ့**

## ဦးကြည်လှဟန်
### အသက် (၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးကြည်ဟန်)-ဒေါ်လှရင် တို့၏သား၊ စင်ကာပူနိုင်ငံနေ Mrs.Marlene Han ၏ ချစ်လှစွာသောခင်ပွန်း၊ Ms.Natasha Han, Ms.Kaitlyn Han တို့၏ ချစ်လှစွာသောဖခင်၊ ဦးညွန့်ဟန်၊ ဦးသိုက်ဟန်၊ ဦးချမ်းဟန်-ဒေါ်မြတ်မြတ်မိုးတို့၏ညီ၊ ဒေါ်ထွေးလှဟန်၊ ဒေါက်တာ ဝင်းစည်သူ-ဒေါက်တာ စုလှဟန်၊ ဦးအောင်လှဟန်-ဒေါ်စိမ့်စမ်းသွယ်တို့၏ အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ ဦးလေး သည် ၁၉-၂-၂၀၂၂ ရက် စင်ကာပူဒေသစံတော်ချိန် ညနေ ၃:၂၈နာရီတွင် စင်ကာပူနိုင်ငံ National University Hospital တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်

**"တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်နေသည့်၊ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ထိန်းသိမ်းဆောင်ရွက်ပေးသူ (Guardian) အဖြစ် စိတ်ဓာတ်ခံယူ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရန် လိုအပ်သည်"**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ မိုင်းပျဉ်းတပ်နယ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ခိုလမ်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ် (Convention on the Prevention and Punishment of the Crime of Genocide) ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် တရားစွဲဆိုခဲ့သည်။

ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ တရားရုံးတွင် စီရင်ခွင့်မရှိကြောင်း၊ ဂမ်ဘီယာနိုင်ငံအနေဖြင့်လည်း တရားစွဲဆိုခွင့်မရှိကြောင်း ကနဦးကန့်ကွက်လွှာကို မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် တင်သွင်းခဲ့သည်။ မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာနှင့်ပတ်သက်သည့် ကြားနာမှုကို နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၈ ရက်အထိ ပြုလုပ်လျက်ရှိသည်။

အထက်ပါ ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ ပထမအကြိမ် နှုတ်ဖြင့် လျှောက်လဲမှုကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားလှယ် (Agent) ဖြစ်သူ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာ ရှေ့နေများက မြန်မာနိုင်ငံက

စာမျက်နှာ ၇ ကော်လံ ၅ ✪


ယနေ့ သတင်းအညွှန်း

**ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်း သင်ခန်းစာများ (၄)**
အကြမ်းဖက်ကို တိုက်ထုတ်ပြီးမှ အကြမ်းဖက်ထံသာ အာဏာပြန်အပ်ခဲ့ရတဲ့ အမေရိကန်တို့ရဲ့ သင်ခန်းစာ
ဆောင်းပါး စာ - ၈

ဂျပန်နိုင်ငံ၌ ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှုများ စတင်
နိုင်ငံတကာသတင်း စာ - ၁၂

ဖေဖော်ဝါရီ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၉၇ ဦး တွေ့ရှိ
ပြည်တွင်းသတင်း စာ - ၁၅




၂၀၁၉ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ် တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ-MFF

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၂ အာဆီယံ ဖူဆယ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၂ အာဆီယံ ဖူဆယ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲမကျင်းပမီ နှစ်လဝန်းကျင် အလိုတွင် အုပ်စုမဲခွဲပွဲ ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာအသင်းသည် ဗီယက်နမ်၊ ဩစတြေးလျ၊ တီမောတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ ပြိုင်ပွဲကို ဧပြီ ၃ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Huamark Indoor Stadium ၌ ပြုလုပ်မည်ဖြစ်သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ✻